www.burmeseclassic.com

# ကိုပိုက်

## မစ္ဆရိယမိတ်ကား မြွေသားကြမ္မာ



ဒုတိယအကြိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၀၇၁၀၀၇

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၅၆၁၁၀၇

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်

(ဧပြီလ- ၂၀၀၈)

အုပ်ရေ (၅၀၀)

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် (၁၇၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်တင်တင်ဝေ (၀၃၇၆၈)၊ မိုးမြင့်စာပေ

အမှတ် (၇၅)၊ ၄-လွှာ၊ ဓမ္မစိန္တာလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပလင်**

ဇမ္ဗူရာဇ်

**မျက်နှာဖုံးပန်းချီ**

(K)ဘသက်း

**ကွန်ပျူတာစာစီ**

***Asia Born (Desktop Publishing & Media Group)***

***Ph : 727709***

တန်ဖိုး - ၈၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးဝတ္ထုများ
ကြိုက်နှစ်သက်သော
စာဖတ်သူများအတွက်
ရည်ညွှန်းပါသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပညာရဲရင့်စာပေ မှ ထွက်ရှိပြီး **ကိုမိုက်** ဝတ္ထုများ

၁။ အပျိုမ၊ မေနှင့်တွေ့တုန်းတွေ့နိုက်၊ တွေ့ရာတွေးမိ စကားလက်ဆုံ
၂။ ၂၀၀၁ မှဆိုးများ
၃။ ကြုံဆုံခဲ့ရ မှဆိုးတ၀
၄။ ဗိုညာဦကလဲ့စား
၅။ အင်ကြင်းဝက်ပါ
၆။ လောကငရဲပြန်
၇။ နှာလည်ခြင်း
၈။ သေမင်းတမန်မုဆိုး
၉။ ဝီးလေလာင်ကုန်းရွာသူ
၁၀။ ထူးဆန်းသောနလုံးသားနှင့်လူ
၁၁။ အင်းဒုံဖွဲ့တောက မာယာတဲစု
၁၂။ လပြည့်ဝန်းရဲ့မုဆိုး
၁၃။ စိတ်ကြိုက်မုဆိုး
၁၄။ သံသယသားကောင်ကြောင့်
၁၅။ မပြတ်သောသံယောဇဉ်ကြောင့်
၁၆။ ကံကြမ္မာ၏သားကောင်
၁၇။ အားကိုးရာကျည်နှစ်တောင့်
၁၈။ မေတ္တာစွမ်းရည်နှင့်မုဆိုးများ
၁၉။ အမိုက်ကာစတဲ့ ပြာသာဒ်မီး
၂၀။ တစ်ယူသန်
၂၁။ အိုမစွမ်းပြီ သခင်မဒေဝီ
၂၂။ ဇာတ်သိမ်းမလှ အတ္တလူသား
၂၃။ ရတနာမြစ်နှင့် ထူးဆန်းသောကြောင်နက်များ
၂၄။ ကံကောင်း၊ ကံမကောင်း၊ ကံကောင်းလေပြီး
၂၅။ သားကောင် တစ်ဖြစ်လဲမုဆိုး
၂၆။ ဝေး၍ဝေးကာဝေးနေဆဲပါ
၂၇။ သွေးအေးလူသတ်သမား
၂၈။ တစ်ချက်မှားတော့တစ်သက် မုဆိုးများ
၂၉။ ထူးဆန်းသောရန်ကောင်နှင့် မုဆိုးများ
၃၀။ အုံဖွယ်လူသတ်ကောင်နှင့်မြားမှူးမျောက်
၃၁။ ပြဒါးသည်သံ သံသည်ပြဒါး
၃၂။ ကြမ္မာဆိုးနှင့်မုဆိုးများ
၃၃။ ကျေးစွတ်သူ၏ကြမ္မာ
၃၄။ မုဆိုးရဲ့အနာဂတ်တစ္ဆေ
၃၅။ ခါးကုန်းကြီးဘုမောင်

**ယခုလ**

၃၆။ မစ္စရိယစိတ်ထား မြေသားကြမ္မာ

www.burmeseclassic.com

www.burmeseclassic.com

# မစ္ဆရိယစိတ်ထား မြေသားကြမ္မာ (၇)

ဘယ်လိုဖြစ်ရလေသည် မသိ။ သည်တော သည်တောင် သည်လမ်း သည်ခရီး လာနေ၊သွားနေကျပေပဲ။ တောတိုးလွန်ခဲ့ချေပြီကော။ သို့ဖြစ်ရခြင်းသည်လည်း ဇာကြောင့် သားကောင်ရလိုဇောကြောင့် ဖြစ်သည်။

မနက်က သူ ပျဉ်းမတော ရောက်သည်တွင် ရေအိုင်ငယ်လေးအစပ်၌ တောဝက်ပျိုတစ်ကောင် တွေ့လေ၏။

တောဝက်ပျိုလေးဆိုဖြား အချိန်ဆယ်ငါး၊ နှစ်ဆယ်ခန့်ရှိပြီမည်။ သည်[illegible]ကောင်ရလိုက်လျှင်ဖြင့် သူ ဟန်ကျချေပြီ။

သူ စမ်းသာအားရ ဖြစ်မိသည်။

ပစ်မှတ်သည်လည်း ဝေးလှသည်မဟုတ်။ သို့ပေမင့် သူချောင်းမြောင်းနေသည့်နေရာတွင် ချုံနွယ်တို့ ထူထပ်စွာရှိနေ၏။

ချုံကွယ်မှထွက်၍ လွတ်လွတ်လပ်လပ် ပစ်မှတ်နေရာရွေ့လိုက်ပြန်လျှင်လည်း တောဝက်ပျိုသည် သူ့ကို မြင်သွားနိုင်လောက်၏။

www.burmeseclassic.com

www.burmeseclassic.com

# (၁) တိုပိုက်

အသံ့တွက်မှု တောဝက်ကောင်သည် ရေအိုင်ငယ်တစ်ဘက်မှ သူနှင့် ချက်နှာခုင်းဆိုင်၌ ရှိနေခြင်းကြောင့် ဖြစ်သည်။

အကယ်၍ ကျောပေးနေခြင်း၊ ဘေးတိုက်အနေအထားရှိပါက အကြောင်းမဟုတ်။

တောဝက်ပျိုကောင်သည် ရေအိုင်မှ ရေကို ငုံ့သောက်လိုက်၊ ခေါင်းမတ်လိုက်၊ ရှေ့ဝဲယာ တစ်ဘက်တစ်ချက် ကြည့်လိုက်ဆိုတော့ကာ သူ့ကိုလူလုံး မဟုတ်တောင် ရိပ်ခနဲ တွေ့လိုက်သည်နှင့် တစ်ချိုးတည်း ပြေးထွက်သွားမည့် အကောင်ဖြစ်သည်။

သို့ဆိုတော့ သူသည် မလွှတ်မလပ် ချုံနွယ်နောက်မှပင် ပစ်ရပေတော့မည်။

အတက်နိုင်ဆုံး ပစ်မှတ်ကို ငြိမ်အောင်စောင့်ချိန် ပစ်လိုက်သည့်။

"ဒိန်း. . ."

လွဲချော်သွားခြင်း မရှိပေမင့် လဲပြိုသွားနိုင်လောက်သည့် ပစ်မှတ်နေရာ လွဲသွားတော့၏။

"ကျွီးစ်"

အလှမ်းဝေးလွန်းလှသည် မဟုတ်သည်ကြောင့် နာကျင်မှုကြောင့် အော်ဟစ်လိုက်သည့် အသံသဲ့သဲ့ကိုတော့မှု ကြားလိုက်ရ၏။

သွေးရူးသွေးတန်း ပြေးသွားလေသည်ကား၊ အနာတရလေး လောက် ဒဏ်ရာဖြင့် ပြေးသွားလေခြင်းလား မသိချေ။

"တောက်"

သူသည် မဆီမဆိုင် ချုံနွယ်ပင်ကို သေနတ်ဒင်ဖြင့် ယမ်းခါရိုက်လိုက်ပြီး တောဝက်ပျိုကောင် ပြေးသွားရာဘက် လှမ်းကြည့်လိုက်၏။

အောက်ပေါင်းရှုပ်သော ချုံနွယ်ပင်တို့ကြား ပြေးဝင်သွားသည့် တောဝက်ပျိုကောင်၏ နောက်သို့လိုက်ရန် ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတော့ ရသွားချေပြီပဲ။

တခြားသားကောင် အသစ်ရှာပစ်ခြင်းထက် ဒဏ်ရာအနာတရ ရသွားသော တောဝက်ပျိုကောင်နောက် လိုက်ခြင်းက ပိုကောင်းလိမ့်မည်ဟု တွက်လိုက်ကာ ထိုနေရာလောက်မှ ထွက်ကာ တောဝက်ပျိုကောင် ပြေးသွားရာနောက် ခပ်သုတ်သုတ် ခြေလှမ်းတို့ဖြင့် လိုက်ခဲ့လေတော့သည်။

ဒဏ်ရာရ သားကောင်နောက်လိုက်သည်ဆိုတော့ သူ့တွင် ဇောကပ်နေသည်။ တောဝက်ပျိုကောင်ကိုသာ တွေ့ဖို့ လိုက်မီဖို့သည်သာ သူ့စိတ်တွင် ဖြစ်နေ၏။ ချုံနွယ်ပင် အခက်အလက်အရွက်တို့တွင် သွေးစက်ခြေရာ ရလိုက်သည်ဆိုတော့ ပိုဆိုးချေပြီပေါ့။

သွေးစက်ခြေရာ နောက်ခံလိုက်ခဲ့သည်မှ အတော်အတန် ခရီးပေါက်ခဲ့ချေပြီ ဖြစ်သည်။ မောဟိုက်လို့ပင် လာတော့၏။

စိတ်ပါတ်ပင် ကျလာချေပြီဖြစ်၏။

နောက်ပြန်လှည့်ဖို့ပင် စိတ်ကူးမိသည်ဆိုငြား သွေးစက်တို့ တွေ့နေရဆဲဖြစ်သည်ကြောင့် ဆက်လိုက်ခဲ့ပြန်တော့သည်။

သည်ထိအောင် လိုက်ခဲ့ပြီးလေမှ သူ့လက်မလွှတ်ချင်တော့။ ဆက်လိုက်ခဲ့မိပြန်၏။ သို့ပေမင့် အလေ့ာတကြီးတော့ မဟုတ်ချေ။

ခြေကုန်လက်ပမ်းကျနေသည်ကော။ ဖြည်းဖြည်းမှန်မှန်တော့ လျှောက်ခဲ့လေခြင်း ဖြစ်သည်။

"ဘုတ်" "ဘုတ်" "ဘုတ်"

"ဘုတ်" "ဘုတ်" "ဘုတ်"

သို့အသံကြောင့် သူ့ရပ်လိုက်သည်။ နားစွင့်လိုက်သည်။

အသံလာရာသို့ လှမ်းကဲကြည့်လိုက်သည်။

သူ့စိတ်ထင် ရှေ့ခပ်လှမ်းလှမ်း ဆူးချုံပင်တို့ နောက်ဘက်မှ လာသောအသံ ဖြစ်သည်ဟု တွက်လိုက်ပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# (၁၀) ကိုပိုက်

ဘာကောင်ရယ်လို့တော့ မသိ။

သို့ဖြစ်၍ သူသည် သေနတ်ပြောင်းကို အရံသင့် ပစ်ခတ်နိုင်ရန် ရှေ့သို့ထိုးချိန်လျှက် အသံလာရာသို့ ချဉ်းကပ်သွားလိုက်၏။

သို့ဖြင့် ဆူးချုံနွယ်တို့နား ရောက်သည်တွင် ချောင်းမြောင်းကြည့်လိုက်၏။

"ဟင်"

သူထိတ်လန့်သွားသည်။

ကြောင်လွန်း၍ သူ တုန်လှုပ်လို့ပင် သွားတော့၏။

"ဘုတ်" "ဘုတ်" "ဘုတ်"

ဟင်းကောင် (ကျား)ကြီး ဖြစ်နေတော့၏။ သူ့ကို ကျောပေးလျှက် အနေအထားမှ အမြီးကို ပုတ်ခတ်နေခြင်းဖြစ်၏။

သူ လှည့်ပြန်ဖို့ရာလည်း မဖြစ်နိုင်။ နောက်ကျောလုံ နိုင်လိမ့်မည်မဟုတ်။ ဟင်းကောင်(ကျား)ကောင်ကြီး ရှေ့ဆက်သွားဖို့ ရာလည်း လတ်တလော မဖြစ်နိုင်မှန်း သိလိုက်၏။ ဘယ့်တွက်မူ ဟင်းကောင် (ကျား)သည်သူ့ရှေ့ရှိ တောဝက်ပျိုကောင်ကို အကျအနထိုင်လျှက် ပွဲတော်တည်နေခြင်းကြောင့် ဖြစ်သည်။

သူပစ်လိုက်သော တောဝက်ပျိုကောင်ဖြစ်နိုင်၏။ သို့တွက်မိလိုက်သည်ကြောင့် ဟင်းကောင်(ကျား)ကို ကြောက်ရွံ့ခြင်းမှ အတွေးရိုင်းလေးတစ်ခု ဝင်လာတော့၏။

သူ့ကို ကျောပေးနေသည်ပဲ။

အာသာငမ်းငမ်း အစာမဲနေသည်ပဲ။ သူနှင့်ဆိုပါလျှင် ကိုက် (၅၀)လောက်သာ ဝေးခြိမ့်မည်။

ရှေ့မှတိုးသာ နောက်မဆုတ်သာ ဖြစ်နေသည်မှ ရရှိလိုက်သော အခွင့်အရေးကို အရယူရန် အတွေးရိုင်းလေး ဝင်သွားတော့သဖြင့် သူ့လက်တွင်းရှိ သေနတ်ဖြင့် လှမ်းချိန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အတတ်နိုင်ဆုံး စိတ်ကို တည်ငြိမ်အောင် ထားလိုက်သည်။

စိတ်တည်ငြိမ်မှု ရသွားသည်တွင် ပစ်မှတ်ကို သေချာအောင် ထပ်ချိန်လိုက်ပြန်၏။

သူ့လက်တွင်းရှိ သေနတ်ကို သူ ယုံကြည်မှုအပြည့်ရှိ၏။

ရိုင်ဖယ်သေနတ်ပေပဲ။

လွဲချော်မှု မဖြစ်ဖို့ရန်သာ အဓိကဖြစ်သည်။

လွဲချော်မှု မဖြစ်ဖို့ဆိုတာကလည်း စိတ်တည်ငြိမ်ဖို့လို၏။ စိတ်ငြိမ်လျှင်၊ သေနတ်ပြောင်းငြိမ်လျှင် ကျည်လမ်းကြောင်းကို ချော်သွားရန် အကြောင်းမရှိ။ သို့ဆိုလျှင် ကျားကောင် 'ကားခနဲ' ဖြစ်သွားဖို့ရာ သေချာ၏။ သို့ကြောင့် သူသည် ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက် ချလိုက်ပြီးသည်နှင့် မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်တော့သည်။

'ဒိန်း'

ပြင်းထန်သောယမ်းအား ပေါက်ကွဲသံနှင့်အတူ ဟင်းကောင် (ကျား)သည် ရှေ့သို့ ငိုက်ကျသွားတော့၏။

'ဟူး'

သည်တော့မှ သူ သက်ပြင်းချလိုက်ရတော့သည်။

ဟင်းကောင်(ကျား) နည်းနည်းလေးမှ မလှုပ်တော့ချေ။

အရုပ်ကြိုးပြတ်လို့ပင် ပြောရတော့မည်။

သို့ဆိုလေတော့ သူကိုယ်သူလည်း အံ့ဩသွားမိသည်။

သူ့မှဆိုးတစ်သက်တွင် ဟင်းကောင်(ကျား)ကို ပစ်ဖူးခြင်းဖြစ်၏။ အံ့ဩဝမ်းသာမှုများစွာဖြင့် တဒင်္ဂတော့ဖြင့် မှင်တက်သွားသည်။

လွန်မင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

စိုင်ကော်လို့ချုပေါ် ရောက်သွားရသည့် ကိန်း။

သူသည် ဟင်းကောင်(ကျား)သေကြီးနားသွားကာ သက်နှစ် ခက်နှင့် ခြေနှစ်ဖက်၊ ဖနောင့်ကြောတို့ကို ကပျာကသီ လေးဖြင့်ဖြိုးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ထိုသည်ကား မုဆိုးတို့ မမေ့မလျော့ လုပ်ရမည့်အလုပ်ဖြစ်သည်။ သို့ဆိုတော့ အပမှီ၍ ထပြေးသွားနိုင်တော့မည်လည်း မဟုတ်။ သတိလစ် မေ့မျောနေခြင်းဆိုသော်လည်း သတိပြန်လည် လာသည်တွင် ထပြေးသွားနိုင်လိမ့်မည်လည်း မဟုတ်ပါချေ။

သူသည် သွေးသံရဲရဲဖြင့် မလှုပ်မယှက်ရှိနေသည့် ဟင်းကောင် (ကျား)ကို ကျေနပ်စွာကြည့်ပြီး ထိုနေရာလေးမှ ခပ်သွက်သွက် ထွက်ခဲ့တော့၏။

အနီးတစ်ဝိုက်တွင် သစ်ခုတ်၊ ဝါးခုတ်သမားတို့ကို သွားရောက် အကူအညီတောင်းရန် ဖြစ်သည်။

ကျားကောင်သေကြီးကို သူတစ်ယောက်တည်း ဘယ်လိုထမ်းပိုး ရွာပြန်နိုင်ပါ့မလဲ။

ကံအားလျော်စွာပင် မီးတွင်းကုန်းရွာသား သစ်ခုတ်သမား နှစ်ယောက်ထံ အကူအညီတောင်းခံလိုက်ရတော့၏။

သည်သို့ဖြင့် သူသည် မီးတွင်းကုန်းရွာနှင့် မဝေးလှသော မီးလောင်ကုန်းရွာသို့ ကျားကောင်သေကို အကောင်လိုက်ထမ်း ပြန်လာနိုင်ခဲ့တော့သည်။ ရွာသူရွာသားများက တအံ့တသြ ဖြစ်နေကြတော့၏။

'ဟဲ့ . . . ဟုတ်ကော ဟုတ်ကဲ့လားဟယ်၊ နင်ကျားပစ်လာတယ် ဆိုတာမဖြစ်နိုင်ပါဘူး၊ နို့မှမဟုတ်လည်း မီးတွင်းကုန်း ရွာသားနှစ်ယောက် ရဲ့ အကူအညီနဲ့ ပစ်ခတ်လိုက်တာ ဖြစ်မှာပေါ့။ နင်တစ်ယောက်တည်း အစွမ်းနဲ့တော့ မဖြစ်နိုင်ပါဘူး'

သို့ဆိုသလို မယုံချင်ကြချေ။

သူ ဘာမှမပြောလိုတော့ပြီ။ သူ့အကြောင်းသူသာ အသိဆုံး မဟုတ်ပါကလား။

www.burmeseclassic.com

www.burmeseclassic.com



မယုံကြသူတွေကိုလည်း သူအံ့ဖြစ်မပြောလို။ သူကိုယ်၌ကပင် သူကိုယ်သူ အံ့သြနေသည်ပဲ။

ထိုသည်ကား အိပ်မက်မဟုတ်၊ စိတ်ကူးမဟုတ်။ တကယ်ဖြစ်သွားခြင်းပင်။ သူတို့ မီးလောင်ကုန်းရွာမှ မုဆိုးကြီးတွေပင် မဟုတ် ထိုတောတောင်အတွင်း စားကျက်ချနေသည့် မည်သည့်မုဆိုးကျော်ကြီးမျှပင် ဟင်းကောင်(ကျား)ကို ပစ်ခတ်ရခဲ့ဖူးခြင်း မရှိကြပါချေ။

'မီးလောင်ကုန်းရွာသား မုဆိုး 'ဖိုးတေ' ဟင်းကောင်(ကျား) တစ်ကောင် ပစ်ရလိုက်သဟေ့' ဆိုသည့် သတင်းသည် ပျံ့လွင့်သွားတော့၏။

နာမည်ကြီးချင်တော့လည်း ခက်ခက်ခဲခဲ စွန့်စားလိုက်ရခြင်းပင် မရှိ။ အံ့ဖွယ်ကောင်းသည့် ကံကြမ္မာပါကလား။

သို့ပေမင့် သူသည် ရဲရင့်၏။ သတ္တိရှိ၏။ စိတ်တည်ငြိမ်မှုရှိ၏။ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချတတ်သူဖြစ်၏။

သို့ကြောင့်လည်း ဟင်းကောင်(ကျား)ကို သတ်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်၏။ အခွင့်အရေးရသည် ဆိုသော်လည်း ထိုအခွင့်အရေးကို ရယူ အသုံးချတတ်ခြင်းသည် သူ၏စွမ်းရည်ပင် မဟုတ်ပါကလား။

သာမာန် မုဆိုးလေးတစ်ယောက်သည် နေ့ချင်းညချင်းဆိုသလို နာမည်ကျော် မုဆိုးကျော်ကြီးတစ်ယောက် ဖြစ်လာပေတော့သည်။

'ကျားပစ်မုဆိုး ဖိုးတေ'ရယ်လို့ ခေါ်စမှတ်ပြုလာကြတော့သည်။

သို့ဖြစ်လာလိမ့်မည်ဟုလည်း သူ့ကိုယ်သူ ထင်မထား။ သို့ဖြစ်လာပြန်တော့လည်း အချို့အချို့သော မုဆိုးတို့သည် သူ့ကို မရှုစိမ့်ကြချေ။ မလိုမုန်းထား ဖြစ်လာကြတော့၏။

'သွားစမ်းပါကွာ၊ မဖြစ်နိုင်တာချည်း'

'ငါ့မုဆိုးလုပ်သက်က သူ့တစ်သက်ရှိပြီ။ ဟင်းကောင်(ကျား)ကို ပစ်ဖို့နေနေသာသာ စိတ်ကူးထဲတောင် ခုထိ မထည့်ဝံ့ပါဘူးကွာ'

www.burmeseclassic.com

www.burmeseclassic.com

## (၁၄) ကိုပိုက်

သို့ဆိုသလို ကိုယ်နှိုက်က မစွမ်းလေတိုင်း သူများကို အထင်သေး တတ်သည့် မုဆိုးတို့သည်လည်း ရှိသေး၏။

ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို တဒင်္ဂတော့ဖြင့် သူအလေးထားမိ၏။ နောင်တော့တာ သူ သဘောပေါက်သွားတော့၏။

သူ သာယာစရာ မလို၊ တုန်လှုပ်စရာမလိုဟု တွက်ထား သိထားပြီး ဖြစ်၏။ သို့ကြောင့် သူ့အလုပ်သာ သူလုပ်၏။ သူကြိုးစား၏။ သည်တော့ သူ့ အလုပ်ဖြစ်သည်ပေါ့။

မုဆိုးတစ်ယောက်သည် လက်ငြိမ်ဖို့လို၏။

လက်ငြိမ်ဖို့ဆိုသည်မှာ စိတ်ငြိမ်ဖို့ အဓိကဖြစ်သည်။

သို့ကြောင့် သူ့စိတ်ကိုသာ သူ အာရုံစိုက်သူဖြစ်၏။

သို့ကြောင့် စိတ်ငြိမ်သော မုဆိုးတစ်ယောက်အဖို့ သားကောင် မရသည့်နေ့ဆိုတာ ဘယ်လာရှိနိုင်လိမ့်မည်နည်း။

'တစ်တောင့် တစ်ကောင်သေ ဖိုးတေ' ရယ်လို့ဖြစ်လာ ချေတော့သည်။

သို့နာမည်လေးရလာတော့ သူပို၍ ဆင်ခြင်ရပေပြီဖြစ်သည်။ မုဆိုးလောကတွင် တစ်ချက်တစ်ကောင်မြင့်မောင် ဆိုတာရှိခဲ့ဖူး၏။ ယခုသူသည် မမျှော်လင့်ဘဲ 'တစ်တောင့်တစ်ကောင်သေ ဖိုးတေ' ရယ်လို ဖြစ်လာချေပြီ ဖြစ်၏။ ထိုသည်ကား သူ့ကိုယ်သူ ဝိသေသပြုပေးထားခြင်း မဟုတ်။ သူများက ခေါ်ဝေါ်သမုတ်ကြသော နာမည်ဖြစ်သည်။

သို့ဆိုတော့ သူ့ကိုယ်သူ ပြိုင်ဖက်အဖြစ် သဘောထားလိုက် တော့သည်။ သည်တွင်သူသည် ထိုနယ်တစ်ဝိုက်တွင် မုဆိုးကျော်ပြီး ဖြစ်လာတော့၏။ 'သူဟာ... မုဆိုးတစ်ယောက် မုဆိုးကောင်း တစ်ယောက်ဆိုတာကိုတော့ လက်ခံလို့ရပါတယ်ကွာ။ သို့ပေမင့်လို့ မှင်းကောင်(ကျား)ကို သတ်လာနိုင်တယ်ဆိုတာကတော့ လုံးဝ မဖြစ်နိုင်ဘူး၊ လက်မခံနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို ကိုယ်မစွမ်းနိုင်လေတိုင်း သူတစ်ပါး၏ အစွမ်းအစကို အထင်အမြင်သေးကြ၏။ မယုံကြည်ချင်ကြ၊ လက်မခံချင် ကြသူတွေ ရှိသေးတော့၏။

ထိုသူတို့ထဲတွင် မုဆိုးကြီး 'မြေသား'သည် အဆိုးဆုံး ဖြစ်သည်။ သံတွင်းကြီးရွာသား မုဆိုးမြေသားသည် ဝါရင့်မုဆိုးကြီး ဖြစ်သော်လည်း မုဆိုးအမည်ခံသာ ရှိချေ၏။ ကိုယ်နှိုက်က အသုံးကျလေသူ မဟုတ်။ သူ့သက်တမ်းတစ်လျှောက် ကြီးကြီးမားမား သားကောင်ဆိုလို့ 'ဆတ်'ကောင်သာ ရဖူးသူဖြစ်၏။ ဖွတ်လေး၊ လိပ်ကလေး၊ ယုန်ကလေးများ စဉ်ဆက်မပြတ် ရနေခြင်းသည်လည်း သူ(မြေသား)၏ အမဲလိုက်ကောင်းသောခွေး 'နီလုံး'ကြောင့် ဖြစ်သည်။

'နီလုံး'သည် ဖွတ်လိုက်ကောင်းသော ခွေးဖြစ်၏။

'မြေသား'၏ ငယ်မွေးခြံပေါက်ဖြစ်၏။

သို့ပြင် ယခင်က ဤတောတောင်တစ်ခွင်တွင် အမဲလိုက်သူမရှိသလောက်ပင် ဖြစ်သည်။ မြေသားလည်း တစ်ယောက်တည်းထို အမဲလိုက်ခဲ့လေခြင်းကြောင့် သားကောင်ပေါပေါ လောလောရှိသော တောတွင် သူ့တွက်အမဲရှာ မရှားသော နေရာဖြစ်ချေတော့၏။

ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း အားစိုက်ထုတ်လိုက်စရာ မလို။ တောထဲဝင်သွားလေတိုင်း အပြန်သားကောင်တစ်ကောင် ပါလာတတ်၏။

တစ်ယောက်တည်း ဗိုလ်စွဲနေသူ ဖြစ်တော့၏။ နောင်တော့ကာ ဤတော ဤတောင်တွင် သံတွင်းရွာမှပင် မဟုတ်။ အနီးပတ်ဝန်းကျင်မှလည်း အမဲလိုက်သူများ ပေါ်လာတော့၏။ သူ့ထက်ငါလည်း တော်ကြပေ၏။

သည်တွင် သံတွင်းကြီးသား မုဆိုးမြေသားတစ်ယောက် အခက်တွေ့နေချေတော့သည်။

နောက်ပေါ်က် မုဆိုးများသည် သူ့ထက်တော်၊ သူ့ထက် စွမ်းကြ

www.burmeseclassic.com

www.burmeseclassic.com



သူချည်း ဖြစ်တော့၏။ သို့ပေမင့် သူ့ကိုတော့ဖြင့် မုဆိုးကြီး ရယ်လို့ အသိအမှတ်ပြုလာပြီး တလေးတစား ဆက်ဆံကြ၏။ နားလည်မှု ပေးခဲ့ကြ၏။

'ဆရာဦးမြေသား. . . ရော့ဗျာ. . . ကျွန်တော် ချေတစ်ကောင်ရလာတယ်၊ အိမ်စားလေး ယူသွားချေ'

'ကိုမြေသား. . . ရော့ဗျာ. . . တောဝက်ပေါင်တစ်ချောင်း

'မြေသား ဘာမှ မလုပ်ရသေးဘူး' ဟုတ်လား၊ ရော့. . . ရော့. . . ငါသုတ်ကိုင်းထောင်လို့ရတဲ့ တောကြက်လေး တစ်ကောင်ယူသွားချေကွာ'

'ဦးမြေသားကြီး. . . ရော့. . . ဝံကောင်သား'

သို့ဆိုသလို သူ့ကိုပေးကြ၏။ကမ်းကြ၏။ ထိုသည်ကိုပင် သူက-

'ငါ့ကို /သူတို့ကျော်လို့ ဘယ်ရမလဲ' ရယ်လို့ စေတနာကို စော်ကားတတ်သေး၏။

ထိုသည်ကိုသိကြသော မုဆိုးအချို့တို့သည် မြေသားကို အဖတ် မလုပ်ကြတော့ချေ။

ထိုသည်ကြား သို့ဆိုသလို ဖိုးတေအပေါ်တွင်လည်း မစ္ဆရိယ စိတ်ထားလေခြင်းကို ဖိုးတေကို အားကျနှစ်ခြိုက်ကြသော မုဆိုးအချို့ ကမြေသားကို ဖယ်ကြဉ်ထားကြလေတော့၏။

သည်တွင် မြေသားသည် သူနှင့် သဟဇာတဖြစ်သော မုဆိုး အချို့နှင့်သာ ပေါင်းသင်းဆက်ဆံရရှာ၏။

သူနှင့် ပေါင်းဖက်နိုင်ကြသည်ဆိုကတည်းက သူလိုလူ သူ့လောက်မှ မစွမ်းအစမရှိသော မုဆိုးများသာ ဖြစ်သည်။

ထိုသည်ကလည်း လက်တစ်ဆုပ်စာမျှရှိသော မုဆိုး သုံးယောက်ပင် ဖြစ်၏။

'ကိုမြေသားရေ . . . ကျုပ်တို့ ကျားတစ်ကောင်လောက် ဖမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြလျှင်ဖြင့် မကောင်းပေဘူးလား'

သို့ပြောလာသည့် မုဆိုး 'ဆိုးပေ'စကားကြောင့် မုဆိုးကြီးမြေသားမှလွဲ၍ အရက်ဝိုင်းတွင်ရှိနေကြသော မီးတွင်းကုန်းရွာသား အောင်ဦး၊ မိုးလယ်တို့သည် မျက်လုံးမျက်ဆန်များ ပြူးသွားကြတော့၏။

ထိုသည်ကို ရိပ်မိလိုက်သော 'ဆိုးပေ'က-

'ကျုပ်တို့က ကျားကောင်ကို မပစ်ချင်ကြလို့ပါဗျာ။ ဘာကြောက်စရာလိုတုံး၊ ကျုပ်တို့မှာ သေနတ်ကောင်းတွေ ရှိတာပဲ ဗျ။ မီးလောင်ကုန်းရွာသား ဖိုးတေလိုကောင်တောင် ကျားတစ်ကောင် ပစ်ရသွားလို့ ကျားမုဆိုးဘွဲ့ရသွားတာ ဘာအံ့သြစရာရှိလဲဗျာ။ ဘာအထင်ကြီးစရာ ရှိလဲဗျာ။ ဟောဒီက မုဆိုးမြေသားဆိုလျှင်ဖြင့် သမ္မာရင့် မုဆိုးကြီးဗျာ။ မပစ်ချင်လို့ မပစ်သေးလို့ပါဗျာ။ ဖိုးတေလိုကောင်မျိုးတောင် ဖြစ်တယ်ဆိုလျှင်ဖြင့် မုဆိုးကြီးမြေသားကော ဘာလို့မဖြစ်နိုင်ရမှာတုံး။ ပြီးတော့ ခင်ဗျားတို့ ကျုပ်တို့ကော ဘာလို့မရနိုင်မှာလဲ၊ ပြောကြလေ'

သို့အခြေအမြစ်မရှိ ပြောလာသည့် မုဆိုး 'ဆိုးပေ' စကားကြောင့် မုဆိုးကြီး မြေသားနှင့် မုဆိုးအောင်ဦးတို့က သဘောကျနှစ်ခြိုက်သွားဟန်ရှိသော်လည်း မုဆိုးမိုးလယ်သည် ဘဝင်မကျဖြစ်သွားမိ၏။

သူ မုဆိုး သက်တမ်းသည်လည်း နည်းတော့သည် မဟုတ်။ ထို့ဖြစ် မြေသားအကြောင်းကိုလည်းကောင်း ဆိုးပေမောင်ဦးတို့ အကြောင်းကို ကောင်းကောင်းသိထားသူ ဖြစ်၏။

မုဆိုးကြီးပြောသည့် သမ္မာရင့် မုဆိုးအိုကြီးဖြစ်သော်လည်း အသုံးကျရပေသူ မဟုတ်။ ဆိုးပေဆိုသော မုဆိုးသည် ပိုဆိုးသေးတော့၏။ မုဆိုးအောင်ဦးသည် တစ်ချိန်က မုဆိုးဟောင်းဖြစ်ခဲ့ပြီး သေနတ်နှင့် ဆက်ပြတ်နေသည်မှာ ကြာပြီဖြစ်၍ အချိန်ယူပြန်လေ့ကျင့်လေမှ ဖြစ်နိုင်ချေရှိသည်ဟု တွက်ဆနိုင်လောက်သော်လည်း တစ်ထစ်ချ

www.burmeseclassic.com

www.burmeseclassic.com

## (၁၈) ကိုပိုက်

ပြော၍မဖြစ်သေး။ သို့ကြောင့် -

'ဆိုးပေ. . . မင်းကြည့်ရတာ ကျားပစ်လိုတာထက် မီးလောင် ကုန်းရှာသား မုဆိုးဖိုးတေအပေါ် မနာလိုစိတ် ဖြစ်နေတာ များလား သွားမယှဉ်ချင်ပါနဲ့ကွာ။ ငါသူနဲ့ အမဲလည် မကြာခဏ လိုက်ဖူးတယ်၊ အင်မတန် လက်ငြိမ်တဲ့သူပဲကွ။ လက်ငြိမ်တယ် ဆိုတာလည်းစိတ်ဝေဲ မဟုတ်လား။ 'တစ်တောင့်တစ်ကောင်သေ ဖုံးတေ' ဆိုတဲ့အတိုင်း အင် မတန်လည်း လက်ဖြောင့်တာကလား။ ကိုယ့်ဒုက္ခကိုယ် မရှာချင်ပါနဲ့ ဆိုးပေရာ'

သို့ မိုးလယ်က ပြောလိုက်သည်တွင် ဆိုးပေတစ်ယောက် မျက်နှာကြီး မည်းသွားလေပြီး-

'သူ့လိုကောင်တောင် ဖြစ်နိုင်သေးတာ၊ ငါတို့လည်း ဘာမဖြ ရှိနိုင်မှာတုံး'ဟု ပြောလိုက်သည်တွင် အောင်ဦးကလည်း-

'ဆိုးပေ ပြောမနေနဲ့ကွာ၊ နက်ဖြန်ခါ တို့ 'ဖာလာ'ဘက် သွားကြမယ်။ အဲဒီ ဖာလာစခန်းဘက်မယ် ကျားကောင်ခြေရာ တွေ့ တတ်တယ်လို့ သစ်ခုတ်သမား 'စောအားပို' ပြောတယ်' ဟုပြောလေ

'အေး . . . ငါတော့ ငါကျွမ်းကျင်တဲ့ ကြက်ထောင်ငှက်ထော တို့ ငါးထောင်တို့ အလုပ်ပဲလုပ်ပြီး အေးအေးလူလူ ထိုင်စား တော့မ

သို့ပြောလိုက်ပြီးနောက် မိုးလယ်သည် နောက်ဆုံးလက်ကျ ခွက်အတွင်းမှ အရက်ကို မော့သောက်လိုက်ပြီး အရက်ဝိုင်း ထွက်ခဲ့လေတော့၏။ အရက်ဝိုင်းတွင် ကျန်ရစ်ခဲ့သော မြေသား၊ အောင် နှင့်ဆိုးပေတို့သည် မိုးလယ်ထွက်သွားသည်နှင့် တစ်ယောက်မျ တစ်ယောက်ထိုင်ကြည့်လိုက်ကြကာ မဲ့ပြုံးလေးကိုယ်စီ ပြုံးပြလိုက် တော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေ့လယ်ပိုင်းလောက်တွင် မုဆိုးကြီးမြေသားနှင့် အောင်ဦး ဆိုးပေတို့သည် 'ဖာလာ' စခန်းသို့ ရောက်လာကြတော့၏။

ဖာလာစခန်းတွင် ဝါးခုတ်သမား နှစ်ယောက်နှင့် ဆုံလိုက်သည်တွင် 'ဘယ်လိုလဲကွ၊ မင်းတို့နှစ်ယောက် ကြည့်ရတာ တစ်ခုခုကို တွေးပူပင်နေသလိုပဲ၊ ဘာများဖြစ်ကြလို့လဲ၊ ပြီးတော့မင်းတို့ စခန်းပြောင်းကြတော့မှာလား' ရယ်လို့ မုဆိုးကြီးမြေသားက စခန်းပြောင်းရန် အလို့ငှာ ပစ္စည်းပစ္စယများကို သိမ်းဆည်းနေသည့် ဝါးခုတ်သမားနှစ်ယောက်ကို မေးလိုက်၏။

သည်တွင် ဝါးခုတ်သမားနှစ်ယောက်က သူတို့လက်တွင် တိုယ်စီ သေနတ်ကို ကိုင်ထားကြသည်ကြောင့်လေလား မသိ။

'ကျွန်တော်တို့ ဝါးခုတ်ကွက်ထဲမယ် ညက ဟင်းကောင်(ကျား) ဖြတ်သွားပုံရတယ်။ ဒီမနက်ပဲ ခြေရာတွေ ခြေရာလတ်လတ်ကြီး တွေ့တယ်၊ နို့ကြောင့် ကျွန်တော်တို့ ဒီတောထဲမယ် ဝါးဆက်မခုတ်ရဲတော့ တာနဲ့ ပြန်ကြမလို့ စီစဉ်နေကြတာ' လို့ပြောလာကြတော့၏။

'ဟင်'

ဝါးခုတ်သမား၏ စကားကို ကြားလိုက်ရသည်ကြောင့် မုဆိုးဆိုးပေသည် မုဆိုးကြီး မြေသားနှင့် အောင်ဦးတို့ကို အားရဝမ်းသာ ကြည့်လိုက်တော့၏။

မုဆိုးကြီးမြေသားက ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီး

'နို့ဖြင့်လည်း မင်းတို့အလုပ်ဖျက် မပြန်နဲ့တော့၊ အဲဒီ ဟင်းကောင်' ကို ငါတို့ သုတ်သင်ပေးမယ်။ မင်းတို့ဝါးခုတ်ကွက် ဘယ်နား လဲပြော' ရယ်လို့ ပြောလျက် ဝါးခုတ်တဲပေါ်တွင် တက်ထိုင်လိုက် ကြတော့၏။

ဝါးခုတ်သမားနှစ်ယောက်က တဲပေါ်တက်ထိုင်လာကြသော မုဆိုးကြီးမြေသားတို့ကို အားထားလိုဟန်ဖြင့် ကြည့်လိုက်ပြီး -

www.burmeseclassic.com

www.burmeseclassic.com

## (၂၀) ကိုပိုက်

'သိပ်အဆင်ပြေတာပေါ့ မုဆိုးကြီးရယ်၊ နို့ဖြင့် အဲဒီဝါးခုတ်ကွက်မယ် ကျွန်တော်တို့နှစ်ယောက် ခုတ်ထားတဲ့ဝါးတွေ မနည်းပေပဲ'

'ကောင်းပြီလေ၊ ခဏနားကြလေပြီး သွားကြတာပေါ့ မဝေးလှဘူး ဟုတ်လား'

သို့နှယ် ဆိုးပေက ပြောလိုက်၏။

သို့ဖြင့် မုဆိုးမြေသားတို့ အားကိုးဖြင့် ဝါးခုတ်သမားနှစ်ယောက်သည် စခန်းပြောင်းရန် ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းနေသည့် ပစ္စည်းတို့ကို နေရာတကျ ပြန်ထားကြလေပြီး -

'ထမင်းမစားရသေးလျှင်ဖြင့် စားကြချေဗျာ၊ ကျွန်တော်တို့နှစ်ယောက်ကစားပြီးပြီ' ဆိုလျက် နေရာတကျ ပြန်ထားပြီးသော ထမင်းအိုးနှင့် ဟင်းအိုးကို ထိုးပြလိုက်သည်တွင် မုဆိုး ဆိုးပေသည် 'ကောင်းပါ့ဗျာ၊ ဆာနေတာနဲ့ အတော်ပေပဲ' ဆိုလျက် ကြွေရည်များအတော်အတန်ပဲ့နေသော ပန်းကန်ပြားနှစ်ချပ်ကိုယူ၍ ထမင်းအိုးအတွင်းမှ ငါး,ငါးပိကို ထမင်းကြမ်းတုံးများအပေါ် လောင်းထည့်လိုက်တော့၏။

'ရော့ . . . ကိုမြေသား . . . ကျွန်တော်နဲ့အောင်ဦးက တစ်ပန်းကန်တူတူ စားကြမယ်'

သို့ဆိုလျက် ဟင်းပုံပြီးသော ပန်းကန်တစ်ချပ်ကို မုဆိုးကြီးမြေသားထံ လှမ်းပေးပြီးပြောလိုက်၏။

မနက်ထွက်လာကတည်းက ဘာမျှမစားကြရသေးသည် ဖြစ်၍ ဝါးခုတ်သမားတို့ ကျွေးလာသော ထမင်းကို အားပါးတရ စားလိုက်ကြပြီးနောက် တစ်ခဏမျှ နားနေလဲလျောင်းလိုက် ကြပြီးလျှင်-

'ကဲ . . . ငါတို့ကို လမ်းပြချေကွာ' ဆိုလျက် မုဆိုးကြီးမြေသားသေနတ်ကိုဆွဲ၍ တဲပေါ်မှ ဆင်းလိုက်ကာသည်။

သူတို့သုံးယောက်ကို ဝါးခုတ်သမား နှစ်ယောက်က ဦးဆောင်လမ်းပြထွက်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဝါးခုတ်တဲစခန်းလေးမှ ဆယ့်ငါးမိနစ် ခရီးခန့်လျှောက်ခဲ့ကြပြီးနောက် သူတို့၏ ဝါးခုတ်ကွက်အတွင်း ရောက်လာကြတော့၏။

'ဒါ ကျွန်တော်တို့ ဝါးခုတ်ကွက်ပဲ'

သူတို့ပြောသလိုပင် ခုတ်လှဲပြီး ဝါးပင်အတော်များများကို တွေ့ရ၏။ ကြသောင်း ဝါးတောဖြစ်ချေ၏။ ထီးရိုးဝါးရုံတို့ကိုလည်း တွေ့ရ၏။ သို့ပေမင့် ကြသောင်းဝါးပင်က ပိုများချေ၏။

'ဟော. . . ဒီမယ်. . . ဟင်းကောင်ခြေရာ'

ထိုဝါးတောအတွင်း မြေသားစိုစိုပေါ်တွင် ထင်ကျန်ရစ်လေသည့် ခြေရာကိုပြသလေသဖြင့် မုဆိုးမြေသားက ဒူးထောက်ထိုင်အသေအချာ ခြေရာကို လေ့လာကြည့်လိုက်၏။

သို့ဆိုသလို မုဆိုး ဆိုးပေနှင့် အောင်ဦးသည်လည်း အကဲခတ်လေ့လာ နေလိုက်ကြတော့၏။

'မင်းတို့ထင်တာ ညကဖြတ်သွားတဲ့ ခြေရာပေါ့ ဟုတ်လား'

သို့နှယ် မုဆိုးကြီးမြေသားက ဝါးခုတ်သမားနှစ်ယောက်ကို ဒူးထောက်ထိုင်လျက်မှ မော့ကြည့်ပြောလိုက်၏။

'ကျွန်တော်တို့ ထင်တာပဲလေ'

'မင်းတို့ မဆိုးပါဘူး၊ နို့ပေမင့် တိတိကျကျ ပြောရလျှင်ဖြင့် ဝေလီဝေလင်းအချိန်လောက်မှာ သည်နေရာက ဖြတ်သွားပုံပဲကွ။ ဘာလို့လဲဆိုတော့ မိုးလင်းလုမှာ မိုးတစ်ပြိုက်ရွာလိုက်သေးတယ်လေကွာ။ ဝေလီဝေလင်း အချိန်မှာ မိုးရပ်သွားပြီ၊ ဟုတ်တယ်လား'

'အား. . . ဟုတ်တယ်'

'အေး. . . မိုးရွာလိုက်တော့ မြေသားစိုနေတာပေါ့။ နို့ကြောင့် မိုးတိတ်ပြီးလောက်မှ ဒီဟင်းကောင်က ဒီနေရာဖြတ်သွားတာကြောင့် ခြေရာထင် ကျန်ရစ်ခဲ့တာပေါ့'

မုဆိုးကြီးမြေသားကို ဝါးခုတ်သမားနှစ်ယောက်သည်

www.burmeseclassic.com

www.burmeseclassic.com



အထင်တကြီး ကြည့်လိုက်ကြတော့၏။

'ကဲ. . . ဒီခြေရာခံ လိုက်ကြမယ်ကွာ'

သို့ဖြင့် သူတို့သည် ဟင်းကောင်ခြေရာနောက် လိုက်သွားကြပြန်တော့၏။

'ဒီကောင်ကြီး ဘယ်အထိသွားမှန်းလည်းမှ မသိတာ' မုဆိုးအောင်ဦးက ပြော၏။

'ဒါ ငါတို့ကံ သူ့ကံပေါ့ကွာ'

သို့သာ မုဆိုးကြီးက ပြောလျက် ရှေ့မှဦးဆောင် ခြေရာကောက်သွားနေလေတော့၏။

သို့သွားနေလျက်မှ -

'ဟာ. . . ဒီမယ် ကြည့်စမ်း၊ ငါတို့ ကံကောင်းတယ် ပြောရလိမ့်မယ်' ဆိုလျက် မုဆိုးကြီးမြေသားသည် ရုတ်ခြည်းရပ်လိုက်ကာ ဒူးထောက်ထိုင်ချလိုက်ပြန်၏။

'ဒီမယ် တွေ့လား၊ ဟင်းကောင်ကသွားရင်း သားကောင်တွေ့တာနဲ့ အားယူပြေးထွက်သွားတာကွ'

မြေပျော့အတွင်း အတော်အတန် ချိုင့်ဝင်နေပုံရသည့် ဟင်းကောင်၏ နောက်ခြေရာကို အံ့သြဖွယ် တွေ့လိုက်ကြတော့၏။

'နို့ဖြင့် ဘယ်လိုလုပ် ကံကောင်းတယ် ပြောရတာတုံး' သို့နှယ်ဆိုးပေက မေးလိုက်၏။

'အေး. . . မင်းတို့က မုဆိုးသက်နုသေးတော့ ဘယ်လိုလုပ်သိနိုင်မှာတုံးကွ။ အဲ. . . မှတ်ထားကြချေ။ ဟင်းကောင်က သားကောင်တွေ့ပြီဆိုတော့ အဲဒီသားကောင် နားမယ်၊ နို့မှမဟုတ် အနားတစ်ဝိုက်မယ် အသေအချာ ရှိနိုင်ပြီးပေါ့ကွာ'

သို့ ပြောလာလေတော့မှ အောင်ဦးကော ဆိုးပေပါ သဘောပေါက် သွားကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သမ္မာက စကားပြောလေသည်ပဲ။

ဟင်းကောင်တို့သည် သားကောင်ကို အပုပ်ခံစားတတ်ကြ၏။ (အကောင်ကြီးလျှင်) သားကောင်ကို ဖမ်းဆီးလှဲလိုက်ပြီး အတွင်းကလီစာတို့ကို အရင်ဖောက်စား၏။ ပြီးလျှင် ထိုသားကောင်နှင့် အနီးမဝေးနေရာလောက်တွင် နားနေတတ်၏။ နောင်မှတစ်ဖန် တဖြည်းဖြည်း လာရောက်စားသောက်တတ်ချေ၏။

'ကဲ. . . လာ. . . ဆက်လိုက်ကြမယ်'

သို့ဖြင့် ရှေ့ဆက်ခဲ့ကြပြန်သည်။

'ဟုတ်ပြန်ပြီကွာ၊ ဟောဒီမယ် ဆတ်ခြေရာကွ'

သို့နှယ် မုဆိုးကြီးမြေသားက အားရဝမ်းသာပြောရင်း သူ့နောက်မှ လိုက်လာကြသူတို့ကို မြေပြင်မှ ဆတ်ခြေရာကို ညွှန်ပြလိုက်၏။

အားလုံးက အားရဝမ်းသာ ဖြစ်သွားကြတော့သည်။

ဟင်းကောင်(ကျား)နှင့်တွေ့နိုင်အောင်လည်း အခြေအနေသည် ၉၀% ရှိနေပြီကော။

သူတို့သည် ဇွဲရှိရှိဖြင့် မျှော်လင့်တကြီး လျှောက်ခဲ့ကြရာမှ ကိုက် (၆၀၀)ကျော်လောက်တွင်ဆတ်ကောင့်သေကြီးကို တွေ့လိုက်ကြလေသော ၏။

'ဟင်'

'ဟာ'

'အာ'

သူတို့ ထင်မှတ်ထားသည်မှာ ဆက်ကောင်သေကြီးကိုသာ [illegible] လိမ့်မည်ဟု ဖြစ်သည်။ သို့သော် သူတို့ တွေ့မြင်လိုက်ကြရသည်မှာ [illegible] ကောင်သေကြီးပင်မဟုတ်။ 'ဟင်းကောင်' ကိုပါ တွေ့လိုက်ကြ[illegible] သင့်သွားကြတော့၏။

တကယ်တမ်း ဟင်းကောင်(ကျား)ကို မျက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ကြသည်တွင် တုန်လှုပ်သွားကြတော့၏။

ဝါးခုတ်သမားနှစ်ယောက်ဆိုပါလျှင် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေချေတော့၏။ သို့အခြေအနေကို မုဆိုးကြီး မြေသွားက သိလိုက်သည်ကြောင့် -

'ဟိတ်ကောင်တွေ၊ အဲလောက်ကြီး ကြောက်စရာမလိုပါဘူးကွ၊ မင်းတို့ ဣန္ဒြေပျက် ယောက်ယက်ခတ်နေကြမယ် ဆိုလျှင်ဖြင့်တော့ ဟင်းကောင်က မျက်စိနောက်ပြီး ဒုက္ခပေးလာလိမ့်မယ်' လို့ပြောလေပြီး ကျားကောင်ရှိရာသို့ မမှိတ်မသုန် ကြည့်နေလေတော့၏။

ကျားကောင်သည် အစာကို အသာငမ်းငမ်း စားနေလေခြင်းကြောင့် သူတို့ကို မမြင်လေခြင်း ဖြစ်တော့၏။

'လက်ဦးမှု ရယူထားမယ်ဗျာ'

သို့ဆိုလျက် မုဆိုး ဆိုးပေသည် သူ့လက်အတွင်းရှိ သေနတ်ဖြင့် လှမ်းချိန်လိုက်တော့၏။ အကွာအဝေးကိုက်(၁၀၀)လောက်သာ ရှိမြီမည်ဖြစ်၍ သို့နှယ် ဆိုးပေက ဆုံးဖြတ်လိုက်ပြီးဖြစ်သည်။

'ဒိန်း'

ဆိုးပေတစ်ယောက် နီးနီးကပ်ပစ်မှတ်ကို ပစ်ခတ်လိုက်ရသော်လည်း စိတ်တည်ငြိမ်မှုမရှိ တုန်လှုပ်နေခြင်းကြောင့် ပစ်မှတ်လွဲချော်သွားတော့၏။

'ဒိန်း' . . . 'ဒိန်း'

ကပျာကသီဆိုသလိုပင် မုဆိုးကြီးမြေသွားနှင့် မုဆိုးအောင်ဦးဖို့သည် သို့နှယ်ပစ်လိုက်နိုင်သော်လည်း သူတို့သည်လည်း စိုးရိမ်ကြောင့်ကြစိတ်များ ဖုံးလွှမ်းနေခြင်းကြောင့် ပစ်မှတ်လွဲသွား ကြပြန်၏။

'ဝေါင်း'

ဟင်းကောင်(ကျား)သည်လည်း ပြင်းထန်သော ပေါက်ကွဲသံတို့ကြောင့် လန့်ဖျပ်သွားကာ နေရာမှ ခုန်လွှား ထွက်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းကောင်(ကျား) လန့်ဖျပ်ခုန်လွှား၍ ထွက်လာခြင်းသည် သူတို့တည့်တည့်ဖြစ်နေလေခြင်းကြောင့် အလန့်တကြား ဖြစ်သွားကြကာ ခြေဦးတည့်ရာ လှည့်ပြေးခဲ့ကြလေတော့သည်။

ဟင်းကောင်(ကျား)သည် ပထမတော့ ကြောက်လန့်တကြား ခုန်လွှားထွက်လာခြင်းဖြစ်ပြီး သူ့ရှေ့မှ လူတစ်စု ယောက်ယက်ခတ် ပြေးလွှားနေကြသည်ကို သားကောင်မှတ်လျက် နီညိုရောင်ပုဆိုးနှင့် အကျီ ဝတ်ထားသော မုဆိုးဆိုးပေနောက်သို့ လှစ်ခနဲ ဦးတည်ပြေးလိုက်သွား တော့၏။ ဆိုးပေ ဘယ်ပြေးလွတ်လေပါ့မလဲ။

'အား'

ထိုနေရာလေးတွင် သို့နှယ် ဆိုးပေ၏ ကြောက်လန့်တကြား အော်ဟစ်သံကြီး ကျန်ခဲ့လေသည်ကိုသာ သူတို့ကြားလိုက်ကြရ၏။

သို့ အသံကြားလိုက်ရသူသည် ဘယ်သူ ဘယ်ဝါ၏ အသံရယ် လို့သိခြင်းမရှိခြေ။ မိမိမဟုတ်သည်ကိုတော့ဖြင့် သိကြခြင်းသာရှိ၏။

သူတစ်ကွဲ ကိုယ်တစ်ကွဲ ပြေးခဲ့ကြသော်လည်း အားလုံး၏ ဦးတည်ရည်ရွယ်ချက်ပြေးခဲ့ကြခြင်းသည် ဖာလာစခန်းရှိ ဝါးခုတ်တဲလေး သို့သာ ဖြစ်တော့၏။ သည်လိုဖြင့် ဝါးခုတ်သမားနှစ်ယောက်မှ အစပြု၍ ရှေ့ဆင့်နောက်ဆင့်ဆိုသလို မုဆိုးကြီးမြေသားနှင့် မုဆိုးအောင်ဦးတို့ ရောက်လာကြတော့၏။

သည်တော့မှ 'အား'ခနဲ အော်ဟစ်ကျန်ရစ်ခဲ့လေသည်မှာ မုဆိုး ဆိုးပေဖြစ်မှန်း သိသွားကြလေတော့၏။

'ဒိငမိုက်သား သူ့ထိုက်နဲ့သူ့ကံပေပဲ'

သွားတူလာတူ မုဆိုးချင်း ကရုဏာသက်ရမှန်း မသိ။ ပြန်ကယ်ရ မှန်းမသိသည့်ပြင် သို့နှယ်ပင် အပြစ်ဆိုလိုက်ကြသေးတော့ ၏။

ဝါးခုတ်သမား နှစ်ယောက်သည် လွန်စွာမှ တုန်လှုပ် ချောက် ခြားနေကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## (၂၆) ကိုပိုက်

'ကျွန်တော်တို့တော့ ပြန်ကြတော့မယ်ဗျာ' ဆိုလျှက် ဝါးခုတ်သမားနှစ်ယောက်သည် သူတို့၏ပစ္စည်းများကိုပင် မယူလေတော့ဘဲ ဝါးခုတ်တဲမှ ထွက်ခဲ့ကြတော့သည်။

မုဆိုးကြီးမြေသားနှင့် အောင်ဦးသည် ဘာဆက်လုပ်ရမှန်း မသိဖြစ်လျှက် ဝါးတဲတွင် ကျန်ရစ်ခဲ့ကြလေ၏။

'ဘယ်လိုလုပ်ကြမလဲ'

အတန်ကြာတွင် မုဆိုးအောင်ဦးက မေးလိုက်၏။

'တို့လည်း ပြန်ကြမယ်'

သို့ပြောလာသည့် မုဆိုးကြီးမြေသားကို တအံ့တဩဖြင့် အောင်ဦးက ကြည့်လိုက်ပြီး ဒေါသသံလေးဖြင့် -

'ဘယ်လိုဗျ၊ ပြန်ကြမယ်ဟုတ်လား' ဟု မေးလိုက်၏။

'အေးလေဗျာ၊ ဟိုနှစ်ကောင်တောင် ပြန်ပြေးကြပြီပဲ'

'သူတို့နှစ်ယောက်က ဘာမှမဆိုင်ဘူးလေ။ ဆိုးပေက ကျွန်တော်တို့နဲ့ ပါလာတဲ့သူလေ။ ပြီးတော့ တစ်ရွာတည်းသား လုပ်ဖော်ကိုင်ဖက်မုဆိုးတွေပဲ သူ့အခြေအနေကိုတော့ သွားကြည့်ဖို့ကောင်းတာပေါ့'

'ဘာထူးမှာတုံး၊ ဟင်းကောင်(ကျား)စာ ဖြစ်သွားပြီပဲ'

'ဒီလိုပြောလို့ ဘယ်ရမလဲဗျ၊ ကျွန်တော်တို့မှာ တာဝန်ရှိတာပဲ။ သူ့အလောင်းကိုတော့ဖြင့် ရအောင် ပြန်ကောက်ရမှာပေါ့'

'အချိန်လည်း မရှိတော့ဘဲကွာ၊ မနက်လင်းလင်းထင်းထင်းမှ အဲဒီနေရာ သွားပြန်ကြည့်ကြတာပေါ့'

သို့ဆိုပြန်တော့လည်း ဟုတ်လို့နေပြန်၏။ မှောင်စပင်ပျိုးလာ ချေသည်ဖြစ်သည်။

'ကောင်းပြီလေ' ဆိုလျှက် အောင်ဦးသည် ညရေးညတာ အန္တရာယ်ကောင်တို့ ရန်မှသော်လည်းကောင်း၊ အနွေးဓါတ်ရရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com



သည်းတောင်း၊ အလင်းခါတ်ရရန် အလို့ငှာလည်းကောင်း၊ ထင်းမီးဖို ရန်အတွက် ထင်းခြောက်တုံးများကို ရနိုင်သလောက် လိုက်စုကောက် လေတော့၏။

ထိုညတွင် သူတို့နှစ်ယောက်သည် စိုးရိမ်ကြောင့်ကျမှုများစွာနှင့် ငါးခုတ်သမားတို့၏ ဝါးတဲလေးတွင် အိပ်ပျော်ခြင်းမရှိသော်လည်း အမှိန်းတော့ဖြင့် မဖြစ်မနေ မှိန်းလိုက်ကြတော့သည်။

'အောက်. . . အီး. . . အီး. . . အွတ်'

အဝေးဆီမှ တောကြက်ဖတွန်သံကြောင့် မုဆိုးကြီးမြေသားသည် ငိုက်မြည်းလျက်ရှိသော မျက်လုံးကို အားယူဖွင့်လိုက်၏။

'ဟင်'

မိုးစင်စင်လင်းနေချေပြီကော။

သို့ကြောင့် ကပျာကသီ ထလိုက်၏။

'ဟာ'

ညက သူ့နံဘေးတွင်ရှိနေသည့် အောင်ဦး မရှိတော့ပါကလား။ အစောစီးစီး ဘယ်သွားနေပါလိမ့်။

မုဆိုးကြီးမြေသားသည် ဝါးတဲအနီးတဝိုက်တွင် အောင်ဦးကို လိုက်ရှာကြည့်သေး၏။ ဟိုနားဒီနား လိုက်လံအော်ဟစ် အသံပြု အချက်ပေးသေး၏။ အောင်ဦး ဘယ်ရောက်သွားပါလိမ့်။

နံနက်ခင်းစာအတွက် အစာရှာထွက်သည် ထင်လိုက်ကာ ဝါးတဲပေါ် ပြန်တက်ထိုင်လိုက်စောင့်နေလိုက်ပြန်၏။

နေမွန်းတည့်ရောက်သည့်တိုင် အဆာခံ၍ စောင့်နေသေးတော့ ငါး သူ ဘာဆက်လုပ်ရမည်မသိ၊ နောက်ဆုံး ရွာသို့ ပြန်ခဲ့ချေတော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့သည် သံတွင်းကြီးရွာသူကြီး စောခင်ကျော် ပြောပြသည့် မုဆိုးကြီးမြေသား၏ ဖြစ်စဉ်ကို သိလိုက်ရသည့်တွင် မီးလောင်ကုန်းရွာသူကြီး ဦးဇာမဏီ၏မျက်နှာကို ကြည့်လိုက်တော့၏။

ကျွန်တော့်အကြည့်၏ အဓိပ္ပာယ်ကို သိလိုက်သော ဦးဇာမဏီ က -

'နို့ဖြင့် ကျုပ်ရွာက ဝါးခုတ်သမားနှစ်ယောက်ပျောက်နေတဲ့ ကိစ္စက မုဆိုးကြီးမြေသားနဲ့ တွေ့ရလျှင်ဖြင့် သိနိုင်လောက်တာပေါ့။ မြေသားနဲ့တွေ့ချင်တယ်ဗျာ'

သို့ဆိုသလို ဦးဇာမဏီက စောခင်ကျော်ကို ပြောလိုက်၏။

'အေး. . . အဲဒီကောင် ငါ့ကို အဲဒီလို သတင်းတွေ လာပို့ပြီး တောပြန်တက်သွားတာ တစ်လလောက်ရှိပြီ။ ရွာလည်းပြန်ရောက် မလာဘူး။ နို့. . . နေပါဦး။ မင်းရွာက ဝါးခုတ်သမားနှစ်ယောက်က မြေသားတို့နဲ့ တွေ့တဲ့သူတွေ မှန်လျှင်ပင် ရွာပြန်ရောက်လာတာ ကြာပြီပဲ။ ခုဟာက မင်းရွာသားနှစ်ယောက်က မုဆိုးမြေသားတို့နဲ့ ဆုံခဲ့တဲ့သူတွေ မဟုတ်လို့နေမှာပေါ့'

'အဲဒါတော့ မသိဘူး။မြေသားနှင့် တွေ့လျှင်ဖြင့် ပုံပြင်းသဏ္ဍာန် မေးကြည့်ရလျှင် သိမှာပေါ့ဗျ'

www.burmeseclassic.com

www.burmeseclassic.com



'မြေသားမရှိတော့ ဘယ်လိုလုပ်မလဲ'

'ဘယ်တတ်နိုင်မလဲ။ ဒီဆရာလေးနှစ်ယောက်ကိုပဲ အကူအညီတောင်းရတော့မှာပေါ့'

ဦးဇာမဏီက သို့နှယ် စောခင့်ကျော်ကို ပြောလိုက်လေပြီး. . .

'ကဲ. . . ကိုပိုက်တို့ ကူညီပါဦးဗျာ' ဆိုလေသည်ကြောင့် မီးတွင်းကုန်းရွာမှ ထွက်ခဲ့ကြသည်တွင် ရွာထိပ်လမ်းမကြီး ရောက်သည်၌ ဦးဇာမဏီသည် မီးလောင်ကုန်းအမြန်လမ်းသို့ ဦးတည်သွားလိုက်လေပြီး. . .

'သူတို့ ဝါးခုတ်သွားကြတော့ ဖာလာစခန်းဘက်ပဲကွ' ဟု ပြောသွားတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဖာလာစခန်းသို့သွားရာ တောလမ်းအတိုင်း ထွက်ခဲ့ကြတော့သည်။

ဖာလာစခန်းသည် တစ်ချိန်က ကျွန်တော်တို့ သွားနေလာနေကြ နေရာ ဖြစ်သည်ကြောင့် ပြဿနာမရှိလှချေ ဆိုပေမင့် ရောက်ဖူးခြင်း ကြာခဲ့ပြီဖြစ်၍ ရွာခံဒေသခံလမ်းပြ ခေါ်မလာမိခြင်းအတွက်တော့ဖြင့် နောင်တရမဆုံး ဖြစ်ရတော့၏။

'ကိုလင်းရေ. . . ဒါဖာလာစခန်းသွားလမ်းကော ဟုတ်နိုင်ပါ့မလားဗျာ။ သစ်ထုတ်ကားလမ်းဟောင်းကြီးပေပဲဗျ'

'အခြေအနေနဲ့ အချိန်အခါကလည်း ပြောင်းလဲနေပြီဆိုတော့ ပြောတတ်ပေဘူးဗျ။ ခက်တာက ဝါးခုတ် သစ်ခုတ်သမားလည်း ခုချိန်ထိ တစ်ယောက်မှလည်း မတွေ့ဘူးဗျ'

'ကျားကြောက်လို့ သည်တောမလာကြတာ ဖြစ်မပေါ့ဗျာ၊ နို့ဟုတ်လျှင်ဖြင့် ဒီလိုအချိန်မယ် ဖာလာစခန်းက စည်းကားနေပြီ'

'အင်း. . . ဟုတ်ပြီ၊ နို့ဆိုလျှင်ဖြင့် ဒီလမ်းက ဖာလာစခန်းသွားလမ်းပဲ ဖြစ်ရမယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com

## (၁၀) ကိုပိုက်

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တောလမ်းအတိုင်း လျှောက်ခဲ့ရာမှ ဘက်ပင်ပေါ်တွင် မျောက်ကောင်ကို လှမ်းတွေ့လိုက်သည် ကြောင့် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ သေနတ်ဖြင့် လှမ်းချိန်ပစ် လိုက်တော့၏။

'ဒိန်း'

ပစ်မှတ်ကို လွဲချော်ခြင်းမရှိသည်ကြောင့် မျောက်ကောင်ကား သစ်ကိုင်း သစ်ခက်များပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြုတ်ကျလာတော့၏။

'ဘုတ်'

မြေပြင်သို့ရောက်သည်တွင် တစ်ချက်ကလေးတော့ဖြင့် တွန့်ခါသွားကာ အကြောဆွဲသွားလေပြီး ငြိမ်သက်သွားတော့၏။

မျောက်သေကောင်ကို သွားကောင်ရင်း ကျွန်တော်က 'အတော်ပေပဲဗျ။ ဒီမျောက်ကောင်ကို နားနေရင်း မီးကင်စားကြတာပေါ့' လို့ ပြောလိုက်သည်။

'ရှေ့နားလေးလောက်မယ် ချောင်းဖြစ်ဖြစ် မြောင်းဖြစ်ဖြစ်ရှိ နိုင်တယ်ဗျ၊ သွားလိုက်ကြစို့။ အဲဒီ ချောင်းမြောင်းတစ်ဝိုက်မယ် နေရာထိုင် ခင်းသာလျှင်ဖြင့် နားနေကြပြီးမှ ခရီးဆက်ကြတာပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် မျောက်ကောင်သေကို ထမ်းပိုး၍ ရှေ့ဆက်လျှောက်ခဲ့ကြတော့သည်။

လင်းမြင့်လှိုင် မှန်းထားသလိုပင် ရှေ့ဆက်ခရီးနှာရီဝက် လောက်တွင် ချောင်းမကြီးသို့ ရောက်ခဲ့ကြတော့၏။

'ဒါ. . . ဥက္ကံချောင်းပေပဲဗျ၊ ကျွန်တော်ကောင်းကောင်းမှတ်မိပြီ ကျွန်တော်တို့ လာခဲ့တဲ့လမ်း မမှားပါဘူး။ ဒီဥက္ကံချောင်းအတိုင်း ဆန်တက်သွားမယ်ဆိုလျှင်ဖြင့် ဖာလာစခန်းကို ရောက်မှာသေချာပြီပေါ့'

လင်းမြင့်လှိုင်က ချောင်းမကြီးအတွင်း ဆင်း၍အထက်အောက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၊ ကမ်းနံဘေး သစ်ပင်တောအုပ် တောင်တန်းတို့ကို ကြည့်လိုက်လုပ်ပြီး သေချာပေါက် ပြောလာချေတော့၏။

ကျွန်တော့် စိတ်အထင်သည်လည်း လင်းမြင့်လှိုင်ကဲ့သို့ပင် ဖြစ်နေချေသည်ကြောင့်-

'ဖာလာစခန်း မရောက်မီ တစ်ခုခုတော့ဖြင့် စားထားမှ ဖြစ်မယ်ဗျို့၊ မနက်ကတည်းက မနားတမ်းလျှောက်ခဲ့တော့ ခုမွန်းတိမ်း လုပြီဗျ။ ဆာလည်းဆာနေပြီဆိုတော့ ဒီမယ်နားလိုက်ကြဦးစို့ဗျာ' သို့ပြောကာ ချောင်းကမ်းနံဘေး မြေပြန့်တောင်ကြောထိပ်တွင် ပေါက်ရောက်နေသည့် သစ်ပုပ်ပင်ကြီး၏ အောက်ခြေတွင် အောက်ပေါင်း ရှင်းသည်လည်း ဖြစ်၍ သယ်ပိုးလာသော မျောက်ကောင်သေကို မြေပေါ်သို့ ပစ်ချကာ ထိုင်လိုက်ကြတော့၏။

'ကျွန်တော်လည်း ကိုပိုက်လိုပါပဲဗျာ' ဆိုလျက် လင်းမြင့်လှိုင် သည် ကျွန်တော့်နားတွင် ထိုင်ချလေပြီး သစ်ပုပ်ပင်ကို ကျောမှီ လိုက်တော့၏။ ကျွန်တော် သူ့ကိုပြုံး၍ကြည့်လိုက်၏။

လင်းမြင့်လှိုင်သည် သူ့ဘောင်းဘီအိတ်အတွင်းမှ ဝီစကီပုလင်း ပြားကလေးကို ထုတ်ကာ ကမ်းပေးလာတော့၏။

ကျွန်တော်သည် လှမ်းယူလိုက်ပြီး အဖုံးဖွင့် တစ်ကျိုက်မော့ သောက်လိုက်ကာ ပြန်ကမ်းပေးရင်း-

'ရေစပ်မယ်သွားပြီး မျောက်ကောင်သေကို အရေဆုတ်ချေဦး မယ်ဗျာ' ဆိုလျက် ထိုနေရာလေးမှ မျောက်ကောင်သေကို ကောက်ယူ ထွက်ခဲ့တော့၏။

ကျွန်တော်သည် ချောင်းမကြီး၏ တစ်ဘက်ကမ်းပါးယံတွင် ဆင်လျက် စီးဆင်းနေသည့် ရေစီးကြောင်းလေးတွင် ဖြစ်ပေါ်နေသည့် ဒူးဆစ်သာသာ ရေအနက်ရှိ အိုင်လေးအောက်ဘက် ခပ်ကျကျ နေရာလောက်တွင် ထိုင်လျက် မျောက်ကောင်သေကို အရေဆုတ်

www.burmeseclassic.com

www.burmeseclassic.com

## (၃၂) ကိုပိုက်

အသားဖျက်လိုက်တော့၏။

လက်တစ်မိုက်ခန့် အသားတုံးလေးများကို တံစို့ထိုးလိုက်၏။ သည့်နောက် ခေတ္တနားနေ စခန်းနေရာလေးသို့ ပြန်သွားလိုက်သည်။

လင်းမြင့်လှိုင်သည် အရှံသင့် ထင်းမီးပုံလုပ်ပြီး ဖြစ်နေသည်ကြောင့် အသားသီတံစို့များကို မီးပုံနံဘေးတွင် အစီအရီစိုက်ထောင်လိုက်၏။ ပြီးနောက် သစ်ပုပ်ပင်ကြီးအခြေတွင် မှီထိုင်လိုက်ကာ နားနေလိုက်တော့သည်။ လင်းမြင့်လှိုင်သည် သေနတ်ဆွဲ၍ ချောင်းဘက်သို့ ထွက်သွားသည်ကို တွေ့လိုက်ရပြီးနောက် မကြာမီအချိန်ကလေးဝယ် ကျွန်တော်သည် အိပ်ပျော်လုမတတ် မျက်လုံးများ မှေးစင်းသွားတော့၏။

မည်မျှကြာကြာ သို့ဖြစ်သွားလေသည်မသိ။

'ဒိန်း'

သို့နှယ် ယမ်းအားပေါက်ကွဲသံကြောင့် မျက်လုံးကျယ်လာရတော့၏။ လင်းမြင့်လှိုင် ပစ်ခတ်လိုက်သော သေနတ်သံဖြစ်ချိမ့်မည်။

သေနတ်သံ ဘယ်က ထွက်ပေါ်လာမှန်း မသိလိုက်ရသဖြင့် နားစွင့်ထားလိုက်သည်။

အတန်ကြာသည့်တိုင် သေနတ်သံ ထပ်မံထွက်ပေါ်လာခြင်းမရှိချေ။ လင်းမြင့်လှိုင်၏ ပစ်မှတ်သားကောင်သည် တစ်ချက်တည်းဖြင့် ဇီဝိန်ချုပ်သွားသောကြောင့် ဖြစ်မည်။

သို့ကြောင့် မျက်လုံးကျယ်လာသည်နှင့် ထပ်မံ မမှိန်းလိုတော့သည်လည်းဖြစ်၍ နေရာမှ ထလိုက်ကာ ချောင်းဘက်သို့ လျှောက်သွားလိုက်တော့သည်။

လန်းဆန်းသွားရလေ၏။ ရေချိုးလို၍ ဖြစ်၏။

သို့ဖြင့် ကျွန်တော်သည် ချောင်းထဲသို့ ရောက်ခဲ့သည်တွင် လွှန်မင်းစွာ အံ့ဩထိတ်လန့်ဖွယ်ကောင်းသော မြင်ကွင်းကို မြင်လိုက်ရ

www.burmeseclassic.com



တော့၏။

'ဟင်'

လင်းမြင့်လှိုင်ပါတလား။ ချောင်းအထက်ဘက် ခပ်လှမ်းလှမ်းမှ ပြေးလာနေ၏။

ရေးကြီးသုတ်ပြာနှင့် ဘယ်လိုအသက်အန္တရာယ်နှင့် ကြုံလာပါလိမ့်။

'ကိုလင်း. . . ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

အနားကိုရောက်လာလုတွင် ကျွန်တော်က မေးလိုက်၏။

'ကိုပိုက်. . . မြန်မြန်. . . မြန်မြန်'

သို့ အမောတကြီးပြောလေပြီး နောက်ပြန်လှည့်ပြေးလေသည် ကြောင့် ကျွန်တော်သည်လည်း သူ့နောက် အပြေးကလေး လိုက်သွားတော့သည်။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

သို့နှယ် နောက်မှ ပြေးလိုက်ရင်းမေးလိုက်၏။

သို့သာပြောရင်း ချောင်းတစ်ဘက်ကမ်းသို့ လမ်းလွှဲတက်သွားလေသဖြင့် ကျွန်တော်သည်လည်း မည်သို့မျှ မေးစမ်းခြင်းမပြုလေတော့ဘဲ သူ့နောက်သာလျှင် အမီလိုက်ပြေးခဲ့တော့၏။

ချောင်းတစ်ဘက်ကမ်း တောင်ကြောကလေးအတိုင်း ပြေးသွားနေခြင်း ဖြစ်၏။

တစ်စုံတစ်ရာနောက် အမီပြေးလိုက်နေခြင်းဖြစ်၏။

ထိုတောကြောကလေးတွင် ဝါးသုန်းများ ပေါက်နေခြင်းကြောင့် ဖင်တဝါးဝါးပြေးခဲ့ရာမှ ကျွန်တော်သည် တစ်စုံတစ်ရာကို ခလုတ်တိုက်ကာ လျှသွားတော့၏။

'အား'

သို့ ကျွန်တော်၏ အသံကြောင့် လင်းမြင့်လှိုင်သည် ဆက်မပြေး

www.burmeseclassic.com

www.burmeseclassic.com



သောတော့ဘဲ ကျွန်တော့်ကို လှည့်ကြည့်ပြီး-

'ဟင်. . . ဘယ်လိုဖြစ်ရတာလဲ ကိုပိုက်' ဆိုလျက် ကျွန်တော့်ထံ ပြန်ပြေးလာတော့၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို ဆွဲထူရင်း ရှေ့ဦးတည်ရာ ဘက်သို့ လှမ်းလှမ်းကဲကြည့်နေလေတော့သည်။

လင်းမြင့်လှိုင် ဆွဲထူပေးမှုကြောင့် ကျွန်တော်သည် တွယ်မိ မတ်တပ်ရပ်လိုက်နိုင်သည်တွင် မမြင်မစမ်း ခလုတ်တိုက်မိသော မြေပြင်ရှိ မာကျောကျောအရာကို ပြန်ကြည့်လိုက်၏။

'ဟာ'

လွန်စွာမှ ကြီးမားသော ရွှေတောင်လိပ်ကြီးဖြစ်သည်။

'အတော်ပေပဲဗျ၊ လိပ်တစ်ကောင် ထပ်ရလိုက်ပြန်ပြီ'

သို့ပြောလျက် ကျွန်တော်သည် လိပ်ကိုကောက်ယူ ပွေ့လိုက်သည်။

လင်းမြင့်လှိုင်သည် စိတ်ဝင်စားမှုမရှိ။ ကျွန်တော့်ကြောင့် သူအမိလိုက်နေသော သတ္တဝါတစ်ကောင်၏ မျက်ခြည်ပြတ်ခံလိုက်ရခြင်း အတွက် စိတ်ဘဝင်မကျ ဖြစ်နေပုံပင်။ သို့ကြောင့်-

'ဘယ်လိုတုံး ကိုလင်းရဲ့၊ ဘာကောင်နောက်ကို လိုက်နေတာတုံး ကျွန်တော်တော့ ဘာမှ မတွေ့မိပါကလား' ရယ်လို့ ပြောလိုက်၏။

'ကိုပိုက် မမြင်မယ့်သာ မမြင်တယ်၊ ထင်ထင်ရှားရှားကြီးရယ် မြန်တာတော့ မပြောလေနဲ့ဗျ'

'ဘာကောင်တုံး'

'အဲဒါသိချင်လို့ စခန်းကိုစွန့်ပြီး အမီလိုက်ခဲ့တာပေါ့'

သို့ပြောလာသည့် စကားကြောင့် ကျွန်တော် အံ့သြမိတော့၏။

'ဘယ်လိုဗျ. . . စခန်းကို စွန့်ခဲ့တယ်ဆိုတော့ ဟိုနေရာပြန် မသွားတော့ဘူးပေါ့။ နို့ဖြင့် မျောက်သားကင်တွေ နှမြောစရာရယ်ဗျာ

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တက်နိုင်မလဲဗျာ။ ခုလည်းလိပ်တစ်ကောင်ရပေပြီပဲ။ ကဲ လာ ရှေ့နားက တောင်ကြောမ,ပေါ် သွားကြစို့။ အဲဒီကျမှ နားနေ ကြပေါ့ဗျာ'

သို့ဖြင့် သူ၏ ဦးဆောင်မှုဖြင့် ဝါးရုန်းတောကို ဖြတ်ပြီးနောက် တောင်ကြောမ,ပေါ် တက်ခဲ့ကြတော့၏။

'ဘာကောင်တုံးဗျ၊ ဘယ်လိုပုံသဏ္ဌာန်ရှိလဲ'

'ကျွန်တော့်စိတ်ထင် လူတစ်ယောက်ပဲ ဖြစ်နိုင်တယ်ဗျ'

'အမဲလိုက်မုဆိုးဆိုလျှင်ဖြင့် ဘာလို့ မည်းညစ်စုတ်ပြတ်နေတာ လဲဗျ မျက်နှာကိုတော့ ကောင်းကောင်းမမြင်ရဘူး၊ ဆံပင်က စုတ်ဖွာဖွာ ပဲ'

'ကျွန်တော်တော့ ကိုလင်းနောက်သာ လိုက်ခဲ့ရတယ်။ ဘာကောင် ကောင် လိုက်လို့လိုက်မှန်း မသိပါဘူးဗျာ'

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တောင် ကြောမကြီးပေါ် သို့ ရောက်လာကြတော့၏။

တောင်ကြောမကြီးသည် လွန်စွာမျှ ကျယ်ပြန့်လှ၏။

မြက်ရိုင်းပင်နှင့် ချုံနွယ်ပင်တို့ဖြင့် အောက်ပေါင်းရှုပ် နေသော် လည်း တောင်ကြောအလယ်လောက်တွင် ဆင်လမ်းရှိ နေတော့၏။ ချုံပင်နှင့် အခြားသော အပင်တို့ကိုျုံးတိုးကျဲတဲ ပေါက်လျက်ရှိချေ၏။

ဤတောင်ကြောသည် အမြင့်ဆုံးဖြစ်ဒြိမ့်မည်။ တစ်ဖက် ချောက်တွင် စိမ်းစိမ်းစို၊ မှိုင်းပျပျ တောင်ကြားတို့ကို မိုး၍မြင်ရ၏။

ကျွန်တော်သည် အဝေးသို့ လှမ်းကဲကြည့်ရာမှ ဆားဖြူပင် ပေါက်ပေါက်နေသည့် နေရာလေးသို့ လှမ်းကဲကြည့်လိုက်၏။

ဆားဖြူပင်တို့သည် ဖင်လုံးကျွတ်နီးနီး သီးလို့နေကြ၏။ ဆားဖြူပင် ဘက်သို့သွားကာ အလုံးလှလှ ကြီးကြီးပြောင်ပြောင် ဆားဖြူသီး ကြင်ဆယ်ခန့်သို့ ဆွတ်ခူး၍ ဘောင်းဘီအိတ်တွင် ထည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အသီးလှလှ ကြီးကြီးတစ်လုံးကို ပါးစပ်တွင် ပစ်ထည့်ကာ သွာ
ဖြင့် တစ်ချက်ဖိကိုက်လိုက်ပြီး အရည်ကိုစုပ်သွင်းလိုက်၏။

ချဉ် ဖန် ခါး အရသာရှိချေ၏။

ကျွန်တော်သည် တောင်စောင်းထဲရောက်လျှင် ဆားဖြူသီးတို
တွေ့ပါက လေးငါးလုံးခန့်ကို ကိုယ်နှင့်မကွာ ယူဆောင်ထားတတ်၏

ထိုဆားဖြူသီးကို ကိုက်၍ငုံထားကာ တစိမ့်စိမ့်စုပ်ယူလေလျှ
ရေငတ်ပြေ၏။ အမောလုံလေခြင်းကြောင့် ဖြစ်သည်။

'ကဲ. . . ကိုပိုက်ရေ. . . ရှေ့နားက ကျွန်းပင်ကြီးအောက်မ
အောက်ပေါင်းလည်း ရှင်းတယ်။ အရိပ်လည်းရတယ်၊ နှပ်ကြစို့ဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ထိုကျွန်းပင်အောက်သွား
ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ထိုကျွန်းပင်အောက်တွင် ထိုင
ခလုတ်တိုက်မိစဉ် တွေ့ရှိရသည့် လိပ်ကောင်ကို ရင်ခွဲအသားထုတ်
မီးကင်လိုက်လေပြီး ဝီစကီနှင့် ကော်စားရင်း နားနေလိုက်ကြတော့

'ကိုလင်း. . . ခြေရာခံလိုက်နေတဲ့သူနဲ့ ဘယ်လိုဆုံကြတာ

စားသောက်ရင်းမှ ကျွန်တော်ကမေးလိုက်သည်။

'ခြေလက်ဆေးဖို့ ကျွန်တော်ချောင်းဘက်ဆင်း ချောင်းအ
ဘက်မယ်နားမယ် ကုန်းကုန်းကွကွနဲ့ လူတစ်ယောက်လှမ်းတွေ့လိုက်
ဒီနေရာတစ်ဝိုက် အခြေအနေ မေးလိုတာနဲ့ သူရှိရာ သွားလိုက်တ
လျှင်ပဲ အဲဒီလူက လှမ်းတွေ့ပြီး ရုတ်ချည်းဆိုသလို ပြေးသွားတော့တ
ပြေးစကတော့ ဝေးဝေးလံလံပြေးတာတော့ မဟုတ်ဘူးဗျ။ ချောင်းဖ
ဘေး သစ်ပင်ချုံကွယ်နောက်ကနေ ပုန်းကွယ်ပြီး ကျွန်တော် အခြေအ
ကိုကြည့်လိုက်တယ်ဗျ။ ဒီတော့ ကျွန်တော်ကလည်း တစ်ယောက်
သူ့နားမသွားဝံ့တာနဲ့ ကိုပိုက်ကို လာပြန်ခေါ်တာလေ'

သည်တော့မှ ကျွန်တော်သဘောပေါက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့များ ကျွန်တော်တို့ကို အတွေ့မခံချင် ရတာပါလိမ့်။ ကြောင့် ကျွန်တော်လည်း အဲဒီလူက ပျောက်ဆုံးနေတဲ့ မုဆိုးအောင်ဦး ား မုဆိုးကြီးမြေသားလား။ တစ်ယောက်ယောက် ဖြစ်လိမ့်မယ် ထင်ပြီး ဆုံးခြည်ပြတ်မခံ လိုက်ခဲ့တာပဲပေါ့'

သို့နှယ် လင်းမြင့်လှိုင်ကပြောပြီး ကျွန်တော့်လက်တွင်းမှ စက္ကူပြားလေးကို လှမ်းယူလိုက်ကာ တစ်ငုံမော့သောက်လိုက် ပြန်၏။

လိပ်သားကင်ကို ယူမြည်းစားလိုက်ပြန်သည်။ ဝီစကီပြားနှင့် လိပ်သားမီးကင် ကုန်သည်တွင် ကျွန်တော်တို့သည်လည်း ထိုနေရာ သောက်မှ ထွက်ခဲ့ကြပြန်တော့၏။

'ဖာလာစခန်းကို အရောက်သွားမယ်ဗျာ'

သို့ လင်းမြင့်လှိုင် အဆိုပြုသလို ဖာလာစခန်းသို့ မှောင်စပျိုး တွင် ရောက်ခဲ့ကြတော့၏။

'အတော်ပဲဗျ။ ဖာလာစခန်းမယ် သစ်ခုတ် ဝါးခုတ်သမားတွေ ရှိသေးတယ်ဗျ'

အဝေးမှ လှမ်းမြင်လိုက်ရသည့် မီးရောင်လဲ့လဲ့လေးကြောင့် သို့နှယ် ကျွန်တော်က ပြောလိုက်ခြင်းဖြစ်သည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အားတက်သရော ထိုမီး ရောင်လဲ့လဲ့ ရှိရာသို့ လျှောက်ခဲ့ကြရာမှ လှမ်းကြည့်ရင်းလာရင်း ကြား င် ထိုမီးရောင်လဲ့လဲ့လေးသည် ပျောက်သွားတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ကံအားလျော်စွာ ဖာလာစခန်း နေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြတော့သည်။

'ဟင်'

'ဟာ'

ဖာလာစခန်းတွင် ဝါးခုတ်တဲပေါင်း သုံးလေးလုံးခန့်တွေ့လိုက် သော်လည်း လူနေကြပုံ မပေါ်ချေ။ ပျက်စီးယိုယွင်းလို့ပင် နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## (၃၈) ကိုပိုက်

'စောစောက မီးရောင်လှမ်းတွေ့လိုက်ပါတယ်ဗျာ'

သို့နှယ် ကျွန်တော်က တဲပျက်တို့ကိုကြည့်ရင်း မကျေမနပ် ပြော လိုက်၏။

'ကျွန်တော်လည်း မြင်လိုက်သားဗျ'

သို့နှယ် လင်းမြင့်လှိုင်ကလည်းပြောရင်း တဲပျက်တို့မှအကောင်း ထဲက အဆိုးဆိုသလို တောင့်တောင့်တင်းတင်း ရှိဟန်တူသော တဲတစ်လုံးပေါ် တက်ထိုင်လိုက်တော့၏။

'ကျွိ . . . ကျွိ . . .'

သို့နှယ် တက်ထိုင်ပြီး တဲကြမ်းခင်းပေါ် အသေအချာ ကြည့်နေ၏။

'ဟာ . . . ဒီမယ်' ဆိုလျက် လင်းမြင့်လှိုင်ပေါ်မှ တစ်စုံတစ်ခု ကို ကောက်ယူကြည့်နေလေသည်ကြောင့် ကျွန်တော်သည်လည်း လှမ်းကဲကြည့်လိုက်၏။

ရှိုင်ဖယ်ကျည်တစ်တောင့်ပါလား။

'ကျွန်တော်တို့ ဝေးဝေးက လှမ်းမြင်လိုက်ရတဲ့ မီးရောင်ဟာ သည်တဲက ဖြစ်နိုင်သဗျ။ ဒီရှိုင်ဖယ်သေနတ် ကျည်တစ်တောင့်ဟာ ဒီလူမယ်ရှိနေတဲ့ သေနတ်နဲ့ ကျည်ဖြစ်မယ်။ ကျွန်တော်တို့လာနေတာ သိတာနဲ့ ထွက်ပြေးသွားတာ၊ နို့မဟုတ် ရှောင်ပုန်းနေတာ ဖြစ်လိမ့်မယ်'

'ဖြစ်နိုင်တယ် ကိုလင်း၊ ဘာလို့များ ကျွန်တော်တို့ကို အတွေ့ မခံချင်တာပါလိမ့်၊ နို့ဆိုလျှင်ဖြင့် သံတွင်းကြီးရွာသား မုဆိုးကြီး မြေသားများ ဖြစ်နေလေမလား'

'မပြောတတ်ဘူးဗျ'

'နို့ဖြင့် ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ'

သို့ ကျွန်တော်က မေးလိုက်၏။

'ဒီမှာပဲ စခန်းချ ညအိပ်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင် စကားကြောင့် ကျွန်တော် တုန်လှုပ်သွား၏။

'ဖြစ်နိုင်ပါ့မလား ကိုလင်းရယ်၊ ကျွန်တော်တို့အတွက် အန္တရာယ် မရှိနိုင်ပေဘူးလား' ရယ်လို့ မေးလိုက်သည်တွင် လင်းမြင့်လှိုင်သည် သူ့ဝသီအတိုင်း သွားစွယ်လေးနှစ်ချောင်းပေါ်အောင် ပြုံးပြလာပြီး-

'ဘယ်လိုဖြစ်နိုင်မှာလဲ ကိုပိုက်ရယ်။ ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင် မတွေ့ချင်လို့ ထွက်ပြေးရှောင်ပုန်း သွားပြီးပဲဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ဝါးကြမ်းခင်းပေါ် လှဲချလိုက်တော့သည်။

လင်းမြင့်လှိုင်တစ်ယောက် စိတ်အေးလက်အေး နားနေနိုင်ပေမင့် ကျွန်တော်သည် စိတ်မလုံ၊ ကျောမလုံပါချေ။ သို့ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် ဝေ့ဝိုက်ကြည့်လိုက်၏။

ခပ်လှမ်းလှမ်းမှ ဂျီ(ချေ)ကောင်ငယ်၏ မျက်လုံးဝင်းဝင်းတစ်စုံနှင့် မဝေးလှသောချောင်းစပ်တွင် ပေါက်လျက်ရှိသော 'ဆေးရိုးပင်' ထိုင်းဖျားတစ်ခုပေါ်မှ အစာချောင်းနေသော ညဉ့်ငှက် (ဇီးကွက်)ကောင်၏ ဝိုင်းစက်စက်မျက်ဝန်းတစ်စုံမှလွဲ၍ ထူးခြားမှုမည်သို့မျှမရှိ။ တိတ်ဆိတ်ငြိမ်သက်လို့ရှိတော့သည်။

'ဟင်း'

ကျွန်တော်သည် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး တဲပေါ်မှ ဆင်းလိုက်သည်။ ပြီးနောက် တဲပတ်ဝန်းကျင်တွင် တွေ့ရသည့် သစ်ကိုင်း သစ်တုံးခြောက်များကို စုပုံ၍ မီးဖိုလိုက်တော့သည်။

ထင်းမီးတောက် အရှိန်ကောင်းလာသည်တွင် ဆေးရိုးပင်ပေါ်ရှိ ညဉ့်ငှက် (ဇီးကွက်)ကောင်သည် အားယူခုန်လွှား ပျံသန်းသွားခြင်းကြောင့် သူနားနေသော သစ်ကိုင်းသည် လှုပ်ခါသွားတော့၏။

သို့ဆိုသလို ခပ်လှမ်းလှမ်းရှိ ဂျီ(ချေ)ငယ်ကောင်လေးသည်လည်း ခုန်ပေါက်ပြေးထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

 တိုပိုက်

'ဝေါင်း'

အတန်ကြာကြာတွင် ဂျို(ချေ)ငယ်ကောင် ပြေးထွက်သွားရာ ယင်းကြောလောက်ဆီမှ ဟင်းကောင်(ကျား)၏ အသံကြားလိုက်ရသည် ကြောင့် ဂျို(ချေ)ငယ်ကောင်လေး၏ ကံကြမ္မာကို တွက်ဆလိုက်ပြီး ဖြစ်တော့သည်။

ကျွန်တော်၏ ပယောဂ မကင်းသည်ကိုလည်း သိလိုက်၏။ ကျွန်တော် မီးပုံမလုပ်ဘဲ လင်းမြင့်လှိုင်ကဲ့သို့ လှဲအိပ်ချလိုက်မည် ဆိုပါက ဂျို(ချေ)ကောင်ငယ်လေးသည် ထိုနေရာလေးမှ ခြေဦးတည့်ရာ ပြေးလွှားစရာ အကြောင်းမရှိနိုင်ချေ။ ထင်းမီးရောင် မြင်လိုက်သည် ကြောင့် ဂျို(ချေ)ကောင်လေးသည် ကြောက်လန့်တကြား ပြေးသွားမိခြင်း ကြောင့် ကျားရှေ့မှောက်လျက်လဲဆိုသလို ဟင်းကောင်(ကျား)ရှိရာသို့ ပြေးသွားမိခြင်း ဖြစ်တော့၏။

ဘယ်တတ်နိုင်ပါ့မလဲရယ်လို့ မိမိကိုယ်မိမိ ဖြေသိမ့်လိုက်ပြီး ဝါးတဲပေါ် ပြန်တက်၍ လင်းမြင့်လှိုင်နားတွင် လှဲချလိုက်တော့သည်။ မကြာမီအချိန်ကလေးတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည်တော့မသိ။ ချိုးချိုးချွတ် ချွတ် အသံကြောင့် တစောင်းအိပ်လျက်မှ မျက်လုံးကို ဖွင့်လိုက်၏။

'ဟာ'

ကျွန်တော်တို့တဲနှင့် မနီးမဝေးရှိ ပျက်ဆီးယိုယွင်းနေသော တဲပေါ်တွင် လူတစ်ယောက် ငုတ်တုတ်ထိုင်နေသည်ကို ထင်းမီးရောင်ဖြင့် လှမ်းတွေ့လိုက်သည်ကြောင့် ကပျာကသီထလိုက်ကာ သေနတ်ကို လှမ်းချိန်လိုက်၏။

ထိုတဲပေါ်မှလူသည် ကျွန်တော်၏ လှုပ်ရှားမှုကြောင့် ဘေး တိုက်အနေအထားမှ ခေါင်းပြန်ငဲ့လာပြီး ရုတ်ခြည်းပိုသလို ခုန်ဆင်း ၍ ချောင်းဘက်သို့ ပြေးဆင်းသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း'

ထိုသူ ချောင်းစပ်တွင် ပုံလျက်လဲကျသွားတော့သည်။

ကျွန်တော်ပစ်လိုက်ခြင်းကြောင့် မဟုတ်။ တစ်စုံတစ်ရာကို တိုက်မိ၍ လဲကျသွားခြင်း သို့မဟုတ် အထိတ်အလန့်ဖြစ်ကာ အားကုန် လဲကျသွားခြင်း ဖြစ်မည်။ ဘယ့်အတွက်မူ ကျွန်တော့်အနေဖြင့် လှမ်းပစ်လိုက်သည်ဆိုငြား မိုးပေါ်ထောင်၍ ပစ်လိုက်ခြင်းဖြစ်သည်။

သေနတ်သံကြောင့် လင်းမြင့်လှိုင်သည် အိပ်ရာမှ နိုးလာတော့၏။

'ဘာဖြစ်တာလဲ ကိုပိုက်'

သို့နှယ်မေးလာသော်လည်း ကျွန်တော့်နောက်မှ ကပ်လိုက်လာတော့၏။

'ဟင်'

ချောင်းစပ်တွင် လဲကျနေသော လူသည် မှောက်ခုံကြီး ဖြစ်နေသည်ကြောင့် သူ၏ ပုခုံးစွန်းနှစ်ဖက်ကို ဆွဲကိုင်လှည့်လိုက်သည် တွင် ထိုသူ၏မျက်နှာကို မြင်လိုက်ရသည်တွင် တုန်လှုပ်သွားမိတော့၏။

လွန်စွာမျှ ရုပ်ဆိုး၍ ကြောက်မက်ဖွယ်ကောင်းသော ဒဏ်ရာ ဗရပွဖြင့် ရှိချေတော့၏။ လက်တစ်ဖက်သည်လည်း တံတောင်လောက်မှ နေ၍ ပြတ်နေသေးသည်။ ပက်လက်အနေအထားဖြင့် မျက်လုံးလေး ကလည်ကလည် ဖြစ်နေ၏။

'မင်း ဘယ်သူလဲ၊ ဘယ်ရွာကလဲ'

သို့နှယ် ကျွန်တော်က သူ၏ရင်ဝကို သေနတ်ပြောင်းဖြင့် တေ့ထားလေပြီး မေးလိုက်ရာ-

'အောင်ဦး'

'ဟင်'

'ဟာ'

www.burmeseclassic.com

www.burmeseclassic.com



'အောင်ဦးဆိုပါကလား။ သို့ဆိုပါလျှင် သံတွင်းကြီးရွာသား မုဆိုး အောင်ဦး ဖြစ်ခဲ့မည်။'

'ဟဲ . . လာပါ။ တို့က မင်းရန်သူ မဟုတ်ပါဘူး။ ထွက်ပြေးရော မသိပါဘူး ငါတို့တဲမှာ လာအိပ်ချေ။ ဆာလျှင်ဖြင့် လိပ်သားမီးကင်ရှိတယ်'

သို့ပြောကာ ကျွန်တော်သည် ထိုသူ့ကို ဆွဲထူ၍ တဲရှိရာသို့ ခေါ်လာလိုက်သည်။

'မင်း သံတွင်းကြီးရွာက မဟုတ်လား'

သို့ ကျွန်တော်က တဲပေါ်တွင် နေသားတကျထိုင်မိပြီးသည်တွင် မေးလိုက်၏။ ကျွန်တော်၏အမေးကို မဖြေသေးဘဲ အံ့သြစွာဖြင့် ကြည့်နေတော့၏။

'ဘယ်လိုသိတုံး'

အတန်ကြာလေမှ သို့မေးလာ၏။

သည်တွင် ကျွန်တော်က သံတွင်းကြီးရွာသူကြီး ပြောပြသည့် မုဆိုးကြီးမြေသား ပြောပြသောဇာတ်လမ်းကို အသေးစိတ် ပြန်ပြောလိုက်၏။ ပြီးလေမှ 'မုဆိုးကြီးမြေသားနဲ့ ပါသွားတဲ့အောင်ဦး ဆိုတာ မင်းလား' ရယ်လို့ မေးလိုက်သည်တွင် ပျက်စီးနေသော သူ့မျက်နှာသည် ထပ်ပျက်သွားလေပြီး 'ဟုတ်တယ်' ရယ်လို့ တစ်ခွန်းသာပြောလေ၏။

'ဒို့ဖြင့် မုဆိုးကြီးမြေသားထားခဲ့ပြီး စခန်းကတစ်ယောက်တည်း ထွက်သွားတာ ဘာကြောင့်လဲ' ဟု ကျွန်တော်က မေးလိုက်ပြန်၏။

သည်တွင် ထိုသူက-

'မြေသားဆိုတဲ့ အဘိုးကြီးက လိမ်ပြောတာ'

သို့ ပြောလေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် ထိုသူ့ကို အံ့ဖွယ်ကောင်းသော သတ္တဝါတစ်ကောင်အလား မှတ်ယူကာ ကြည့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ပြောတာ ယုံပါဗျာ။ ဒီလူကြီး ရွာပြန်ပြေးပြီး လုပ်ဇာတ်ခင်းပြောတာတွေပါ'

'နို့ဖြင့် မင်းငါတို့ကို ဘယ်လိုတွေဖြစ်ခဲ့ကြသလဲဆိုတာ ပြောပြစမ်းပါဦး'

သို့ ကျွန်တော်က ပြောလိုက်သလို တစ်ချိန်လုံး ငြိမ်သက်နေသော လင်းမြင့်လှိုင်က-

'မုဆိုး ဆိုးပေ ဟင်းကောင်(ကျား) ကိုက်ခံရလို့ သေပြီဆိုတာကော ဟုတ်လား။ ပြီးတော့ မီးလောင်ကုန်းရွာသား ဝါးခုတ်သမားနှစ်ယောက်ကကော ဘယ်ရောက်နေကြလဲ' ရယ်လို့ ဝင်မေးပြန်၏။

သည်တွင် ထိုလူသည် အဝေးသို့လှမ်းကြည့်လိုက်ပြီး အံကိုကြိတ်လျက် 'မီးလောင်ကုန်း ရွာသားနှစ်ယောက်တော့ ရွာပြန်ရောက်မရောက်မသိဘူး။ မုဆိုး ဆိုးပေကတော့ တကယ်ပဲ ဟင်းကောင်(ကျား)စာဖြစ်သွားရှာတယ်။ အင်မတန် သနားစရာကောင်းတာကလား။ ဟိုလူကြီး 'မြေသား' အသုံးမကျလို့ ဖြစ်ရတာ၊ ပြီးတော့'

သို့သာပြောပြီး သူ့စကားကို ရပ်လိုက်သည်ကြောင့်-

'ပြီးတော့ ဘာဖြစ်လဲ၊ ပြောစမ်းပါဦး'

သို့နှင့် လင်းမြင့်လှိုင်က ဝင်ထောက်မေးလိုက်ရပြန်သည်။

'ကျွန်တော့်စကားကို ယုံမယ်ဆိုလျှင်ဖြင့် ပြောပြမယ်ဗျာ' လို့ ပြောလာသဖြင့်-

'ဘာမယုံစရာရှိလဲကွာ၊ ငါတို့ကို အမှန်အတိုင်း ပြောပြ၊ မင်းကို ကူညီသင့်လျှင်ဖြင့် ကူညီမယ်'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် အံ့အားသင့်သွားလေပြီး 'ကျွန်တော့်ကို ဘာအကူအညီပေးစရာ လိုမှာတုံး' ဟုသာ ပြောလာသဖြင့် 'မုဆိုးကြီးမြေသား ဒီတောထဲကို ပြန်လာနေပြီဆိုတော့ မင်းနဲ့များ ပတ်သက်လေမလား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်ပြန်သည်တွင် ထိုသူသည် လွန်မင်းစွာ တုန်လှုပ်သွားလေပြီး သူ့ဘယ်လက်ဖြင့် သူ့ညာလက်မောင်းကို ဖမ်းဆုပ်ကိုင်လိုက်၏။

ကျွန်တော်သည်ပင် စိတ်မကောင်းဖြစ်မိတော့၏။

သူ၏ အားကိုးရာ ညာဘက်လက်မရှိတော့ခြင်းအတွက် စိတ်မကောင်း ဖြစ်မည်ဆိုက ဖြစ်နိုင်လောက်ပေ၏။

'စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ငါတို့ရှိပါတယ်။ ငါတို့ကလည်း မုဆိုးကြီးမြေသားကို သက်မကင်းဖြစ်လို့ လိုက်လာခဲ့ကြတာပါ။ ခုလို မင်းနဲ့တွေ့ရတော့ ပိုလို့အဆင်ပြေသွားတာပေါ့ကွ'

သို့ပြောလိုက်သည်တွင် ထိုသူ၏မျက်လုံးအစုံသည် ဝင်းပလို့ လာချေတော့သည်။ ပြီးနောက် အားကိုးတကြီး လှည့်ကြည့်လာပြီး-

'ကျွန်တော်တို့ မုဆိုးဖိုးတေကို မနာလိုဖြစ်ပြီး ကျားတစ်ကောင် ပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောထဲကို လာခဲ့ကြတယ်။ အဲဒီအဖွဲ့မယ် သမ္ဘာရင့်မုဆိုးကြီးမြေသားက ဦးဆောင်ခဲ့တာပေါ့၊ ဒီအစီအစဉ်ကလည်း ကျားကိုက်လို့သေသွားတဲ့ မုဆိုး ဆိုးပေ မြှောက်ပင့်စကားကြောင့် ကျားပစ် ထွက်ခဲ့ကြတာပါ' ဆိုလျက် အစချီပြီး ပြောပြလေသည်မှာ-

မုဆိုးကြီးမြေသား၊ မုဆိုးအောင်ဦး၊ ဆိုးပေတို့သည် ဟင်းကောင် (ကျား) ပစ်ရန်အလို့ငှာ ဖာလဲာစခန်းသို့ ထွက်ခဲ့ကြသည်။

ဖာလာစခန်းတွင် ဝါးခုတ်သမားနှစ်ယောက်နှင့် ဆုံကြ၏။ ဝါးခုတ်သမားနှစ်ယောက်သည်လည်း သူတို့၏ ဝါးခုတ်ကွက်အတွင်း ကျားကောင်ခြေရာတွေ့သည် ပြောသဖြင့် သူတို့သည် ဖိုးကျိုင်းတုတ် ဖြစ်သွားကြတော့၏။ သို့ဖြင့် ဝါးခုတ်သမားနှစ်ယောက်နှင့်အတူ ဝါးခုတ်ကွက်အတွင်း သွားခဲ့ကြသည်။ တစ်ဖန် ခြေရာကောက်လိုက်ခဲ့ကြရင်း ဟင်းကောင်(ကျား)နှင့် ပက်ပင်းတိုးခဲ့ကြရာတွင် မုဆိုး ဆိုးပေ၏ မိုက်မဲမှုကြောင့် ဟင်းကောင်ကို ဒဏ်ရာအနာတရ ဖြစ်လောက်ရုံသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေတော့၏။ သည်တွင် ကျားကောင်၏ ကျားနာခဲ တိုက်ခိုက်ခြင်းကို ခံကြရတော့၏။

ဟင်းကောင်၏ အဓိကပစ်မှတ်မှာ ဆိုးပေဖြစ်ခဲ့ရချေသည်။

'ကိုမြေသား ပစ်မယ်ဗျာ၊ ဟိုမယ် ဆိုးပေတစ်ယောက် ပြေးမလွတ်တော့ပြီပဲဗျာ'

ကျားကောင်သည် ဆိုးပေကိုသာ သဲကြီးမဲကြီးသတ်ပုတ်နေလေသဖြင့် သေနတ်ကို ကိုင်လျက် ငေးနေသော မုဆိုးကြီးမြေသားကို မုဆိုးအောင်ဦးက အားကိုးတကြီး သတိပေးလှုံ့ဆော်လိုက်၏။

ဝါးခုတ်သမားနှစ်ယောက်သည် ဘယ်ရောက်သွားကြသည် မသိ။

မုဆိုးအောင်ဦး၏ သတိပေးစကားကြောင့် မုဆိုးကြီးမြေသားသည် သတိဝင်လာလေသည်ကြောင့် သူ၏လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်လိုက်လေတော့၏။

'ဒိန်း'

'အား'

'ဟာ'

'ဟင်'

မုဆိုးကြီးမြေသား၏ ပစ်မှတ်သားကောင်သည် ဟင်းကောင် မဟုတ်ပေဘဲ ဆိုးပေဖြစ်သွားရချေတော့သည်။

'အတော်အသုံးမကျတဲ့လူ'

ထိုသည်လောက် ညံ့လိမ့်မည်ဟု အောင်ဦး မထင်ခဲ့။ နဖူးတွေ့ ဒူးတွေ့ တွေ့လေမှ မြေသားသည် အင်မတန် ညံ့ဖျင်းသော မုဆိုးမှန်း သိရတော့၏။

ဟင်းကောင်နှင့် ဆိုးပေသည် ပူးပူးကပ်ကပ် ရှိနေခြင်း မဟုတ်ဘဲလျက် လွဲချော်ရတယ်လို့။

www.burmeseclassic.com

www.burmeseclassic.com



လွဲချော်သည်ဆိုရာ၌လည်း လွတ်လွတ်ကင်းကင်း လွဲချော်သွားခြင်း မဟုတ်။ ဟင်းကောင်ကို မမှန်လေဘဲ လူကိုမှန်ရတယ်လို့။

ကျားကောင်သည် သူ့အတွက် အန္တရာယ်ရှိလာပြီမှန်း သိလိုက်သည်ကြောင့်လေလားမသိ။ သည်တစ်ကြိမ် ထွက်ပေါ်လာသည့်ယမ်းအားပေါက်ကွဲသံကြောင့် ထိုနေရာမှ လှည့်ပြေးသွားတော့သည်။

'ဟာ. . . လူကိုမှန်သွားတယ်ကွ'

'သေပြီ ထင်တယ်'

သို့အသံကြားလေမှ ဝါးခုတ်သမားနှစ်ယောက် သစ်ပင်ချုံကွယ်နောက်တွင် ရှိနေမှန်းသိရတော့၏။

ဆိုးပေ ကံဆိုးလေသည်။

'ကျားကောင်' ကိုက်၍မသေ၊ ကျည်မှန်၍ သေရချေပြီ။

မုဆိုးကြီးမြေသားသည် လွန်မင်းစွာ တုန်လှုပ်ချောက်ချားသွားတော့သည်။ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားတော့၏။

သူ လူသတ်မိချေပြီ။

မရည်ရွယ်လေဘဲ သတ်မိလေခြင်း ဖြစ်တော့၏။

မည်သို့ပင်ဖြစ်စေ လူသေမှုဖြင့်တော့ အရေးယူခံရပေတော့မည်။ သို့ဆိုလေတော့ မုဆိုးကြီးမြေသား လွန်စွာ စိတ်ချောက်ချားသွားတော့သည်။ 'ဟာ' 'ဟာ' 'ဟာ' ရယ်လို့သာ ဖြစ်နေတော့၏။ ထိုသည်ကြား ဝါးခုတ်သမားနှစ်ယောက်သည် ကြောက်လန့်တကြားဖြစ်ကာ ထိုနေရာလေးမှ ထွက်ပြေးသွားကြလေသည်တွင် မုဆိုးကြီးမြေသားသည် ပို၍ပင် တုန်လှုပ်ချောက်ချားသွားရပြန်၏။

ဝါးခုတ်သမားနှစ်ယောက်သည် မျက်မြင်သက်သေ ဖြစ်နေသည်ကော။

'မဖြစ်ဘူး. . . မဖြစ်ဘူး' ရယ်လို့ ပြောရင်း မုဆိုးကြီးမြေသားသည် ထိုဝါးခုတ်သမားနှစ်ယောက်နောက် ပြေးသွားလေတော့သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဦး သည်လည်း မနေသာ ပြေးလိုက်ခဲ့တော့၏။

အတော်လှမ်းလှမ်းအရောက်တွင် မုဆိုးကြီးမြေသားကို လိုက်မီခဲ့ပြား ဝါးခုတ်သမားနှစ်ယောက်ကိုမူ မတွေ့ပါချေ။

'ကိုမြေသား လာပါဗျာ၊ ဖြစ်ပြီးမှတော့ မထူးပါဘူး။ ဆိုးပေရဲ့အလောင်းကို သွားကောက်ကြတာပေါ့'

သို့နှယ် အောင်ဦးက ပြောလိုက်သည်တွင် မုဆိုးကြီးမြေသားက 'သေတဲ့လူက သေပြီပဲ၊ ခု ဟိုနှစ်ယောက်က ငါ့ကို ဒုက္ခပေးလာနိုင်တယ်၊ အလွတ်ပေးလို့ မဖြစ်ဘူး'

'ဟင်'

မုဆိုးကြီးမြေသား၏ စကားကြောင့် အောင်ဦး တုန်လှုပ်သွားမိ၏။

သူဆိုလိုချင်သည့် သဘောက ဝါးခုတ်သမားနှစ်ယောက်ကို နှုတ်ပိတ်လိုသည်ပေါ့. . . ဘုရားရေ. . .

'ဒါက တမင်ရည်ရွယ်တာမှ မဟုတ်တာဗျာ။ မတော်တဆ ဖြစ်သွားရတဲ့ ကိစ္စပေပဲ'

သို့ အောင်ဦးက နှစ်သိမ့်စကားပြောလိုက်သည်တွင်-

'အေး. . . အဲဒါ မင်းပစ်ခိုင်းလို့ ငါပစ်လိုက်ရတာ' ဟု မျက်ထောက်နီကြီးဖြင့် သူ့ကိုပြောလာလေသဖြင့် အောင်ဦးတစ်ယောက် ပို၍ပင် ချောက်ချားသွားရပြန်လေ၏။

'ကိုမြေသား. . . အဲလိုလုပ်လို့ မဖြစ်ဘူးထင်တယ်ဗျ'

အောင်ဦးက သို့နှယ် အရဲစွန့်ပြောလိုက်သည်တွင် မုဆိုးကြီးမြေသားသည် သူ့ကိုစိမ်းစိမ်းကြီး ကြည့်လိုက်လေပြီး သွားကို ဖိကြိတ်လိုက်၏၊

'ဂျိ. . . ဂျိ. . . ဂျိ. . . ဂျိ'

အောင်ဦးသည် မုဆိုးကြီးမြေသား၏ မျက်နှာကိုကြည့်နေရင်းမှ ချက်ချင်းဆိုသလိုပင် မျက်နှာကို လွှဲပစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်တွက်မူ မုဆိုးကြီးမြေသား၏ ဘီလူးသဘက်နှယ် ကြောက်စရာကောင်းသည့် မျက်နှာကြီးဖြင့် မျက်နှာချင်းမဆိုင်ရဲတော့၍ ဖြစ်၏။

'ခွပ်'

'ဟာ'

သူ ဘယ်လိုဖြစ်သွားလေသည် မသိ။ ထူပူသွားတော့၏။ ပြီးနောက် ဘာဆိုဘာမှမသိ၊ မေ့မြောသွားလေတော့၏။

မည်မျှကြာကြာ သတိမေ့သွားလေသည် မသိ။ ပြန်လည် သတိရ အသိပြန်ဝင်လာသည်တွင် သူ့မျက်နှာတစ်ပြင်လုံး သွေးတို့ ဖုံးလွှမ်းနေတော့၏။ ဦးခေါင်းမှ တဆစ်ဆစ်နာကျင်နေသည် ဖြစ်၍ လက်ဖြင့် စမ်းလိုက်သည်။

'ဟင်'

'အာ'

'နာလိုက်တာ'

သူ သိလိုက်ချေပြီ။ သတိရ မှတ်မိချေပြီ။

မုဆိုးကြီးမြေသားက သူ့ကိုသေနတ်ဒင်နှင့် လွဲရိုက်ခဲ့သည်ပဲ။ တစ်ချက်တည်းဖြင့် သူသတိမေ့သွား၍တော်သေး၏။ သူ့ကို သေပြီထင် ကာ ထားသွားခြင်းဖြစ်မည်။

ခေါင်းကဒဏ်ရာသည် ပြောပလောက်ခြင်းတော့မရှိပေမင့် သွေးထွက်လွန်းလေသည်ကြောင့် မျက်နှာတစ်ပြင်လုံး သွေးတို့စိုရွှဲနေခြင်း ဖြစ်သည်။

အောင်ဦးသည် အားယူထလိုက်ပြီး သူဘာလုပ်ရမည်ကို စဉ်းစား လိုက်၏။

'ဟာ'

သူ မုဆိုး ဆိုးပေကို သတိရလိုက်တော့၏။ သို့ကြောင့် ဆိုးပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ အပြေးကလေး သွားလိုက်တော့၏။

'ဟင်'

ဆိုးပေ မသေပါကလား။ တစ်ကိုယ်လုံးလည်း သွေးတို့ဖြင့် ချင်းချင်းနီနေတော့၏။ ဟင်းကောင်(ကျား)၏ ကုတ်ဖဲ့ထားသော ဒဏ်ရာများကလည်း တစ်ကိုယ်လုံးအနှံ့ပါကလား။ သို့ပေမင့် ထိုဒဏ်ရာများသည် အသက်အန္တရာယ်ကို ထိခိုက်နိုင်လောက်မည် မဟုတ်ပါချေ။ ရင်ဘတ်မှ ဒဏ်ရာကြောင့်တော့ဖြင့် ဆိုးပေလွန်မင်းစွာ နာကျင်ခံစားနေရပုံ ဖြစ် ၏။

ဆိုးပေသည် သူ့ကို အားကိုးတကြီးပုံစံဖြင့် ကြည့်နေရှာ၏။

သူ ဘာလုပ်ပေးနိုင်ပါလိမ့်မည်နည်း။

စောစောကတည်းက ဆိုးပေ၏ဒဏ်ရာကို သွေးထွက်မလွန်အောင်လုပ်ပြီး အားချင်းဆိုသလို ရွာပြန်ခေါ်သွားလျှင် အသက်ရှင်နိုင်ကောင်း ရှင်နိုင်ပေဦးမည်။ အချိန်တွေ အလွန်ပင် နှောင်းသွားခဲ့ချေပြီဖြစ်၏။

'ဟာ'

ဆိုးပေတစ်ယောက် သူ့လက်ပေါ်မှာပင် အသက်ထွက်သွားချေတော့သည်။

ကြည့်စမ်းပါဦး၊ အချိန်ကလည်း အတော်လင့်နေချေပြီ ဖြစ်၏။ ထို့ကြောင့် သူသည် ကပျာကသီဆိုသလိုပင် ဆိုးပေ၏ အလောင်းကို သားကောင်များ ဖျက်ဆီးစားသောက်ခြင်း မပြုနိုင်ရန် ခက်ခက်ခဲခဲ မြေတွင်းတူး၍ ကျကျနန မြှုပ်ပေးလိုက်တော့၏။

'ဆိုးပေ' မသေသင့်ဘဲ သေရခြင်းဖြစ်သည်ကြောင့် ယူကျုံးမရ ဖြစ်မိတော့၏။

'တောက်'

အင်မတန် မိုက်ရိုင်း ရက်စက်သည့်လူကြီး၊ သူ့လေးလောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်ရိုက်နှက်သွားပြန်၏။ ပြီးတော့ ဝါးခုတ်သမားနှစ်ယော
နောက်သို့လည်း လိုက်သွားပြန်၏။ ဘုရားရေ. . .

မဖြစ်ချေပြီ။

အချိန်လွန်မင်းစွာ နောက်ကျနေချေပြီ သို့ပေမင့် မီလိုမိငြ
ကြိုးစားကြည့်လိုသူဖြင့် ထိုနေရာလေးမှ ပြေးထွက်ခဲ့တော့၏။

သို့ပြေးခဲ့ရာမှ သူ့နောက်သို့ တစ်စုံဟစ်ဦး လိုက်လာနေဟ
ဖြစ်သည်ကြောင့် ပြေးလွှားခြင်းမှ ရပ်လိုက်ကာ နောက်သို့ လှည့်ကြည
လိုက်၏။

သူ၏ စိတ်ထင်နေခြင်းကြောင့်များလား။

မည်သူမျှ မည်သည့်သတ္တဝါကောင်မျှ သူ့ကို ဒုက္ခပေးရန
လိုက်လာခြင်း အလျဉ်းမရှိပါချေ။

'ဟင်း'

သို့နှယ် သူသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး ရှေ့
ဆက်ပြေးလာခဲ့သည်တွင်-

'ဟာ'

ထင်မှတ်မထားသော ချုံခိုတိုက်ခိုက်မှုကို ခံလိုက်ရတော့၏

'အား'

'အား. . . အား'

'ဟာ. . .' 'အား. . .'

ကျားကောင်၏ တိုက်ခိုက်ခြင်း ခံလိုက်ရခြင်းဖြစ်သည်။

သူ့တစ်ကိုယ်လုံး သွေးတို့ပေကျံနေခြင်းကြောင့် သွေးညှိ
သင်းပျံ့ထွက်လို့နေ၏။ သည်တော့ ကျားကောင်သည် သွေးညှိနံ့ရ
သည် ကြောင့် သို့ဆိုသလို ဒုက္ခပေးလာခြင်း ဖြစ်သည်။

သူ သတိရှိနေပေလို့ အသိရှိနေပေလို့ ပြီးတော့ ရဲဒင်းတစ်ယေ
ရှိနေလို့၊ သို့ဖြစ်၍ ရှိသမျှခွန်အားစိုက် အသုံးပြု ပြန်လည်ခုခံနေမိ

www.burmeseclassic.com

www.burmeseclassic.com



ကျားကောင်သည် ဒဏ်ရာအနာတရ ရထားသောကြောင့် သူကံကောင်း သင့်သံလောက် ကောင်းသည်ဟု ပြောရချိမ့်မည်။

သူ၏ရဲဒင်းခုတ်ချက်သည် အားပျော့လှသည်ဆိုပေမင့် ကျားကောင်သည် ရရှိထားသော ဒဏ်ရာကြောင့် မခံမရပ်နိုင်ဖြစ်ကာ လှည့်ပြေးသွားချေ၏။ သို့ပြေးထွက်သွားသည်ဆိုရာတွင် သူ့လက်တစ်ဖက်ကို ကိုက်ဆွဲဖြုတ် ပြေးလွှားသွားခြင်း ဖြစ်တော့၏။

'အား'

သူသည် အသက်လု တိုက်ခိုက်နေရစဉ်တုန်းက နာကျင်ရမှန်းမသိ။ ပြီးတော့ သွေးပူနေသည်ကိုး။

ကျားကောင် ပြေးလွှားထွက်သွားသည်၌ သူ့လက်တစ်ဖက် သွေးသံရဲရဲဖြင့် ပါသွားသည်တွင်မှတော့ အံ့ဩထိတ်လန့် တုန်လှုပ်ကာ လဲပြိုကျသွားလေတော့သည်။

သူသတိပြန်ရလေသည်တွင် 'သာယာဝတီ' ဆေးရုံကြီးသို့ ရောက်နှင့်နေပြီး ဖြစ်သည်ကို သိရတော့၏။

'မင်းသုံးရက်လုံးလုံး သတိမေ့နေတာ' ဟု ဆရာဝန်ကြီးက ပြော၏။ ပြီးတော့ 'မင်း' ကို ရသေ့တစ်ပါးက လာပို့တာ ဟု ပြောလေသည်ကြောင့် သူ အံ့ဩမိတော့သည်။

သူသေနေ့မစေ့သေးလို့ နတ်ကောင်းနတ်မြတ် စောင်မလေတာလားဟုပင် ထင်လိုက်မိ၏။

သူသည် မည်မျှပင် ဒဏ်ရာပြင်းထန်စေ၊ မှတ်ဉာဏ်တော့ဖြင့် ကောင်းချေ၏။ အားလုံးကို သတိရ၏။

ကျားကောင်၏ ကုတ်ခဲဆွဲဖဲ့ခြင်းကြောင့် သူ့မျက်နှာကလည်း ရုပ်ပျက်စီးသွားရချေ၏။ လူဖြစ်ရှုံးချေပြီပေါ့။

သူ့ဒဏ်ရာ လုံးဝပျောက်ကင်းသွားသည်အထိ သူဆေးရုံတွင် မနေတော့ပေ။ ဆေးရုံမှ ခိုးဆင်းခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၂) ကိုပိုက်

သူ သံတွင်းကြီးသို့လည်း မပြန်တော့ချေ။

သို့ဆိုပေမင့် ရွာသို့ တိတ်တဆိတ် လူခြေတိတ်ချိန်တွင် ပြန်ခဲ့ပေ၏။

မုဆိုးကြီးမြေသား ရှိလေသည်လား သိလို၍ဖြစ်၏။

ရွာတွင် မုဆိုးကြီးမြေသား မရှိ။ တောပြန်တက်သွားသည် ဟု သိရ၏။ သို့ကြောင့် သူသည်လည်း တောဟောင်ထဲ ပြန်ဝင်ခဲ့ချေတော့သည်။

မုဆိုးကြီးမြေသားကို တွေ့လိုခြင်းနှင့် သူ့ကို ဆေးရုံပို့ပေးသော ရသေ့ကြီးကို တွေ့လို၍ ဖြစ်ချေတော့သည်။

ဘယ်လိုဖြစ်ရတာပါလိမ့်။ သူ(အောင်ဦး)သည်ပင် တောတောင်ထဲတွင် နေရထိုင်ရခြင်း အသားကျသွားလေပြီ။ အတော်အတန် ပြောင်းလဲခဲ့ပြီဖြစ်၍ သူတွေ့ချင်သော ရသေ့ကြီးကိုလည်း မတွေ့။ မုဆိုး မြေသားကိုလည်း မတွေ့။

မုဆိုးမြေသား တောတောင်ထဲ ရောက်မလာလေဘဲ အခြားတစ် မြို့တစ်ရွာ ပြောင်းသွား ဇာတ်မြှုပ်နေလေပြီလား မသိချေ။

ဘယ်လိုပင်ဖြစ်စေ သူသည် ရသေ့ကြီးကိုတော့ဖြင့် တွေ့နိုင် ကောင်းရဲ့ဟု တွက်ကာ တောတောင်တွင်း လှည့်လည်သွားလာနေထိုင် နေခြင်းဖြစ်တော့သည်။ သို့ရှိရာမှ သူသည် တစ်နေ့တွင် စဉ်းစားမိလိုက် သည်မှာ ဟိုဟိုသည်သည် လျှောက်သွားနေတာထက်စာလျှင် ဖာလာ စခန်းသို့ ပြန်လာနေလျှင် ပို၍ အဆင်ပြေလောက်သည်ဟု ဖြစ်၏။ ဘယ့်တွက်မူ လူသတ်သမားသည် တစ်နေ့မဟုတ်တစ်နေ့ သူသတ်ခဲ့ရာ နေရာသို့ ပြန်ရောက်လာတတ်သည်ကို သိထားစဉ်းစားလိုက်မိ၍ ဖြစ် တော့၏။

ဝါးခုတ်သမားနှစ်ယောက်၏ ကံကြမ္မာကိုတော့ဖြင့် သူလုံး မသိပါချေ။

www.burmeseclassic.com

www.burmeseclassic.com

## မစ္ဆရိယစိတ်ထား မြေသားကြမ္မာ (၁၃)

သည်သို့ဖြင့် သူ(အောင်ဦး)သည် ဖာလာစခန်းသို့ ပြန်ရောက်ခဲ့တော့သည်။ ဖာလာစခန်း ပြန်ရောက်လေပြီဆိုတော့ 'ဆိုးပေ'အလောင်း မြှုပ်ထားရာသို့ သွားလိုက် သည်။

'ဆိုးပေ. . . မင်းကို ဒုက္ခပေးသွားတဲ့ မုဆိုးမြေသားဆိုတဲ့ လူကြီးကို သည်နေရာ ပြန်ရောက်အောင် ကူညီပေးပါကွာ။ အင်မတန် လူမဆန်တဲ့လူကြီး ငါ မင်းအတွက် သူ့အသက်ကို ပြန်တောင်းပေးပါ့မယ်'

သို့ဆိုလေပြီး အောင်ဦးလည်း ဖာလာစခန်းတွင် လာရောက်နေသည့်ညမှာပင် ကျွန်တော်တို့နှင့် ဆုံရလေခြင်း ဟု ပြောလေတော့၏။

သူ့စကား အဆုံးသတ်သည်တွင် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်လိုက်သည်။ သူ့စကား ယုံရလေပါ့မလား ဆိုသည့်သဘောဖြစ်၏။

လင်းမြင့်လှိုင်သည် ခေါင်းညိတ်ပြပြီး-

'နို့ဖြင့်. . . ဆိုးပေ အလောင်းမြှုပ်ထားတဲ့နေရာ လိုက်ပြချေ' ဟု ပြောလိုက်လေ၏။

'မနက်ကျ လိုက်ပြပါ့မယ်'

သည့်နောက် အောင်ဦးသည့် ထင်းမီးပုံနားသွား၍ လိပ်သားကင်တို့ကို အားရပါးရစားရင်း ထင်းကုံးများကို ထပ်ရှာထိုးထည့် နေလေတော့၏။

'အာဂ,လူပေပဲဗျ၊ လုပ်နိုင်ကိုင်နိုင်တုန်းပဲ။ မွေးတုန်းကတော့ အကောင်းပေပဲဗျ။ ဝဋ်ကြွေးကြောင့် ထင်ပါရဲ့၊ ရုပ်မျက်ဆင်းပျက်ဖြစ်ရုံမကဘူး၊ လက်တစ်ဖက်တောင် သူ့ခမြာ ဆုံးရှုံးလိုက်ရတယ်'

'ပိုပြီး အံ့သြဖို့ကောင်းတာက သည်လိုပုံ၊ သည်လိုအဖြစ်မျိုးနဲ့ တောအောင်ထဲမှာ တစ်ယောက်တည်း လာနေရတယ်လို့ဗျာ'

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝီစကီကို သောက်နေရာမှ သူ့ကို လှမ်းကြည့်ရင်း ပြောနေကြပြီးနောက် ဒီလူသောက်[illegible] စားတုတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်ထင်ပါရဲ့ဆိုလျက် လင်းမြင့်လှိုင်သည် 'အောင်ဦး'ကို လှမ်းခေါ် လိုက်တော့၏။

'အောင်ဦးရေ. . . လာစမ်းပါဦးကွ'

သူ့ကို ခေါ်လိုက်သံကြောင့် အောင်ဦးသည် ငုတ်တုတ်ထိုင်လျက်မှ ရုတ်ခြည်းထကာ ကျွန်တော်တို့ထံ ပြေးလာလေတော့၏။

'ဒိန်း'

'ဟာ'

'ဟင်'

အံ့ဖွယ်ပင်ကောင်းသေးတော့၏။

အောင်ဦးသည် နေရာမှအထ ရှေကခြေတစ်လှမ်းသာ လှမ်းလိုက်ရသေး၏။ သူထိုင်နေရာသို့ ကျဉ်တစ်ထောင့် ထိုးဖောက်ဝင်လာ တော့၏။ သိသိလေးရယ်။

'ဒိန်း'

လင်းမြင့်လှိုင်သည် ရုတ်ခြည်းဆိုသလို သေနတ်သံ ပေါ်ထွက်လာရာ အမှောင်ထုအတွင်းသို့ သူ့နံဘေးရှိ သေနတ်ကို ကောက်ယူပစ်လိုက်တော့၏။

ခြောက်လှန့်ပစ်လိုက်ခြင်း ဖြစ်သည်။

'မင်းကို ဝီဇကီ ကယ်လိုက်တာကွ'

သို့ဆိုလျက် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ ပုလင်းပြားလေးကို လှမ်းပေးလိုက်သည်တွင် အောင်ဦးသည် နားမလည်နိုင်သလို အံ့ဩတကြီး ကြည့်လာတော့၏။ ပြီးလေမှ-

'ကျွန်တော် မသောက်တတ်ဘူး' ဟု တုန်ယင်စွာဖြင့် ပြောလေသည်။

သည်တွင် ကျွန်တော်က-

'အေး. . . မင်းကို အရက်သောက်ရအောင် လှမ်းခေါ်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



အခေါ်ကောင်းဖြစ်သွားတယ်။ နို့မဟုတ် သေနတ်ကျည်က မင်းဦးခေါင်းကို ဖောက်ဝင်သွားမှာကွ'

'ဟင်. . . နို့ဆိုလျှင်ဖြင့် ကျွန်တော့်အသက်ကို ကယ်လိုက်တဲ့ ဝီစကီကို ကျေးဇူးတင်တဲ့အနေနဲ့ သောက်မယ်ဗျာ' ဆိုလျက် လင်းမြင့်လှိုင် ကမ်းပေးလာသည့် ဝီစကီပုလင်းပြားလေးကို လှမ်းယူလိုက်ပြီး မော့သောက်လိုက်လေတော့၏။

'အား'

'ဖူး'

'ဖွီးလ်'

'ဟား. . . ဟား. . . ဟား'

'ဟား' 'ဟား' 'ဟား' 'ဟား' 'ဟား'

အရက်သီးသွားသော 'အောင်ဦး'ကို ကြည့်၍ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အားပါးတရ ရယ်မောလိုက်ကြတော့သည်။

'ညဘက် အမဲပစ်တဲ့သူတွေကလည်း ဆင်ဆင်ခြင်ခြင် မပစ်ကြဘူးဗျာ'

သို့နယ် ပြောလာသည့် 'အောင်ဦး'ကို ကျွန်တော်က ခေါင်းယမ်းပြလိုက်ပြီး-

'အဲဒါ ညဘက် အမဲပစ်တဲ့သူတွေ မဟုတ်ဘူးကွ၊ မင်းကို အခင်သက်သက် လုပ်ကြံတာ'

'ဗျာ၊ မဖြစ်နိုင်တာချည်းဗျာ'

'သိပ်ဖြစ်နိုင်တာပေါ့ကွာ၊ ဘယ်သူလဲဆိုတာတောင် ပြောလို့ရတယ်'

သို့ ကျွန်တော်က ပြောလိုက်သည်တွင်-

'ကျွန်တော်ဘာမှ နားမလည်နိုင်တော့ဘူးဗျာ' ရယ်လို့ပြောသဖြင့် ကျွန်တော်က ပြုံး၍ကြည့်နေလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



'အေး. . . မင်းကို လုပ်ကြံတာ မင်းရဲ့အချစ်တော် မုဆိုးကြီး မြေသားပဲပေါ့ကွ' ရယ်လို့ပြောလိုက်သည်။

'ဟင်. . . ခင်ဗျားက မြေသားကို သိလို့လား၊ မြင်ဖူးလို့လား၊ မြင်လိုက်လို့လား'

'အေး. . . မသိလည်း မသိဘူး၊ မြင်လည်းမမြင်ဖူးဘူး၊ မြင်လည်း မမြင်လိုက်ဘူး၊ နို့ပေမင့် သူပဲဆိုတာ ငါတို့ကပြောလို့ရတယ်'

'နို့ဖြင့်လည်း ရှင်းအောင် ပြောစမ်းပါဗျာ'

'အေး. . . တို့ သည်စခန်းရောက်လုမှာ မီးရောင်တွေ့တယ်၊ ဒီစခန်းလည်း ရောက်လာတော့ မီးရောင်လည်း မရှိတော့ဘူး။ လူလည်း တစ်ယောက်မှ မတွေ့ဘူး။ အစက ငါတို့တော်ခြောက်ခံရတယ်လို့ တွက်ရှာ၊ နို့ပေမင့်ကွာ ဒီတဲပေါ်မှာ ရိုင်ဖယ်ကျည်တစ်တောင့် တွေ့လိုက်တယ်ဆိုလျှင်ပဲ ဒီတဲမှာ လူတစ်ယောက်ရှိတာ သေချာသွားပြီ ဘယ်သူလဲတော့ မသိနိုင်ဘူး။ ဒီလူက ငါတို့ကို ဘာလို့ပမတွေ့ခင် ရှောင်ပုန်းနေရတာလဲပေါ့။ တို့တွက်လိုက်မိတယ်။ လူအတွေ့မခံချင်တဲ့သူ ဖြစ်လိမ့်မယ်၊ ပြီးတော့ တို့အိပ်နေတုန်း မင်းဟိုဘက်တဲကို ရောက်လာ တယ်။ ငါတို့ရှိမှန်းသိလား၊ မသိဘူးလားတော့ မသိဘူး'

'ကျွန်တော် အမှတ်တမဲ့ မသိလိုက်ဘူး၊ အိပ်ပျော်နေတုန်း ချိုးချိုးချွတ်ချွတ် အသံကြားတာနဲ့ နိုးလာပြီး လှမ်းကြည့်လိုက်တော့ ခင်ဗျားကို မြင်လိုက်ပြီး လန့်ဖျပ်ထွက်ပြေးသွားတာပေါ့'

သို့ ကျွန်တော်၏ စကားကိုဖြတ်၍ သူက ပြောလာ၏။

'အေး. . . မင်းနဲ့တွေ့ပြီး မင်းက အောင်ဦးဖြစ်နေတာရော မင်းပြောတဲ့ ဇာတ်လမ်းကို သိလိုက်ရတာရယ်ကြောင့် ငါတို့ကို ရှောင်ပုန်း ပြေးသွားတဲ့သူက မြေသားပဲဖြစ်ရမယ်လို့ တွက်ထားတုန်းမှာပဲ ခုသူ မင်းကို လုပ်ကြံလာတယ်ဆိုတော့ အဲဒီလူဟာ မုဆိုးကြီးမြေသား မဟုတ်လို့ ဘယ်သူဖြစ်ရမှာတုံး'

www.burmeseclassic.com

www.burmeseclassic.com



'အို. . . ဘုရားရေ'

'နေဦး. . . ပိုသေချာအောင်' ဆိုလျက် လင်းမြင့်လှိုင်သည် မီးပုံနားသွား၏။ စောစောက လှမ်းပစ်လိုက်သော ကျည်ထိပ်ဖူးကို သွားရှာခြင်းဖြစ်တော့၏။

'ဟော. . . ဒီမယ်တွေ့ပြီ'

သူကောက်ယူလိုက်ရသော ကျည်ဖူးကို အသေအချာ စစ်ဆေးကြည့်လေပြီး-

'ကိုပိုက်. . . ဒါ ရိုင်ဖယ်ကျည်ဖူး မဟုတ်လား'

သို့နှုယ်ပြောပြီး ကျွန်တော့်ကို လှမ်းပေးလာ၏။

'ဟုတ်တယ် ကိုလင်း'

သည်တွင် အောင်ဦးသည် ကျွန်တော်တို့နှစ်ယောက်ကို အံ့ဩမှင်တက်စွာဖြင့် ကြည့်လာချေတော့သည်။

အတော်ကလေးလည်း တုန်လှုပ်ချောက်ချားသွားပုံဖြစ်၏။

'ကဲပါလေ. . . တို့ရှိပါတယ်၊ ဘာမှမစိုးရိမ်ပါနဲ့။ ကဲ. . . ကဲ. . . အိပ်ကြစို့၊ မနက်ကျ စောစောသွားကြတာပေါ့'

သည့်နောက် ကျွန်တော်တို့ အိပ်ရာဝင်လိုက်ကြသည်တွင် အောင်ဦးကို ကျွန်တော်တို့ နှစ်ယောက်ကြားတွင် အိပ်စေလိုက်တော့၏။

ကျွန်တော်သည် အတော်နှင့်အိပ်မပျော်၊ ဟိုတွေးသည်တွေး တွေးနေမိ၏။

သို့ရှိရာမှ မျက်လုံးများလေးလံလာကာ မှေးခနဲဖြစ်သွားသည်။ သို့ရှိစဉ် ချိုးချိုးချွတ်ချွတ် သစ်ရွက်ခြောက်များပေါ် နင်းလျှောက်လာသံကြောင့် မျက်လုံးကို အားယူဖွင့် အသံကြားရာသို့ လှည့်ကြည့်လိုက်၏။

'ဟင်'

လူတစ်ယောက်ပါကလား။

ပုဆိုးတိုတို စစ်အင်္ကျီကို ဘိုသီဘတ်သီ ဝတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်က ဘုတ်သိုက်၊ သူ့လက်တွင်းမှာတော့ ဝါးခုတ်ဓားမကြီး တစ်ချောင်း ရှိချေ၏။ ခပ်လှမ်းလှမ်း မှောင်ရိပ်အကွယ်မှ ထွက်၍ ကျွန်တော်တို့တဲရှိရာသို့ စူးစူးစိုက်စိုက် ကြည့်နေလေ၏။

ကျွန်တော်တို့ကို အန္တရာယ်ပေးမည့်ပုံပေါ်ကြောင်း မပေါ်။ သူ့မျက်နှာသည် ညှိုးငယ်နေပုံရ၏။ ဒီအနီးနားတစ်ဝိုက်တွင် ဝါးခုတ်သမားများ ရှိနေလေသည်များလား။ ဘာအကူအညီလို၍လဲမသိ။ သို့ကြောင့် ကျွန်တော်သည်အိပ်နေရာမှ ထလိုက်၏။

'ဟင်'

ထိုသူ ထိုနေရာတွင် မရှိတော့ပါကလား။ သို့ဖြစ်၍ ဟိုဒီဝေ့ဝိုက်ရှာကြည့်လိုက်သည်။

'အလို. . . ချောင်းဘက် ထွက်သွားပါကကောလား'

ကျွန်တော် မသက်ာပါတော့ချေ။ သို့ကြောင့် တဲပေါ်မှ ဆင်းကာ သေနတ်ကိုယူ၍ ထိုသူနောက် လိုက်သွားတော့သည်။

ချောင်းမကြီးအတွင်းသို့ ရောက်သည်တွင် ထိုသူသည် ချောင်း၏အောက်ဘက်သို့ စုန်ဆင်းသွားသည်ကြောင့် ကျွန်တော်သည်လည်း သူ့နောက်မှ တိတ်တဆိတ် လိုက်သွားတော့၏။

ချောင်းကွေ့လေးအလွန်တွင် ချောင်းကမ်းပေါ်သို့ တက်သွားလေ၏။ သည့်နောက် တောအုပ်တောင်ကြောလေးအတိုင်း ဆက်လျှောက်သွားပြန်သည်ကြောင့် ကျွန်တော်သည်လည်း ဆက်လိုက်သွားမိပြန်၏။

တောအုပ်အတွင်း လျှောက်သွားသည်တွင် အမှောင်ထုတွင်း ဝင်သွားလိုက်၊ ပျောက်သွားလိုက်၊ လရောင်ဖြာနေသော အလင်းအောက် ရောက်လျှင် ပြန်မြင်လိုက်နှင့် တစ်စတစ်စ ခရီးလွန်လာချေတော့၏။

ကျွန်တော်သည် ထိုလူကို သံသယဖြစ်မိတော့၏။

ညဥ့်နက်အချိန် မီးတုတ်မပါ ဘာမပါ၊ ဘယ့်တွက် လျှောက်သွားနေရပါလိမ့်။ ကြာလာတော့ ကျွန်တော်သည်ပင် စိုးရိမ်စိတ်များ ဝင်လာရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဟုတ်ကော ဟုတ်သေးရဲ့လား။

သို့နောက်မှ အရိပ်တကြည့်ကြည့် လိုက်ခဲ့ရာမှ လွန်စွာမျှ ကြီးမားသော ကျွန်းပင်ကြီးအောက်တွင် ဘယ်က ဘယ်လိုဖြစ်သွား ရသည်မသိ။ ထိုသူသည် သစ်ပင်ခြေရင်းတွင် ကျောမှီ၍ ကျွန်ုပ်တော့ကို စိုက်ကြည့်နေလေတော့၏။

ကျွန်တော်သည် လက်တွင်းမှ သေနတ်ကိုတော့ဖြင့် အရံသင့် ပစ်ခတ်နိုင်ရန် ကိုင်ထားလေပြီး ထိုလူ့အနီး သွားလိုက်တော့သည်။

'ဟာ'

ကျွန်တော် ကြွက်သီးမွေးညင်းများပင် ထမိတော့၏။ ထိုသူ ပျောက်ချင်းမလှ ပျောက်သွားတော့၏။

ထိုကျွန်းပင်ကြီးအောက်မှာနေ၍ ကျွန်တော်သည်ဘေးဘီ တစ်ဝိုက် ဝေ့ကြည့်လိုက်တော့သည်။

တိတ်ဆိတ် ငြိမ်သက်လို့နေ၏။

'ဟင်'

သို့ရှိစဉ် ကျွန်တော့်နှာခေါင်းတွင် အပုပ်နံ့ဝင်လာတော့သဖြင့် တစ်ကိုယ်လုံး တုန်တက်ကာ ကြောက်လန့်သွားမိတော့၏။

ဆိုးဝါးသော အပုပ်နံ့ပင် ဖြစ်တော့၏။

ကျွန်တော်သည် လက်တွင်သေနတ်ကိုင်ထားသော်လည်း ကြောက်ရွံ့စိတ်များကတော့ တဖွားဖွား ပေါ်နေချေ၏။

မဖြစ်ချေပြီ။

ကျွန်တော်သည် ထိုနေရာလေးမှ ကပျာကသီ ပြန်ထွက်ခဲ့ တော့ စခန်းသို့ ပြန်လမ်းတစ်လျှောက်တွင် ထွက်မပြေးရုံတမယ် ခပ်သုတ်သုတ် လျှောက်လာခဲ့ခြင်း ဖြစ်သည်။ သို့လျှောက်ခဲ့ရာမှ ကျွန်တော်နှင့် အတူပါလာသည်မှာ အပုပ်နံ့ပင် ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ခွီး'

'အား'

နံဘေးရှိ*ချုံနွယ်မှ ရုတ်တရက် ပေါ်ထွက်လာသည့် ထိုအသံကြောင့် ထိတ်လန့်တကြား ဖြစ်သွားရ၏။

'ဟူး'

တောကြောင်တစ်ကောင်မှန်း သိလိုက်မြင်လိုက်ခြင်းကြောင့် စိတ်အေးသွားရသည်။

'ဟာ၊ မဖြစ်နိုင်တာချည်း'

စောစောက လူပေပဲလား၊ ထိုချုံနွယ်ပင် နောက်ကွက်မှ ကျွန်တော့်ကို လှမ်းကြည့်နေလေသည်ကြောင့် ကျွန်တော်သည် အသေအချာ ထိုသူကို ပြန်ကြည့်နေလိုက်၏။ စောစောကလူတော့ဖြင့် မဟုတ်။ အခြားတစ်ယောက်သူသည်လည်း ညှိုးငယ်စွာဖြင့် ကျွန်တော့်ကို ကြည့်နေလေ၏။

ထိုအသည်ကပင် ကျွန်တော့်အတွက် သံသယ ဖြစ်ရခြင်းပင်။

ကျွန်တော် ရေးရေးတော့ဖြင့် သိလိုက်ချေပြီ။ ဒါမရှိုးသားတော့ချေ။ တစ်ခုခုတော့ တစ်ခုခုပေပဲ။

သို့ကြောင့် ချာခနဲ လှည့်ထွက်ခဲ့တော့သည်။

ဟာ. . . ဒုက္ခမှ ဒုက္ခ။

ကျွန်တော် ဘယ်တွေရောက်နေပြီလဲ။

ကျွန်တော် စခန်းဘက်ပြန်လာသည်ပဲ။ သို့ပြား ဘယ်တွေ ချော်တောငေ့ါ ရောက်နေလေပြီလဲ။

ကျွန်တော်သိလိုက်ချေပြီ။ ကျွန်တော် ညကြီးမင်းကြီး စခန်း အပြန်လမ်း ပျောက်နေပေပြီ၊ ဘုရားရေ. . .

ကျွန်တော် ဇောချွေးတွေ ပြန်လာတော့၏။

လွန်မင်းစွာလည်း အိပ်ချင်နေ၏။ စခန်းသို့လည်း ပြန်မရောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်။ သို့ရှိစဉ်-

'ဒိန်း'

'အား'

ကျွန်တော့်ရင်အုံသို့ ကျည်တစ်တောင့် ထိုးဖောက်ဝင်လာတော့၏။

ကျွန်တော်သည် လွန်မင်းစွာ ထိတ်လန့်သွားတော့သည်။

'ဟင်'

ကျွန်တော့်ကို လုပ်ကြံပစ်သွားသူသည် မျက်လုံးပြူးပြူး နဖူးပြောင်ပြောင်၊ အရပ်ပုပြတ်ပြတ်နှင့် ဖြစ်၏။ သူ့လက်ထဲတွင်မတော်ရိုင်ဖယ်တစ်လက် ကိုင်ထားချေ၏။

ကျွန်တော့်ကို ကြည့်၍ မဲ့ပြုံးလေးပြုံးပြလေပြီး ချာခနဲနောက်ဘက်လှည့် ထွက်သွားတော့၏။

အမှောင်ထုတွင်းဝင်ရောက် ပျောက်ကွယ်သွားတော့၏။

'အလာ. . .လာ'

ကျွန်တော့် ညာဘက်ရင်အုံမှ အောင့်တက်လာတော့၏။

သွေးတို့သည်လည်း ယိုစီးထွက်ကျလာကုန်၏။ ကျွန်တော်အကြီးအကျယ် တုန်လှုပ်သွားတော့သည်။

ကျွန်တော် သေရချေတော့မည်။

လင်းမြင့်လှိုင်ကို ကျွန်တော်တွေ့လိုလှချေပြီ။ ကျွန်တော့် အဖြစ်ကိုသူ မသိနိုင်ချေ။

ကျွန်တော်ရှေ့သို့လည်း ဆက်လျှောက်နိုင်စွမ်း မရှိချေတော့။ ခွေယိုင်လဲကျသွားတော့သည်။

ကျွန်တော့်ကို ကယ်မည့်သူ မပေါ်နိုင်တော့ပြီ။

'ကိုလင်း' 'ကိုလင်း' 'ကိုလင်း'

သို့ဖြင့်တမ်းတမ်းတတ အားယူအော်ခေါ်နေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၆၂) ကိုပိုက်

'ကိုလင်း' 'ကိုလင်း'

'ကိုလင်း'

'ကိုပိုက်. . . ကိုပိုက်၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

ကျွန်တော့်ခန္ဓာကိုယ်ကို တစ်စုံတစ်ဦးက လှုပ်ခါလာသည်ကြောင့် လန့်သွားမိ၏။

မိုးစင်စင်လင်းနေချေပြီဖြစ်၍ မည်သူဖြစ်သည်ကို သိလိုက်၏။ လင်းမြင့်လှိုင် ဖြစ်တော့သည်။

'ဘာလဲ ကိုလင်းရဲ့'

'ခင်ဗျား ဘာတွေဖြစ်နေတာလဲ၊ အိပ်နေရင်း ကျွန်တော့်နာမည်ကို တတွတ်တွတ်ခေါ်နေလေရဲ့'

'ဟင်'

သည်တော့မှ ကျွန်တော်သိလိုက်တော့၏။

ကျွန်တော်အိပ်မက်ဆိုး မက်နေခြင်းပါကလား၏။

သို့ကြောင့် ကျွန်တော်သည် အိပ်နေရာမှ လူးလဲထလိုက်ပြီး အိပ်မက်ဆိုးအကြောင်းကို ပြောပြလိုက်သည်။

လင်းမြင့်လှိုင်သည် ပြုံး၍သာ ကြည့်လာချေတော့၏။

'ကဲ. . . လာ. . . သွားကြမယ်'

'ဘယ်တုန်းဗျ၊ မျက်နှာမသစ်ရသေးဘူး၊ ဘာမှလည်း မစားရသေးဘူး'

'သွားမယ်ဆိုတာ ခုချက်ချင်းတော့ ဘယ်ဟုတ်ပါ့မလဲဗျ၊ မျက်နှာသစ်ချေ။ ပြီးတော့ ညကအကျန် အသားကင်သုံးလေးတုံး စားလိုက်ဦး၊ ကျွန်တော်နဲ့ အောင်ဦးကတော့ စားပြီးကြပြီ'

သို့လင်းမြင့်လှိုင်က ပြောလေသဖြင့် အောင်ဦးကို သတိရလိုက်တော့၏။

ဟုတ်ပြီ၊ အောင်ဦးနှင့်အတူ ဆိုးပေ အလောင်းမြှုပ်ထားရာ

www.burmeseclassic.com

www.burmeseclassic.com



သွားကြမည်ဟု ညကပြောထားခြင်းကို သတိရလိုက်ပါတော့သည်ကြောင့် ချောင်းဘက်သို့ မျက်နှာသစ်ရန် ထွက်ခဲ့ချေတော့သည်။

တော်ပါသေးရဲ့၊ ညက အိပ်မက်ဖြစ်နေပေလို့။

သို့ဖြင့် ကျွန်တော်တို့ နံနက်စာ စားသောက်ကြပြီးနောက် စခန်းမှ ထွက်ခွာခဲ့ကြသည်တွင် ကျွန်တော်သည် ဘာရယ်ကြောင့်မသိ။ ခပ်လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့ပြီဖြစ်သော စခန်းနေရာကို ပြန်လှည့်ကြည့်လိုက်မိသည်။

'ဟာ'

'တိုပိုက် ဘာဖြစ်တာလဲ'

ကျွန်တော်၏ အံ့သြတကြီးဟန်ဖြင့် စခန်းဘက်ကြည့်ရင်း မှင်တက်သွားခြင်းကို မြင်သွားသော လင်းမြင့်လှိုင်က သို့နှုယ်မေးလာတော့၏။

'ဟိုမယ် ကြည့်စမ်း ကိုလင်း၊ ကျွန်တော်တို့နေခဲ့တဲ့ တဲမယ် လူတစ်ယောက် မဟုတ်လား'

လင်းမြင့်လှိုင်က ကျွန်တော်ညွှန်ပြပြောနေခြင်းကို အလေးထား လှမ်းကြည့်လိုက်ပြီး-

'လူတော့မဟုတ်လောက်ဘူး၊ ဝံကောင်လား၊ မျောက်ဝံလား မသိဘူး'

ဟု ပြောလာ၏။

ကျွန်တော့်အမြင်တွင်တော့ လူတစ်ယောက်ဟု ထင်နေ၏။

ကျွန်တော်တို့သည် အသေအချာ ရပ်ကြည့်နေလိုက်ကြပြန်၏။

'လူတစ်ယောက်ဖြစ်နေလျှင်ဖြင့် စဉ်းစားစရာပေပဲဗျ၊ သင်္ချိုင်းခေါင်းခုတ်သမားတော့ဖြင့် မဟုတ်လောက်ဘူး၊ လူတစ်ယောက် ဆိုလျှင်ဖြင့် ဆိုးကြီးမြေသားပဲ ဖြစ်ရမည်။ လူမဟုတ်ဟုဆိုပေလျှင်လည်း ကျုပ်တို့ အတွက် သားကောင်ဖြစ်လာနိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သို့ မုဆိုးအောင်ဦးက ပြောလာသည်ကို ကျွန်တော်ကော လင်းမြင့်လှိုင်ပါ သဘောပေါက်သွားကြတော့၏။

စခန်းသို့ ပြန်သွားသင့်သည်ပေါ့။

'ကဲ. . . ကိုလင်းရေ. . . အောင်ဦးပြောတာ အကောင်းဆုံးပေပဲ။ ကျွန်တော်တို့အတွက် အရှုံးမရှိလောက်ပါဘူး'

'အေးဗျ' ဆိုလျက် လင်းမြင့်လှိုင်သည် ရှေ့မှ ဦးဆောင်စခန်းဘက်သို့ ပြန်သွားလေတော့၏။

'ဟာ. . . ကိုလင်းတဲပေါ်ကနေဆင်းပြီး တောတိုးသွားပြီဗျ'

ကျွန်တော်မြင်လိုက်သလို ချုံနွယ်သစ်ပင်ငယ်တို့ကြား တိုးဝှေ့သွားလေခြင်းကြောင့် အကောင်လုံးကို ထင်းထင်းမမြင်ရလေသည်ကြောင့် လူရယ် တိရစ္ဆာန်ကောင်ရယ် ခွဲခြားမပြောနိုင်သေးချေ။

မည်သို့ပင်ဆိုစေ ကျွန်တော်တို့သည် နောက်မှ အလျင်မီလိုက်သွားကြတော့သည်။ ဘယ်လိုကြောင့်ရယ်မသိ၊ ကျွန်တော်တို့သည် ထိုသတ္တဝါန်နောက် သဲကြီးမဲကြီး လိုက်သွားမိတော့၏။

အလွတ်မပေးလိုသည့်သဘော။ ဘယ့်အတွက်မူ ကျွန်တော်တို့၏ မသိစိတ်ကြောင့် ဖြစ်ခြိမ့်မည်။

နံနက်ခင်းစာကို ညက လိပ်သားမီးကင်အကျန် အနည်းငယ်မျှသာလျှင် မျှတစားကြရခြင်းကြောင့် မတင်းတိမ်၊ ရှေ့ဆက်ဘယ်လောက်ထိ ခရီးဆန့်ကြရလေပြီးမှ စားစရာရလေမည် မသိခြင်းကြောင့်လည်း မသိစိတ်၏ လှုံ့ဆော်မှုဖြင့် ထိုတိရစ္ဆာန်နောက် လိုက်ခဲ့ကြခြင်းလည်း ဖြစ်မည်။

သားကောင်ဖြစ်လို့ကတော့ အတိုင်းထက်အလွန်ပေါ့။

သို့ဖြင့် ထိုသတ္တဝါကောင်သည် ရိပ်ခနဲ. . . ရိပ်ခနဲ ရှေ့ကသွား၊ ကျွန်တော်တို့သည်လည်း မျက်ခြေပြတ်မခံ။

သည်သို့ဖြင့် ရှသားသုံးဦး၏ အရိပ်တကြည့်ကြည့် မျက်ခြေပြတ်

www.burmeseclassic.com

www.burmeseclassic.com



မခံနေရင်းကြားမှပင် လုံးဝ ပျောက်ကွယ်သွားတော့သည်။

'ဟူး . . . ကျွန်တော်တို့ပဲ ညံ့လွန်းလို့လား၊ သူ့ကိုယ်နှိုက်ကပဲ တော်လွန်းလို့လား မသိဘူးဗျ'

သို့ညည်းတွားပြောလျက် လင်းမြင့်လှိုင်သည် သစ်တစ်ပင်အောက်ခြေတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

'လူလား၊ တိရစ္ဆာန်လားတောင်မှ မသိလိုက်ရတော့ ပိုနာဖို့ကောင်းသေးဗျာ'

သို့ပြောလိုက်ကာ ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နှင့် ခပ်လှမ်းလှမ်းနေရာလောက်တွင် ထိုင်ချလိုက်တော့သည်။

အောင်ဦးသည် ကျွန်တော်တို့ကဲ့သို့ မထိုင်သေးလေဘဲ တိုဒီလှမ်းကဲကြည့်ရင်း နှာခေါင်းတရှုံ့ရှုံ့ လုပ်နေတော့၏။

အတန်ကြာတွင် ခပ်လှမ်းလှမ်းမှနေ၍ 'အပုပ်နံ့ရတယ်ဗျ' ဟု လှမ်းပြောလေသဖြင့် ကျွန်တော်သည် သတိထား အသက်ရှူသွင်းလိုက်မိ၏။

'ဘာနံ့မှမရပါဘူးဗျ'

သို့ ကျွန်တော်က ပြောလိုက်သလို လင်းမြင့်လှိုင်သည်လည်း နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံလိုက်လေပြီး 'အင်း. . . ဘာနံ့မှ မရပါဘူးဗျ' ရယ်လို့ ပြောလေ၏။

'အဲဒီက လေမသင့်လို့ ဖြစ်လိမ့်မယ်။ အင်မတန် ဆိုးဆိုးဝါးဝါးရှိလှတဲ့ အပုပ်နံ့ပေပဲဗျ'

သို့နှုတ်ပြောရင်း ရှုံ့မဲ့နေသည့် အောင်ဦးကို အတန်ကြာမျှ ကြည့်လိုက်လေပြီး 'ငါ လာပါဦးမယ်ကွာ' ဆိုလျက် ကျွန်တော်သည် ထိုင်ရာမှ ထသွားလိုက်တော့သည်။

'ဟာ. . . ဟုတ်ပါရဲ့၊ ပုပ်ဟောင်နေတာပဲ'

သို့ ကျွန်တော်ပြောလိုက်ခြင်းကြောင့် လင်းမြင့်လှိုင်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ထံ ထလာတော့၏။

သုံးယောက်သား လေသင့်ရာဘက်သို့ ကြည့်လိုက်၏။

ကျွန်တော်တို့ရှေ့ ချုံနွယ်တို့ တစ်ဘက်လောက်ဆီမှ ဖြစ်ချိမ့်မည်။ သို့ကြောင့် ထိုချုံနွယ်ပင်တို့ကို ခုတ်ထွင်ချိုးဖဲ့ တစ်ဘက်သို့ တိုးဝှေ့သွားလိုက်ကြ၏။

'ဟင်'

ကျွန်တော် လွန်မင်းစွာ အံ့သြသွားရတော့၏။

ညက အိပ်မက်ဆိုးတွင် ရောက်ခဲ့ရသည့် လွန်စွာမှ ကြီးမားသော ကျွန်းပင်ကြီးနေရာပါကလား။

ထိုအပင်ကြီးအောက်တွင် ပျက်ဆီးယိုယွင်းနေသော မြေပုံလေး တစ်ခု ရှိချေ၏။ ယင်မည်းကြီးများ အုံခဲနေ၏။

အပုပ်နံ့သည် ထိုနေရာမှ ထွက်ပေါ်လာခြင်း ဖြစ်၏။

'ကိုပိုက်ရေ. . . ကျွန်တော်တို့တော့ ကံဆိုးကံကောင်း ဘယ်လို ပြောရမှန်းတောင် မသိပါဘူးဗျာ' ရယ်လို့ လင်းမြင့်လှိုင်က ရှုံ့မဲ့ကာပြော လာတော့၏။

သည့်နောက် ကျွန်တော်တို့သည် ပျက်စီးယိုယွင်းနေသော မြေပုံနား သွားလိုက်သည်။

အလိုလေးဗျာ. . . လူသေလောင်းကို မသေမသပ်မြှုပ်ထား လေခြင်းလား။ တစ်ဦးတစ်ယောက် သို့မဟုတ် သတ္တဝါတစ်ကောင်က ယိုးဆွလေခြင်းကြောင့်လား မသိချေ။ ခြေတစ်ဖက်ထွက်နေ၏။

သို့ဖြစ်ခြင်းကြောင့် ကျွန်တော်သည် အောင်ဦးကို လှည့်ကြည့် လေပြီး-

'ဒါ ဆိုးပေအလောင်းလား' ဟု မေးလိုက်၏။

သည်တွင် အောင်ဦးက မျက်စိမျက်နှာပျက်စွာဖြင့်-

'ဟင့်အင်း. . . မဟုတ်ဘူး၊ ဆိုးပေအလောင်းမြှုပ်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



တိုးအထက်ဘက်မှာလေဗျာ' ဟု ပြောလာတော့သည်။

'နို့ဖြင့် ဒီမယ် တစ်လောင်းရှိနေပါကလား'

သုံးယောက်သဘောတူ ထိုအလောင်းကို မရွံမရှာ ကြိတ်မှိတ်အောင့်အီး ဖော်လိုက်ကြသည်။

'ဟင်'

'အား'

'ဟာ'

ထင်ထားသည်မှာ လူသေအလောင်းတစ်လောင်း၊ မြင်လိုက်ရသည်က လူသေအလောင်းနှစ်လောင်း ဆပ်လျက် ရှိနေတော့သည်။

ဒဏ်ရာများစွာဖြင့် သေဆုံးကြရခြင်း ဖြစ်နိုင်၏။

သို့ဆိုပါလျှင် ထိုသူနှစ်ယောက်သည် မီးလောင်ကုန်းရွာသား ခုတ်သမားနှစ်ယောက် ဖြစ်ကောင်းဖြစ်လိမ့်မည်။

သို့ဆိုပါလျှင် ညက ကျွန်တော့်အိပ်မက်သည် အလွန်ထူးဆန်း ပါကလား။ သေသူ၏ ဝိညာဉ်က ကျွန်တော့်ကို လာရောက်ပြောခြင်း ဖြစ်ပေမည်။ အံ့ဖွယ်ကောင်းပေစွ။

မုဆိုးကြီးမြေသား၏ လိုက်လံနှုတ်ပိတ်ခြင်း ခံလိုက်ရခြင်း ဖြစ်မည်။

'အတော်ရက်စက်တဲ့ သူပေပဲဗျာ'

သည့်နောက် ကျွန်တော်တို့သည် ထိုအလောင်းတို့ကို သေသေ သပ်သပ် ပြန်လည်မြှုပ်နှံပေးခဲ့လေပြီး မုဆိုး ဆိုးပေ အလောင်း ထားသည့် နေရာသို့ ပြန်လှည့်သွားလိုက်ကြတော့သည်။

အောင်ဦး ပြောသလိုပင် မုဆိုး ဆိုးပေ၏ အလောင်းကို လိုက်ကြပြီးနောက် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။

'ကျွန်တော်တို့ ဘယ်သွားကြမလဲ'

'ဘယ်မှ သွားစရာမလိုဘူး ကိုပိုက်ရဲ့... ဟိုခနဲ့တဲမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြန်နေကြမယ်။ ကျွန်တော်တို့ ကျောင်းကိစ္စက မီးလောင်ကုန်းရွာသား နှစ်ယောက် ပျောက်နေတဲ့ကိစ္စ မဟုတ်ပေဘူးလား။ ခုတွေ့ပြီလေ။ သည်တော့ လူသတ်တရားခံ ဘယ်သူဆိုတာလည်း မှန်းဆလို့ရပြီပဲ၊ ပြီးတော့ လူသတ်သမားက ဒီနားတစ်ဝိုက်တင်ပဲ ရှိနိုင်သဗျ'

'ဖြစ်နိုင်ပါ့မလား ကိုလင်းရယ်၊ လူသတ်သမားက အဝေးကို ပြေးသွားလောက်ပြီပေါ့'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် သူ့ဝသီ အတိုင်း သွားတက်ကလေးပေါ်ရုံ ပြုံးလိုက်လေပြီး အောင်ဦးဘက်လှည့် ကြည့်ကာ-

'ကျွန်တော်တို့ အနားမယ် သူရှိနေသရွေ့ လူသတ်သမားက ဝေးဝေးထွက်သွားဦးမှာ မဟုတ်ဘူးဗျ' ရယ်လို့ ပြောလိုက်သည်တွင် အောင်ဦးတစ်ယောက် မျက်လုံးမျက်ဆန် ပြူးသွားတော့၏။

ကျွန်တော် နားမလည်နိုင်ပါတော့ချေ။ သို့ကြောင့် လင်းမြင့်လှိုင် မျက်နှာကိုသာ ငေးကြည့်နေမိတော့သည်။

'ကဲ. . . လာပါဗျာ၊ စခန်းမပြန်ခင် ရိက္ခာအလို့ငှာ ရှာကြဦးစို့ ဗျာ' ဆိုလျက် ရှေ့မှဦးဆောင် ထွက်သွားလေတော့၏။

ကျွန်တော်နှင့် အောင်ဦးသည် သူ့နောက်မှ ကပ်လိုက်သွားကြ တော့သည်။ သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောစွယ် ကလေးတစ်ခု ကို ဆင်းလိုက်ကြရာမှ မြောင်ကြပ်လေးတစ်ခုအတွင်း ရောက်လာကြ သည်။

ထိုမြောင်ကြပ်လေးတွင် ရေခမ်းချောက်နေပြီ ဖြစ်တော့၏။ သို့ငြားမြောင်၏တစ်ဖက်တစ်ချက်တွင် သစ်ပင်နွယ်ပင်တို့ ထူထပ်စွာ ကမ်းပါးယံတစ်လျှောက် ပေါက်ရောက်လျက်ရှိခြင်းကြောင့် အေးစိမ့်လို့ နေ၏။

ရေခမ်းချောက်နေပြီဆိုငြား ရေအစိုဓာတ်တော့ဖြင့် ရှိနေသည်

www.burmeseclassic.com

www.burmeseclassic.com



တို့။

ကျွန်တော်တို့သည် မြောင်ကြပ်လေးအတိုင်း လျှောက်ထွက်ခဲ့ကြသည်။ သို့လျှောက်ခဲ့ကြရာမှ ရှေ့မှ မူဆိုးချောင်း ချောင်းမြောင်းသွားနေသော လင်းမြင့်လှိုင်သည် ရုတ်တရက် ရပ်လိုက်ပြီး ကျွန်တော်တို့နှစ်ယောက်ကို လှည့်မကြည့်လေဘဲ နောက်သို့လက် ဆန့်တန်းကာပြလေသဖြင့် ကျွန်တော်နှင့် အောင်ဦးသည်လည်း အလိုက်တသိဖြင့် နေရာမှပင် ရပ်လျှက်ငြိမ်သက်စွာ နေလိုက် ကြတော့သည်။ လင်းမြင့်လှိုင်ကိုငေးကြည့်နေလိုက်သည်။ သူ့ရှေ့တူရူကို ကဲကြည့်လိုက်သည်။

'ဟာ'

လင်းမြင့်လှိုင်၏ရှေ့ကိုက်ငါးဆယ်ကျော်လောက်တွင် ဝံကောင်ကြီးတစ်ကောင် လေးဘက်တွား လာနေပါကလား။

သူ့အတွေးနှင့်သူ လာနေခြင်းဖြစ်သည်။

ကျွန်တော်တို့ရှိမှန် သိဟန်မပေါ်။

'ဂူး'

'ဂရား'

'ဂူး. . . ဂရူး'

'ဂါး' ရယ်လို့ အော်ဟစ်နေသေးတော့၏။

'ဟေး'

လင်းမြင့်လှိုင်က ဝံကောင်ကို သူ့လက်တွင်းရှိ သေနတ်ဖြင့်ချိတ်ထားလျက်မှ သို့နှယ် အသံကုန်အော်ဟစ်လိုက်တော့၏။

လင်းမြင့်လှိုင်၏ အော်ဟစ်လိုက်သံကြောင့် ဝံကောင်သည် ရုတ်ခြည်းဆိုသလို 'ဂါး' ရယ်လို့ ကြောက်မက်ဖွယ်ကောင်းသော အသံကြီးဖြင့် အော်ဟစ်လေပြီး ရပ်လိုက်လေသည်။

'ဒိန်း'

တစ်ပြိုင်နက်ဆိုသလို လင်းမြင့်လှိုင်က ပစ်လိုက်ပြီဖြစ် တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝံကောင်သည် ယမ်းအားပေါက်ကွဲသံနှင့်အတူ နောက်သို့ ခြေနှစ်လှမ်းခန့် ရွေ့သွားလေပြီး လဲပြိုကျသွားသည်။

'ဒိန်း'

လဲပြိုနေရာမှ သွေးသံရဲရဲဖြင့် ကုန်းရုန်းပြန်ထလာသော ဝံကောင်ထံသို့ လင်းမြင့်လှိုင်သည် နောက်ထပ်ကျည်တစ်တောင့် ပစ်သွင်းလိုက်ပြန်သည်။

ဝံကောင် လုံးဝငြိမ်သက်သွားချေပြီ။

သည်တော့မှ လင်းမြင့်လှိုင်သည် ဝံကောင်သေရှိရာသို့လျှောက်သွားလိုက်တော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ဝံကောင်သေကိုပင် ရိက္ခာအလို့ငှာ စခန်းတဲရှိရာသို့ ဝိုင်းဝန်းထမ်းပိုး ပြန်ခဲ့ကြတော့သည်။

စခန်းရောက်သည်တွင် လင်းမြင့်လှိုင်နှင့် အောင်ဦးက ဝံကောင်ကို အသားဖျက်နေကြစဉ် ကျွန်တော်သည် ထင်းတုံးများစုဆောင်းရန် အလို့ငှာ စခန်းအနီးတဝိုက် ထွက်ခဲ့တော့၏။

ယခင် ထိုစခန်းတဲတွင် နေသွားကြသည်ဆိုတော့ ထင်းခြောက်တုံးများ မရှိသလောက်ပင် ရှားပါးချေပြီဖြစ်သည်ကြောင့် ကျွန်တော်သည် ထင်းတုံးရှာရင်းဖြင့် စခန်းနှင့် အတော်လှမ်းလှမ်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်ကို သတိပြုလိုက်မိသည်ကြောင့် စခန်းတဲရှိရာသို့ လှမ်းကြည့်လိုက်သည်။

'ဟင်'

စခန်းတဲမတွေ့။ သို့ဆိုလျှင် မဖြစ်ချေပြီ။ နောက်သို့ ပြန်လှည့်ခဲ့တော့သည်။

အလိုလေးဗျာ. . . တကယ်ပဲ လမ်းစပျောက်ချေပြီလား။

အတော်ကြာကြာ လျှောက်ခဲ့ပြီးခြား စခန်းတဲကို မတွေ့ပါ။ လာခဲ့တုန်းက သည်လောက် မဝေးသေးလောက်။ မကြာသေးလောက်ဟု ထင်သည်။

www.burmeseclassic.com



အောက်ပေါင်းရှုပ်ခြင်းနှင့် နွယ်တို့ထူထပ်ခြင်းကြောင့်လည်းကောင်း၊ အမှတ်တမဲ့ လျှောက်လာခဲ့ခြင်းကြောင့် လည်းကောင်း ထကယ်ပင် သမ်းပျောက်နေချေပြီ ဖြစ်သည်။

သို့ကြောင့်-

'ဝူး'

'ဝူး'

'ဝူး'

ဟိုဟိုဒီဒီလျှောက်ရင်း လှမ်းမျှော်ကြည့်ရင်း အသံပေးလိုက်၏။ အချက်ပေးလိုက်၏။

ကျွန်တော် မည်မျှအသံပြုခြား ပြန်လည် အချက်ပေးသံ မကြား ရခြင်းအားဖြင့် စခန်းနှင့် အတော်အတန်ဝေးလာခြင်း ဖြစ်မည်ကိုတွက် သိုက်မိတော့သည်။

စိတ်လှုပ်ရှားနေခြင်းကြောင့်လည်း ဖြစ်မည်။ သို့ကြောင့်စိတ် ငြည်ငြိမ်သွားစေရန် ရွေး၍ အေးအေးလူလူ ထိုင်လိုက်တော့သည်။

ညောင်းညာနေပြီဖြစ်သည်ကြောင့် သစ်ပင်ကို ကျောမှီမှိန်းလိုက် သည်။ ထိုသည်ကား ကျွန်တော်၏ အမှားပင်ဖြစ်သည်။

စိတ်လွှတ်ကိုယ်လွှတ် မှိန်းလိုက်လေခြင်းကြောင်း မေးခနဲ ဖြစ်ကာ အိပ်ပျော်သွားတော့သည်။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ။

အိပ်ရာမှ နိုးလာသည်တွင် နေဝင်ရီတရောရောက်နေပြီဖြစ်၏။ ကျွန်တော်စိတ်ပျက်သွားမိတော့၏။

စခန်းတဲရှိရာဘက်သို့ မှန်း၍ လျှောက်ခဲ့ပြန်သည်။ သို့လျှောက် ရင်း အချက်ပေးအသံပြုမည် စဉ်းစားမိသော်လည်း ကျွန်တော်၏ ရှေ့ခရီး တွင်မှာ ဘယ်လိုဖြစ်လာလေဦးမည် မသိသဖြင့် စခန်းတဲပြန်ရောက် ခြင်း မရောက်ခြင်းထက် ဆာလောင်မှုကို ဖြေသိမ့်နိုင်ရန် အစာရ

www.burmeseclassic.com



အတွက်အရေးကြီးသည်ကြောင့် တိတ်ဆိတ်စွာ ဖြင့်ပင် စခန်းလည်းရှာ သားကောင်လည်းရှာ သဘောဖြင့် လျှောက်ခဲ့ချေတော့၏။

အဆိုးထဲမှ အကောင်းရယ်လို့ပင် ပြောရလေမလား မသိ။

ကျွန်းခြောက်ပင်ကြီး၏ သစ်ခေါင်းပေါက်အတွင်းမှထွက်လာသည့် ဖွတ်ကြီးတစ်ကောင်ကို ပစ်ခတ်ရလိုက်တော့၏။

ကျွန်တော်သည် ဖွတ်ကောင်ကြီးကို အားရဝမ်းသာ ကောက်လိုက်ချိန်မှပင် 'ဒိန်း' ရယ်လို့ သေနတ်သံကြားလိုက်ရသည် ကြောင့် အသံလာရာသို့ လှမ်းကြည့်လိုက်၏။

ကြားလိုက်ရသော သေနတ်သံအရ ပြောရပါလျှင် တောင်ကြောနှစ်ဖြတ်လောက်မှ လာသောအသံ ဖြစ်နိုင်၏။

ထိုသေနတ်သံသည် လင်းမြင့်လှိုင် ပစ်လိုက်ခြင်းဖြစ်မည်။

ကျွန်တော့် ဖွတ်ကိုပစ်လိုက်သော သေနတ်သံကြားသည်တွင် လင်းမြင့်လှိုင်က ကျွန်တော်သည် လမ်းပျောက်နေ၍ အချက်ပေးခြင်းအတွက်ကာ စခန်းတဲ ဘယ်တွင်ရှိသည် သိနိုင်ရန်အလို့ငှာ ပြန်လည် အချက်ပေးခြင်း ဖြစ်မည်။

သို့ကြောင့် ကျွန်တော်သည် သေနတ်သံလာရာဘက်သို့ ခက်ခက်ခဲခဲ သွက်လျှောက်ခဲ့လေတော့သည်။

သို့လျှောက်ခဲ့ရင်း မြောင်ကြော၊ တောင်ကြော ဖြတ်ခဲ့ပြီးနောက် သေနတ်တစ်ချက် ထပ်ပစ်လိုက်ပြန်၏။

'ဒိန်း'

သို့ ပစ်ခတ်လိုက်ပြီး အတန်ကြာကြာ နားစိုက်ထောင်နေမိ၏။

'ဒိန်း'

'ဟင်'

သေနတ်သံသည် ဘယ်ဖက်တွက် အဝေးကြီးမှ ပေါ်ထွက်လာချေ

www.burmeseclassic.com



လိမ့်။ မသကာဆိုလျှင် ပြန်ကြားရသော သေနတ်သံသည် ဤမျှလောက် ဝေးသွားစရာ အကြောင်းမရှိနိုင်ချေ။

သို့ဆိုပါလျှင် ထိုသေနတ်သံသည် လင်းမြင့်လှိုင် အချက်ပေးသော အသံမဖြစ်နိုင်ချေ။

တစ်စုံတစ်ဦးက ပစ်ခတ်လေခြင်း ဖြစ်သည်။

သို့လည်း ဖြစ်နိုင်စရာ အကြောင်းမရှိ။

ဖြစ်နိုင်တာတစ်ခုကိုတော့ဖြင့် စဉ်းစားလိုက်မိ၏။

သို့စဉ်းစားမိလိုက်ခြင်းအတွက်လည်း စိတ်ဓါတ်ကျဆင်းခဲ့ရတော့၏၊

ကျွန်တော် စဉ်းစားလိုက်မိသည်မှာ တောခြောက်ခံရခြင်းဖြစ်နိုင်သည်ဟုပင်။

သို့ကြောင့် မြေပေါ်တွင်ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

စခန်းပြန်ရောက်ဖို့ ကျွန်တော် မစဉ်းစားပါတော့ချေ။

ညအိပ်စခန်းချရန်၌ အောက်ပေါင်းရှင်းသည့် နေရာကို လတ်တလောရှာရပေမည်။ သို့ဖြစ်၍ ကျွန်တော်သည် ကပျာကသီ ပြန်ထလေပြီး ဓူတ်သေကောင်ကို ဆွဲ၍ ထိုနေရာလေးမှ ထွက်ခဲ့ပြန်သည်။

အိပ်တန်းဝင်ကြတော့မည် ကျေးငှက်တို့၏ အသံပင် ကြားရချေပြီ။ ကျွန်တော်သည်လည်း အမှောင်ထုရောက်မလာမီ အိပ်တန်းရှာရချေသည်။ သို့ဖြင့် ကျွန်တော်သည် ကံအားလျော်စွာ တောင်ကြောစွယ်တစ်ခုနံဘေး မြေပြန့်တွင် ပေါက်နေသည့် လွန်စွာမှ ကြီးမားသော သစ်ပင်ကြီးအခြေတွင် စခန်းချညအိပ်ရန် ဆုံးဖြတ် လိုက်တော့သည်။

ထိုသစ်ပုပ်ပင်ကြီး တစ်ဝိုက်တွင် သစ်ရွက်ခြောက်များမရှိဘဲ ရှင်းလင်းနေခြင်း၊ သစ်ပုပ်ပင်ကြီး အခြေတွင် ပါးပျဉ်းဘောင်ကြီးများ ရှိခြင်းကြောင့် ဖြစ်သည်။

သည့်ထက်ကောင်းသော လုံခြုံသောနေရာ မှိနိုင်တော့မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ချေ။ ကျွန်တော်သည် သစ်ပုပ်ပင်ကြီး အခြေကို သွားလိုက်၏။ ပါးပျဉ်ဘောင်ကြီး နှစ်ခုကြားတွင်ရှိသည့် ရွက်ခြောက် အမှိုက်သရိုက်များကို ဖယ်ထုတ်လိုက်၏။ သည့်နောက်လွယ်ပိုးထားသည့် သေနတ်နှင့် ဖွတ်ကောင်သေကြီးကို အသာအယာ ချထားလိုက်ပြီး အနီးတစ်ဝိုက်ရှိ သစ်ကိုင်း၊ သစ်တုံးခြောက်များကို စုဆောင်းကာ မီးရှို့လိုက်တော့သည်။

မကြာမီ ထင်းမီးပုံ ဖြစ်လာတော့၏။

အနားပတ်ဝန်းကျင်မတော့ မြှောင်၊ အိုင်၊ ချောင်းရှိနိုင်မည် မထင်။ သို့ကြောင့် ရေထွက်မရှာရန် စိတ်ပိုင်းဖြတ်လိုက်တော့၏။ ရေရှာထွက်လျှင် လမ်းပျောက်သွားခဲ့ပြန်ပါက ညအိပ်ဖို့ ဒုက္ခတွေ့နိုင်၏။ သို့ဖြစ်၍ ကျွန်တော်သည် ရရှိထားသော ဖွတ်ကောင်ကို အရေခွာ၊ အသားဆုတ်၊ တံစို့ထိုး မီးကင်လိုက်တော့သည်။

'ဟူး'

ကျွန်တော်သည် သို့နှယ် လေပူတစ်ချက် မှုတ်ထုတ်ကာစိတ်လျှော့လိုက်ပြီးနောက် အပင်ခြေရင်း ပါးပျဉ်းဘောင်ကြားတွင်သက်သောင့်သက်သာ ထိုင်ချလိုက်ပြီး မီးပုံကြီးကို ငေးကြည့်နေလိုက်တော့၏။

ကျေနပ်စွာလည်း ပြုံးလိုက်မိသည်။

ကျွန်တော့်အတွက် လုံခြုံစိတ်ချရဆုံး စခန်းနေရာ ရလိုက်ပြီကိုး။ စိတ်အေးလက်အေးနေလိုက် အိပ်လိုက်တော့မည်။ မည်သည့်ဘေးအန္တရာယ်မျှ ကြောက်စရာမလိုတော့ပြီ။ တစ်ဘက်တစ်ချက်ရှိ ပါးပျဉ်းဘောင်ကြီးနှင့် ကျောမှီထားသော သစ်ပင်စည်ကြီးသည် ကျွန်တော့်ကို အကာအကွယ်ကောင်းအောင် ပြုထားကြ၏။

ရှေ့ရှိ ထင်းမီးပုံသည်လည်း ကျွန်တော့်အား အနွေးဓာတ်နှင့် အလင်းကို ရစေ၏။

ကျွန်တော့်ရင်ခွင်တွင် ပိုက်ထားသည့် ပွိုင့် ၃၃၃ ကျည်နမ် ရိုင်ဖယ်သည်လင်းမြင့်လှိုင်နည်းတူ သစ္စာရှိသော အဖော်မွန်ကောင်းပင် ဖြစ်ချေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ အတန်ကြာတွင် ဖွတ်သားမီးကင်သည် ရဲရဲနီလာချေတော့၏။ မီးရှိန်ကလည်း ကောင်းသည်ကိုး။ သင်းပျံ့သော ရနံ့သည်လည်း ထွက်လာတော့၏။

လွန်မင်းစွာလည်း ဆာလောင်နေသည်ဖြစ်၍ ပူပူလောင်လောင်နှင့်ပင် ဖွတ်သားကင်ကို အငမ်းမရ စားလိုက်တော့သည်။

အရသာတော့ဖြင့် ခံစားမနေတော့။ ဆာလောင်ခြင်းဒဏ် ပြေပျောက်ဖို့ပင် အဓိက မဟုတ်ပါကလား။

မည်မျှ အငမ်းမရ ဖြစ်ခဲ့ပါသနည်း ဆိုပါမူ ခဏလေးနှင့်ပင် ဖွတ်ကောင်မီးကင်သား ကုန်သွားတော့သည်။

ဆာ လောင်ခြင်းဒဏ်လည်း အလျဉ်းမရှိတော့ချေ။

သည့်နောက် ကျွန်တော်သည် ခေတ္တနားနေလိုက်ပြီး ပြန်ထ၍ ထင်းခြောက်တုံးများကို စုဆောင်းလိုက်ပြန်၏။

တစ်ညလုံး မီးရှိမှ ဖြစ်မည်ကိုး။

လုံလောက်သော ထင်းခြောက်တုံးများကို စုစောင်းစုပုံလိုက်ပြီးသည်နှင့် ကျွန်တော် အိပ်ရန်စီမံထားသော နေရာလေးတွင် သက်သောင့်သက်သာ နားနေထိုင်လိုက်ရင်း သေနတ်ကျည်အိမ်ကို ဖြုတ်၍ စစ်ဆေးလိုက်သည်။

ကျည်တောင့်လက်ကျန် ငါးတောင့်ရှိနေသေးသည်။

သည်လောက်ရှိလျှင်ပဲ အတော်လေး လုံလောက်ချေပြီ။

အမှောင်ထုသည်လည်း ပို၍ နက်ရှိုင်းလာပြီဖြစ်၏။ ခပ်လှမ်းလှမ်းမှ တောခွေးအူသံ ကြားရ၏။

ခနောက်ဘက် ချုံနွယ်ပင်တို့ကြားမှ အိပ်တန်းဝင်တောကြက်ဖသံတို ကြားရ၏။ သည့်ပြင် ခပ်ဝေးဝေးလောက်ဆီမှ ကျားဒေါင်၏ မာန်ဖီသံကိုမူ လေအသင့်တွင် သဲ့သဲ့ကြားရပြန်၏။ ထိုအသံမှ လွဲ၍ တစ်တောလုံး တိတ်ဆိတ်သွားပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်လည်း စိတ်ပမ်း၊ လူပမ်းဖြစ်ရသည်ကြောင့် သေနတ်ကို ရင်ခွင်ပိုက်လျက် ဒူးနှစ်ချောင်းပူးထောင်ကာ သစ်ပင်စည်ကို ကျောမှီပြီးသည်နှင့် မျက်လုံးအစုံကို မှိတ်လိုက်လေတော့သည်။

ကျွန်တော့်စိတ်တွင် မည်သည့်အတွေးမျှ မရှိတော့။ မည်သည့် အသိအကြားမျှ မရှိတော့ချေ။ လုံးလုံးလျားလျား အိပ်ပျော်သွားခြင်းတော့ မဟုတ်ချေ။

သို့မည်မျှကြာကြာ ဖြစ်သွားလေသည်မသိ။

မသိစိတ်တစ်ခုကြောင့် မျက်လုံးကို ဖွင့်လိုက်သည်။

အင်း. . . မီးပုံ မီးနည်းနေပါတလား။ သို့ကြောင့် ဖြစ်မည်၊ အနွေးဓာတ် နည်းသွားရလေခြင်းကြောင့် အေးစိမ့်စိမ့်ဖြစ်လာကာ အသိဝင်လာရခြင်း ဖြစ်မည်။

သို့ကြောင့် ကျွန်တော်သည် မီးပုံနားသို့ ထသွားလိုက်ကာ ထင်းခြောက်တုံးကို ထပ်ထိုးထည့်ကာ ပြာဖုံးစပြုနေသော မီးခဲတို့ကို ဖွလိုက်တော့၏။ မကြာမီတွင် မီးတောက်မီးလျှံကြီး ပြန်ဖြစ်လေတော့၏။ မီးအရှိန်ကြောင့် အနွေးဓာတ် ပြန်ရလာတော့၏။

အနွေးဓာတ် လုံလုံလောက်လောက် ရယူလိုက်သည်ဖြစ်၍ မီးပုံနားတွင် ကပ်ထိုင်လိုက်သည်။

ခဏတာမျှ မီးလှုံလိုက်ခြင်းဖြစ်၏။

သို့ရှိစဉ် ကျွန်တော့်နားတွင် လေသံနှင့်အတူ တိုးဝင်လာသော လူသံတို့ကြောင့် အံ့ဩတကြီး ဖြစ်သွားမိ၏။

စိတ်ထင်လို့လေများလား။

သို့လည်းမဟုတ်-

စကားပြောသံများ ဖြစ်တော့၏။ သေချာ၏။ သို့ကြောင့် အသံ ဘယ်ကလာသည် စူးစမ်းလိုက်၏။

တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်ကာလအချိန်တွင် ဂရုစိုက်

www.burmeseclassic.com

www.burmeseclassic.com



နားထောင်လိုက်လေခြင်းကြောင့် ထိုလူသံများ ဘယ်ကလာသည်ကို အသေအချာ သိလိုက်ရတော့သည်။

ကျွန်တော်နှင့် ခပ်လှမ်းလှမ်းရှိ ရှေ့တောင်ကြောစွယ်လေးမှ ဖြစ်ချေ၏။ ကျွန်တော် ဝမ်းသာသွားမိ၏။ ဝါးခုတ် သစ်ခုတ်သမားများ ဖြစ်နိုင်၏၊ သို့ဆိုပါလျှင် ကျွန်တော်စခန်းနေရာကို သူတို့အား မနက်ကျ မေးမြန်းရပေတော့မည်။

သို့ကြောင့် ကျွန်တော်သည် လုံလုံလောက်လောက် အနွေးဓာတ် ရရှိပြီးလေသည်လည်း ဖြစ်သည်ကြောင့် မူလနေရာသို့ သွားရောက် ထိုင်လိုက်တော့၏။

သဲ့သဲ့ကြားနေရသော စကားသံများ နားစိုက်ထောင်ရင်းကြားမှ အိပ်ပျော်သွားပြန်တော့သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်း ဖြစ်သည်။

'ကွစ်. . . ကွစ်. . . ကျလိစ်. . . ကျလစ်. . . ကွစ်. . . ကျလစ်'

'ကွစ်. . . ကွက်. . . ကွက်. . . ကွက်စ်. . . ကွစ်'

သို့နှယ် ဆူဆူညံညံ ငှက်ကွက်အော်သံကြောင့် အိပ်ရာမှ နိုးလာရတော့၏။

မိုးစင်စင်လင်းနေချေပြီကော။

သို့ဖြစ်၍ ကျွန်တော်သည် ကပျာကသီ ထလိုက်ကာ ညကလူသံ ကြားရာ တောင်ကြောစွယ်လေးဘက် ခပ်သွက်သွက်ထွက်ခဲ့တော့၏။

ဝါးခုတ်သမားများကို အလျင်မီတွေ့လိုသောကြောင့် ဖြစ်သည်။ တစ်ညလုံး ပျောက်နေသည့် ကျွန်တော့်ကို 'လင်းမြင့်လှိုင်' တို့ ... စောင့်မျှော်နေကြပေရော့မည်။

မိုးစင်စင်လင်းနေလေခြင်းကြောင့် ဝါးခုတ်သ... ... ရှိနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေဦးလေးမလားရယ်လို့ စိုးရိမ်စိတ်တော့ဖြင့် ဖြစ်မိ၏။

သို့နှယ် လျှောက်လှမ်းလာရင်း လှမ်းကဲကြည့်ရင်း နားစွင့်နေခြင်းရယ်ကြားမှ တခွန်းစနှစ်ခွန်းစ ဆိုသလို စကားသံကြား လိုက်ရခြင်းကြောင့် ဝမ်းသာသွားမိတော့သည်။

ဝါးခုတ်သမားတွေ ရှိနေသေးသည်ပဲ။

အနားရောက်လာလေခြင်းကြောင့်လားတော့မသိ။ စကားသံသည် နီးနီးကပ်ကပ်ကြားလိုက်ရခြင်း ဖြစ်သည်။

ရှေ့လမ်းကြောတွင် ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်နေကြသည်ကြောင့် လှမ်းမမြင်ရသေးသော်လည်း အသံအနေအထားကို ကြည့်၍ ထိုချုံနွယ်ပိတ်ပေါင်း၏ တစ်ဖက်နေရာတွင် ဝါးခုတ်တဲရှိမည် သေချာသိလိုက်ပေ၏။ သို့ကြောင့် ထိုချုံနွယ်ပိတ်ပေါင်းတို့ကို တိုးဖွေ့ဖြကာ သွားလိုက်တော့သည်။

ဆူးနွယ်တို့ကြားမှ အနာခံ ခက်ခက်ခဲခဲ ဘိုးဝင်ခဲ့ရာမှ တစ်ဖက်သို့ ရောက်သွားချေတော့၏။

'ဟင်'

အုံ့ဩဖွယ်ကောင်းသော မြင်ကွင်းကို မြင်လိုက်ရတော့သည်။

မည်သည့်လူမျှမရှိ။

မည်သည့် ဝါးတဲမျှမရှိ။

သို့ပေမင့် လွန်စွာမှု ကြီးမားသော ကျွန်းပင်ကြီးကို မြင်လိုက်ရခြင်းကြောင့် ကြက်သီးမွေးညင်း ထသွားရပေသည်။

ထိုကျွန်းပင်ကြီးသည် ဝါးခုတ်သမားနှစ်ယောက်၏ အလောင်းမြှုပ်နှံထားသော ကျွန်းပင်ကြီးဖြစ်နေခြင်းကြောင့်ပင်။

ကျွန်တော်သဘောပေါက်သွားချေပြီ ဖြစ်သည်။

သို့နှယ် တုန်လှုပ်ခြောက်ခြားရခြင်းကြားမှ ကျေနပ်မှုတစ်ခုတော့ဖြင့် ရလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ ကျွန်တော်တို့ စခန်းနေရာ လမ်းကြောင်းကိုတော့ဖြင့် ကောင်းကောင်းသိနေခြင်းကြောင့်ပင်။

သို့ကြောင့် ကျွန်တော်သည် စခန်းရှိရာသို့ ဇာပျာကသီ သွားလိုက်တော့လေသည်။

လင်းမြင့်လှိုင်တို့ ကျွန်တော့်ကို စောင့်နေကြပေဦးမည်။

နေ့လည်ခင်းလောက်မှ ကျွန်တော်ပြန်မရောက်လာသေးလျှင်ဖြင့် သူတို့ ထွက်ရှာကြတော့ပေမည်။ တော်ပါသေးရဲ့၊ အချိန်မီကလေး ပြန်ရောက်ခဲ့ပေလို့သာ။ သို့ဖြင့် ကျွန်တော် စခန်းတဲသို့ ဆိုက်ဆိုက် မြိုက်မြိုက် ပြန်ရောက်လာခဲ့ချေတော့သည်။

'ဟင်'

ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်။

စခန်းတဲသည် လုံးလုံးလျားလျားကြီး ပြိုပျက်နေပါကလား။

လင်းမြင့်လှိုင်တို့လည်း မရှိကြပါကလား။

ကျွန်တော် အကြီးအကျယ် စိတ်ပျက်သွားရတော့သည်။

အားယုတ်လျော့သွားမိတော့သည်။

သို့ကြောင့် နေရာမှာပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဘုရားရေ. . . ညက ဒီမယ် ဘာတွေဖြစ်သွားကြတာပါလိမ့်။

ဘယ်လိုဆက်လုပ်ရမလဲ။

သူတို့ ဤတဲကို စွန့်ခွာသွားခြင်းတော့ မဖြစ်နိုင်သလို ကျွန်တော့်ကို ထွက်ရှာကြလေခြင်းလည်း မဖြစ်နိုင်။

ဘယ့်တွက်မူ ကျွန်တော်နှင့် သူသည် သို့ဆိုသလို တစ်ဦးမ ဟုတ်တစ်ဦးစခန်းမှ ခရီးလွန်သွားလျှင်သော်လည်းကောင်း လမ်းစ ပျောက်သွားကြလျှင်လည်းကောင်း၊ အကြောင်းကြောင်းကြောင့် တစ်ညလုံး မပြန်ရောက်လာပါလျှင် နောက်တစ်နေ့ နေ့လယ်ခင်းတိုင် စခန်းတွင် ကျန်ရစ်ခဲ့သူက စောင့်နေတတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဘယ့်တွက်သို့ ဖြစ်ရပါလိမ့်။

လင်းမြင့်လှိုင်တို့ကို ဒုက္ခပေးသူ ပေါ်လာပေလို့လား။

'ဟူး'

ကျွန်တော်သည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး နေရာမှထ လိုက်၏။ သဲလွန်စ ခြေရာလက်ရာ တွေ့လိုတွေ့ငြား စခန်းတဲ တစ်ဝိုက်တွင် စေ့စေ့ကြည့်ရှု ကြည့်လိုက်သည်။

ထူးခြားမှု မရှိချေ။

'ဒိန်း'

ချောင်းအထက်လောက်ဆီမှ သေနတ်သံ ဖြစ်သည်။ သို့ကြောင့် ကျွန်တော်သည် ထိုသေနတ်သံ ထွက်လာရာသို့ ခြေဦးလှည့် လိုက်တော့သည်။

သို့သွားသည်ဆိုရာ၌ ချောင်းအတိုင်း သွားခြင်းဖြစ်တော့သည်။ ထပ်မံကြားရလေမည့် သေနတ်သံကို နားစွင့်ရင်း လျှောက်ရင်းဖြင့် ခရီးအတော်အတန် ပေါက်လာတော့၏။

သို့ဖြင့် မြောင်ကျယ်ကြီးတစ်ခုအဝသို့ ရောက်လာလျှင်-

အတွင်းဘက်သို့ လှည့်ကြည့်လိုက်သည်။ မြောင်ရှည်မ သဘောပင်ဖြစ်၏။ ဘယ့်တွက်မှု ဆင်လမ်းဖုံဖုံ တွေ့ရသောကြော ဖြစ်၏။

ဆင်ခြေရာဟောင်းများပင်ဖြစ်သည်။ အသေအချာစူးစမ်း ကြ လိုက်သည်တွင် အိမ်ဆင်(ခိုင်းဆင်)များသွားထားခြင်း ဖြစ်၏။ ထူးသံ စွပ်ကြောင်းရာများကို ကြည့်၍ သို့ပြောနိုင်ခြင်း ဖြစ်တော့သည်။

ထိုဆင်ခြေရာပေါ်မှ လူခြေရာလတ်လတ်ဆတ်ဆတ်များ လေသည်ကြောင့် ကျွန်တော်သည် ထိုမြောင်အတိုင်း လူခြေရာနော လိုက်သွားရန် ဆုံးဖြတ်လိုက်တော့သည်။

ထိုခြေရာနောက် လိုက်ခဲ့ရင်းမှ ကျွန်တော့်အပြ ထိုခြေရာနော

www.burmeseclassic.com

www.burmeseclassic.com



ထပ်ချပ်မကွာ လင်းမြင့်လှိုင် လိုက်သွားသည်ကို တွေ့ရ၏။

ဘယ့်အတွက်မှု ထိုမြေပေါ် နင်းလျှောက်သွားသည့် 'ဝေါ့ကင်းရှူး' ဖိနပ်ရာ တွေ့လိုက်ရ၍ ဖြစ်တော့သည်။

ကျွန်တော်လွန်မင်းစွာ စိုးရိမ်ပူပန်မှုမရှိချေတော့။ အနည်းငယ် တော့ဖြင့် စိတ်သက်သာရာ ရခဲ့တော့၏။

သို့လျှောက်ခဲ့ရင်းမှ မြောင်ကမ်းနံဘေး မြေပြန့်လေးတွင် ဖရိုဖရဲ ဖြစ်နေသော ထင်းမီးပုံကို တွေ့လိုက်ရသည်ကြောင့် မြောင်ကမ်းပါးပေါ် တက်လိုက်တော့သည်။

ညက အသုံးပြုသွားသော ထင်းမီးပုံ မဟုတ်နိုင်လောက်ချေ။

လွန်ခဲ့သော သုံးလေးရက်က မီးပုံဖြစ်နိုင်၏။ ထိုမီးပုံဟောင်း နေရာ၏ အနောက်ဘက်တွင် သစ်ခုတ် ဝါးခုတ်သမားတို့ သွားထားဟန် တူသော လမ်းမြောင်လေးတစ်ခုကိုလည်း တွေ့ရလေမလား။ သို့တည်း မဟုတ်။ ထိုသူသွားလမ်းမြောင်လေးအတိုင်း ဆက်လိုက်သွားပါ လေလျှင် ကောင်းလေမလားရယ်လို့ ချီတုံချတုံ ဖြစ်မိတော့၏။

လင်းမြင့်လှိုင်၏ခြေရာ တွေ့လိုတွေ့ငြား ရှာကြည့်မိသေးသည်။ မီးပုံနားတွင် ရေးရေးမျှ ဖိနပ်ရာကိုသာ တွေ့ရ၏။ သည့်နောက် ချောင်းဘက်ပြန်သွားလေသည်လား။ လမ်းမြောင်လေးဘက် ထွက်သွား လေသည်လား မသိရတော့ပါချေ။ သို့ပေမင့် ကျွန်တော်သည် လမ်းမြောင် လေးဘက် လိုက်သွားရန် ဆုံးဖြတ်လိုက်တော့သည်။

လမ်းမြောင်လေး တစ်ဘက်တစ်ချက်တွင်မတော့ ဒူးဆစ်လောက် သာသာနှင့် ခါးစောင်းလောက်နီးနီးရှိသည့် သစ်ပင်မျိုးစုံတို့ ပေါက်ရောက် လျက်ရှိချေတော့၏။ သည့်ပြင် လူတစ်ရပ်သာသာ ကျွန်းပင်ပေါက်ငယ်း များကိုလည်း ကျိုးတိုးကျဲတဲတွေ့ရ၏။

သို့လျှောက်ခဲ့ရာမှ တောင်ကြောစွယ်လေးတစ်ခု အစပ်သို့ ရောက်လာ၏။ ထိုနေရာ ရောက်လာသည်နှင့် ကျွန်တော် ပျော်သွားမိ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ..ဘယ့်တွက်မူ ထိုတောင်ကြောစွယ်တွင် ဝါးတဲများ ရှိနေခြင်းကြောင့် ဖြစ်တော့၏။

သတင်းစုံစမ်းလို့ရမည်။

နားနေလို့ရမည်။

စားသောက်စရာရနိုင်၏။ သို့တည်းမဟုတ် အရက်သော်လည်းကောင်း၊ အဖန်ရည်သော်လည်းကောင်း ရနိုင်လောက်ချေ၏။

သို့ဖြစ်၍ ကျွန်တော်သည် ထိုတဲစုလေးရှိရာသို့ လှမ်းကြည့်လိုက်ရင်း အနီးဆုံးတဲအိမ်တစ်လုံးသို့ သွားလိုက်တော့သည်။

ထိုတောင်ကြောစွယ်လေးတစ်ဝိုက်တွင် ဝါးတဲလေးငါးလုံးခန့် ရှိချေ၏။ ယာယီဝါးခုတ်တဲများတော့ မဟုတ်၊ မိသားစုလိုက်နေထိုင်ကြသည့် တဲများဖြစ်သည်။

'ဇာတဲရှင်တို့ ... တဲရှင်တို့'

တောင်ကြောစွယ် ထိပ်ကျကျလောက်တွင်ရှိသည့် တဲနားရောက်သည်တွင် တဲရှင်ကို ခေါ်လိုက်မိ၏။

ပြန်လည် တုံ့ပြန်သံမကြား။

လူအရိပ်အယောင်လည်းမတွေ့၊ လူရှိပုံမပေါ်။

'တဲရှင်တို့'

အတွင်းခန်းသို့ ကဲကြည့်ခေါ်လိုက်ပြန်၏။

တဲအတွင်းအပြင် ပတ်ဝန်းကျင်တွင် လုံးဝလူရှိပုံမပေါ်။ သို့ကြောင့် ကျွန်တော်သည် ခပ်လှမ်းလှမ်းရှိ တဲကို လှမ်းကြည့်လိုက်၏။

တော်သေးရဲ့၊ ထိုတဲတွင် လူရှိနေသည်။ အခြားတဲများတွင် လူရှိကြပုံရ၏။ သို့ကြောင့် ကျွန်တော်သည် တဲကပြင်ပေါ်မှ ထိုင်လျက် ကျွန်တော့်ကို စူးစူးရဲရဲလှမ်းကြည့်နေသော အဘိုးအိုထံသို့ချဉ်းကပ်သွားလိုက်သည်။

အနားရောက်သွားလေမှ ထိုအဘိုးအိုသည် စူးစူးရဲရဲကြည့်နေ၏

www.burmeseclassic.com



မှ 'လမ်းမှားရောက်လာပြန်တဲ့ ညှော်သည်ထင်ပါ့ ထိုင်ဗျာ၊ အဖန်ရည်သောက်' ဆိုလျက် သူ့ရှေ့ရှိမြေရေနွေးခရားအိုး မည်းညစ်ညစ်နှင့် ဝါးခွက်ညစ်ပေပေကို လှမ်းပေးလာတော့၏။

ကျွန်တော်သည် အဘိုးအိုရှေ့တွင် ထိုင်လိုက်လေပြီး ရေဆာနေသည်လည်း ဖြစ်သည်ကြောင့် ရေနွေးတစ်ခွက် ငှဲ့သောက် လိုက်ရင်း အဘိုးအိုကို ပြုံးပြလိုက်၏။ မိတ်ဖွဲ့လိုက်လေသည် သဘောဖြစ်၏။

'အလိုလေးဗျာ'

သောက်လိုက်မိသော အဖန်ရည်သည် အေးစက်လို့နေ၏။ ခါးသက်လို့နေ၏။

မည်သို့ပင်ဖြစ်စေ သုံးခွက်လောက်တော့ ဆင့်သောက်လိုက်မိသည်။

'မောင်ရင်လေး ကြည့်ရတာ ဆာလောင်မွတ်သိပ်နေပုံပေပဲ'

ကျွန်တော်သည် အဘိုးအိုကို ကြည့်လိုက်၏။

'ရော့. . . ဒါပဲရှိတယ် စားလိုက်'

လွန်စွာမျှ ထွားကျိုင်းသော ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို ကမ်းပေးလာ၏။ ကျွန်တော်သည် ဆာလောင်နေသည်ဖြစ်၍ ဟန်ပင်မဆောင်နိုင် လှမ်းယူကာ အခွံနွှာ ပလုပ်ပလောင်းစားလိုက် တော့၏။

စက္ကန့်ပိုင်းမျှပင် ငှက်ပျောသီးထွားထွားတစ်လုံးကျွန်တော် ဝမ်းဗိုက်တွင်းရောက်သွားချေတော့၏။

အဖန်ရည်သုံးခွက်၊ ငှက်ပျောသီးတစ်လုံးသည် ကျွန်တော်၏ ဝမ်းမီးကို ငြိမ်းစေတော့၏။

'ကဲ. . . မောင်ရင်လေး၊ အချိန်ရှိတုန်း အမြန်သွားတော့'

အိမ်ရှင်က နှင်ထုတ်လေမှတော့ ကျွန်တော် နေ၍မဖြစ်ချေတော့ပြီ။ သို့ပေမင့် မေးလိုသည်ကို မေးလိုက်မည့်ဟန် ပြင်လိုက်သည် တွင်-

'ဘာမှ မမေးနဲ့၊ မောင်ရင်လေးလိုပဲ သေနတ်ကိုင်မုဆိုးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဒီရှေ့ကနေ ဖြတ်သွားတာ လှမ်းတွေ့လိုက်တယ်။ မောင်ရင်လေး သူ့နောက်လိုက်နေတာဆိုလျှင်ဖြင့် လိုက်သွားချေတော့'

'သူတစ်ယောက်တည်းလား အဘိုး၊ ဘယ်လောက်ကြာသွားပြီ လဲ'

သို့ကျွန်တော် မေးလိုက်သည်တွင် အဘိုးအိုသည် အရှပ်ဆိုး အကျည်းတန်စွာ မဲ့ပြလိုက်လေပြီး-

'မောင်ရင်လေးက အလိုက်ကန်းဆိုး မသိလိုက်တာ။ ငါတစ်နေ့ ကုန်သောက်ရမယ့် အဖန်ရည်ကိုလည်း အားမနာလျှာမကျိုး သုံးခွက် လောက် သောက်သွားသေးတယ်။ တစ်နေ့နှစ်လုံး ငါစားရမယ့် ငှက်ပျော သီးထဲက တစ်လုံးကိုလည်း စားသွားသေးတယ်။ စေတနာနဲ့ပြန်တော့ ပြောပြန်တော့လည်း ချက်ချင်း မသွားသေးတယ်။ ပြီးတော့ ဟိုမေးသည် မေးနဲ့ကွာ၊ ငါဒီလောက်ပြောလျှင် မင်းသိလောက်ပြီ'

အဘိုးအိုစကားကြောင့် ကျွန်တော် ဒေါသထွက်သွားမိ၏။ သနားလည်း သနားသွားတော့၏။ ဘယ့်တွက်မူ သူတိုက်၍သောက်မိ ခြင်း၊ သူကျွေး၍ စားမိခြင်းကို အပြစ်ဖွဲ့ပြောလေခြင်းကြောင့် ဖြစ်တော့၏။ သို့ကြောင့်-

'အဘိုး တိုက်လို့ သောက်တာ၊ အဘိုးကျွေးလို့ စားတာပါ. . . ဒီလိုမှန်းသိ ဘယ်စားပါ့မလဲ' ဟု ခပ်ဆတ်ဆတ် လေသံဖြင့် ပြောလိုက်မိ တော့၏။

'အလိုလေးဗျာ. . . ဧည့်သည်ရှေ့ထားပြီး ငါတစ်ယောက်တည်း သောက်လို့ ကောင်းပါမလား၊ ငါတစ်ယောက်တည်း စားလို့ဖြစ်ပါ့မလား မင်း ဆာလောင်နေတာလည်း ငါသိထားတော့ အခက်တွေ့ရတာပေါ့ကွာ နို့ကြောင့် တိုက်ရကျွေးရတော့တာပေါ့'

'နို့ဖြင့်လည်း မကျွေးနဲ့၊ မတိုက်နဲ့ပေါ့ဗျာ။ ဘယ်သူကအတင်း ကျွေးခိုင်းလို့လဲ'

'အေး. . . မင်းပြောသလို ဘယ်သူမှတော့ မပြောဘူးပေါ့ကွာ

www.burmeseclassic.com



နို့ပေမင့်လို့ ငါ့နေရာမှာ မောင်ရင်လေး နေကြည့်လေ၊ မျက်နှာပြောင်တိုက် တစ်ယောက်တည်းစား၊ တစ်ယောက်တည်းသောက်ရက်ပါ့မလား'

'အင်းလေ. . . နို့ဖြင့်လည်း ကျွေးပြီး၊ တိုက်ပြီးမှ စကားကြီးအဖက်ဖက် ကျွေးခဲ့၊ တိုက်ခဲ့တာတွေကို အလကား အဖြစ်ခံမပြောနဲ့တော့ပေါ့ အဘိုးရယ်'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် အဘိုးအိုသည်-

'အေး. . . ငါက မောင်ရင်လေး ကောင်းဖို့အတွက် အမှုန်းခံပြောရတာ' ဟု ဆိုလေသည်ကြောင့် အံ့ဩမိတော့သည်။

'ဘယ်လို အဘိုးအိုပါလိမ့်'

'မောင်ရင်လေး သဘောမပေါက်သေးဘူး ထင်တယ်။ မောင်ရင်လေးက လူတွေနဲ့ နေရတယ်။ အလိုက်ကမ်းဆိုး ဆိုတာ ပိုသိထားရမယ်။ မဖိတ်ခေါ်ဘဲ ရောက်သွားလျှင်ဖြင့် အိမ်ရှင်ရဲ့ အရိပ်အကဲကို သိထားရမယ်။ အခြေအနေနဲ့ အချိန်အခါကို မြင်တတ် ရမယ်။ လူယဉ်ကျေးတွေဆိုတော့ ပိုပြီးသတိထားရတယ်ကွ'

'ကျွန်တော် နားမလည်ဘူး၊ အခြေအနေ အချိန်အခါ. . . အရိပ်အကဲဆိုတာ ဘာကိုဆိုလိုချင်တာလဲဟင်'

'ဩော်. . . ခက်ပါဘိနှယ်။ လူယဉ်ကျေးတွေဆိုတော့ စေတနာအခွါဆိုတာ ရှိကြတယ်၊ ထားတတ်ကြတယ်။ တချို့ကရှိလို့ တချို့က မရှိပေမင့် လူယဉ်ကျေးတို့ရဲ့ ဓလေ့စရိုက် ဦးစားပေးတတ်ကြတယ်။ ဖိတ်ခေါ်လို့ ရောက်သွားရတာက အကြောင်းမဟုတ်ဘူး။ သူတို့က ကြိုတင် ပြင်ဆင်နိုင်ကြတယ်။ မဖိတ်ခေါ်ဘဲ ရောက်သွားတဲ့အခါကျတော့ ရှိမှန်းလည်းမသိ၊ မရှိမှန်းလည်းမသိတဲ့အပြင် အချိန်အခါကလည်း တွေ့တတ်ပြန်ဆိုတော့ ခေါကလိုပေါ့ကွ။ ငါ့မယ် စားစရာဆိုလို့ သောက်စရာဆိုလို့ ဒီနေ့အတွက် အဖန်ရည်တစ်ခရားနဲ့ ငှက်ပျောသီး ခြမ်းသုံးသာ ရှိတာ၊ မထင်မှတ်လေဘဲ မောင်ရင်လေး ရောက်လာ၊

www.burmeseclassic.com



ဆာ့လောင်ခြင်းကလည်း ဖြစ်နေပြန်ဆိုတော့၊ အဲ... ငါကလည်း လူတစ်ယောက် ဖြစ်နေပြန်ဆိုတော့ ငါ့တစ်နေ့တာခွဲတမ်းကိုပဲ ပေးလိုက်ရတာပေါ့ကွာ'

'ဗျာ'

အဘိုးအို ရှင်းပြလေသည့် စကားကြောင့် ကျွန်တော်ကောင်းကောင်းကြီး သဘောပေါက်သွားရလေတော့သည်။

တောတောင်ထဲတွင် နေလေသည့် အဘိုးအိုက သို့နှယ် လူသားဆန်ဆန်လှပစွာ ပြောလာခြင်းကြောင့် အံ့ဩခြင်း ဖြစ်ရပြန်တော့သည်။

သို့ကြောင့် ကျွန်တော်သည် ဦးသုံးကြိမ် ချလိုက်လေပြီး အိတ်ကပ်တွင်း နှိုက်လိုက်လေသည်တွင် ငွေ (၅၀၀)တန် တစ်ထပ်ပါလာလေ၏။

ငွေသား (၅၀၀၀)ခန့် ရှိခြိမ့်မည် ထင်၏။

ထိုငွေများကို ကမ်းပေးရင်း-

'ဘယ်လိုမှ သဘောမထားပါနဲ့ အဘိုးရယ်၊ အဘိုးအို ကျွေးမွေးခဲ့တာကို တန်ဖိုးဖြတ်တာလည်း မဟုတ်ပါဘူး။ တကယ့် စေတနာသဒ္ဓါတရားနဲ့ လှူတာပါ' ဟု ပြောလိုက်လေသည်တွင် အဘိုးအိုသည် အကျည်းတန်စွာ ပြုံးလိုက်လေပြီး-

(တကယ်တော့ နှစ်လိုဖွယ်အပြုံး ဖြစ်ခြိမ့်မည်။ အိုမင်းရင့်ရော် နေခြင်းကြောင့် အကျည်းတန်အပြုံးဖြစ်သွားရခြင်းပင်။)

'မောင်ရင်လေးက တည်တည်နဲ့ ရယ်စရာလုပ်တတ်ပါကလား ဟား... ဟား... ဟား... ဟား...'. ဒီငွေစက္ကူတွေက ဒီနေရာမှာ ဘာအသုံးဝင်မှာလဲကွာ။ မင်းပြောတဲ့ ငါမမြင်ရတဲ့ စေတနာသဒ္ဓါတရား ဆိုတာကိုတော့ ငါလက်ခံပါ့မယ်။ ငါ့အတွက် ဘာမှအသုံးမဝင်တဲ့ မလိုအပ်တဲ့ စက္ကူတွေ ပြန်ယူသွားတော့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'အို. . . အဘိုးရယ်၊ အသုံးမဝင်ပေမင့် နောင်အဘိုးအတွက်ပဲ ဖြစ်ဖြစ်၊ အဘိုးနဲ့ပတ်သက်တဲ့ သူပဲဖြစ်ဖြစ်၊ အသုံးလိုကောင်း လိုပါလိမ့်မယ်'

သို့နှယ် ကျွန်တော်က ပြောလိုက်ပြန်၏။ ကမ်းထားသော လက်ကို ပြန်မရုတ်သိမ်းသေးပါချေ။

'တယ်ခက်ပါလား မောင်ရင်လေးရယ်။ ငါ လူတွေနဲ့ မနေချင်တော့လို့ ဒီတောဒီတောင်ထဲ လာနေတာ နှစ်တွေမနည်းဘူး။ မင်းခုပေးတဲ့ တာထက် အဆပေါင်း သိန်းသန်းမကရှိတဲ့ ဥစ္စာပစ္စည်း၊ ငွေကြေးတွေကို တောင်ထားပြီး ထွက်ခဲ့တာပဲကိုး။ ကဲ. . . ကဲ. . . မောင်ရင်လေး မြန်မြန် သွားချေတော့'

ကျွန်တော် နားလည်ရ ခက်ရချေတော့၏။

လူတွေနဲ့ မနေချင်လို့ ထွက်လာခဲ့တယ်လည်းဆိုသေး ဒီမယ်လည်း လူတွေနဲ့ တစ်စုတည်းနေ နေတာပဲ။ ဦးနှောက်မှ ကောင်းသေးရဲ့လားမှမသိ။ ရှိစေတော့၊ အဘိုးအိုက ကျွန်တော့်ကို မနေ စေချင်မှတော့ ထွက်သွားရုံပေါ့။

'နှိမ့်ဖြင့်လည်း သွားခွင့်ပြုပါဦး' ဆိုလျက် အဘိုးအိုတဲမှ ထွက်ခဲ့လေတော့သည်။

ကျွန်တော်ဖြတ်လာသည့် တောင်ကြောလေးတွင် တဲအိမ်တို့ ရှိနေကြ၏။ သို့ပေမင့် လူရိပ်လူယောင်တော့ဖြင့် မတွေ့မိပါချေ။

ကျွန်တော်သည် အဘိုးအိုပြောသော လင်းမြင့်လှိုင် ထွက်သွားရာ လမ်းကြောအတိုင်း လျှောက်ခဲ့ခြင်း ဖြစ်တော့၏။

တဲစုလေး၏ ခပ်လှမ်းလှမ်းအရောက်တွင် ရှေ့တူရူမှ နွားလှည်း တစ်စီးကို တွေ့လိုက်ရသည်ကြောင့် လွတ်လွတ်ကင်းကင်းရှိစေရန် နံဘေး သို့ ဖယ်ကပ်ရပ်နေလိုက်၏။

လမ်းမြောင်ကလေး တစ်ဖက်တစ်ချက်တွင် ချုံနွယ်သစ်ပင်တို့

www.burmeseclassic.com

www.burmeseclassic.com



ထူထပ်စွာရှိနေခြင်းကြောင့် ဖြစ်သည်။

နွားလှည်းပေါ်တွင် ပါလာကြသည်မှာ မိသားတစ်စု ဖြစ်ချိမ့်မည်။ လှည်းမောင်းသူတစ်ယောက်၊ မိန်းမတစ်ယောက်နှင့် ရင်ခွင်ပိုက်ကလေးတစ်ယောက်၊ ဆယ်နှစ်ခန့်ရှိ မိန်းကလေးတစ်ယောက် ဖြစ်ချေ၏။

ကျွန်တော့်ကို မြင်ဟန်မတူ။

သို့ကြောင့်-

'ဘယ်က ပြန်လာကြတာတုန်း' ဟု လှမ်းမေးလိုက်သည်။

'ဘယ်ကပြန်လို့ ဘယ်သွားကြမလို့လဲ'

မကြားလောက်သည်ထင်၍ အသံမြှင့်အော် မေးလိုက်ပြန်၏။ သည်တော့မှ ကျွန်တော့်ကို လှမ်းကြည့်လာကြတော့၏။

'ပြန်မှာ'

လှည်းမောင်းလာသူက ပြော၏။

'လမ်းမယ်များ သေနတ်ကိုင် မုဆိုးတစ်ယောက် တွေ့လား'

လင်းမြင့်လှိုင်အား ရည်ညွှန်း၍ မေးလိုက်ခြင်းဖြစ်သည်။

'မတွေ့မိဘူး'

သို့ဆိုလျှင်တော့ ကျွန်တော် စဉ်းစားရပေတော့မည်။ တစ်ခုခု ဆုံးဖြတ်ရပေတော့မည်။

အချိန်ကလည်း လင့်ချေပြီ။ လင်းမြင့်လှိုင်နောက်လိုက်ဖို့၊ ခရီးဆက်ဖို့ဆိုတာကလည်းမလွယ်။ သူတို့တွင် အကူအညီတောင်း၍ ညအိပ်လိုက်ပြီးလေမှ နံနက်စောစော ခရီးဆက်သွားပါက ပိုအဆင်ပြေလိမ့်မည်ဟုသာ ဆုံးဖြတ်လိုက်မိတော့သဖြင့်-

'နို့ဖြင့် ကျွန်တော်တဲ့စုဘက် ခရီးကြုံလိုက်ပါရစေ' ဟု ပြောလိုက်၏။

'ရတယ်လေ' ဆိုလျက် လှည်းဆရာသည် ရပ်စောင့်နေလေသည်ကြောင့် ကျွန်တော်သည် လှည်းပေါ်သို့ ခုန်တက်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



လှည်းဝင်ရိုးသံ တအီအီဖြင့် တဲစုရှိရာသို့ ပြန်ရောက်ခဲ့တော့၏။

'ကျွန်တော်ကို တစ်ညတာ တည်းခိုခွင့်ပြုပါ' ရယ်လို့ ပြောလိုက်သည့်တွင် ထိုသူသည် ကျွန်တော့်ကို လှမ်းကြည့်လေပြီး-

'မဖြစ်ဘူးထင်တယ်' ဟု ပြောလေ၏။

'ဘာဖြစ်လို့လဲဗျာ၊ ကျွန်တော်လူကောင်းပါ။ မိတ်ဆွေတစ်ယောက်နဲ့ လမ်းကွဲသွားလို့ပါ'

သို့ပြောလိုက်သည့်တွင် ၄င်း၏ ဇနီးဖြစ်ဟန်တူသော ကလေးငယ်တို့ ရင်ခွင်ပိုက်ထားသည့် မိန်းမကြီးက-

'ကြည့်ရတာမြို့သားထင်ပါ့တော်။ လူဆိုး၊ သူခိုး၊ဓားပြ မဖြစ်နိုင်လောက်ပါဘူး၊ တစ်ညတလေပဲရှင့်။ ညကျလျှင်ဖြင့် ရှင်လည်းအဖော်ရတာပေါ့' ရယ်လို့ ပြောလိုက်သည့်တွင် လှည်းဆရာသည် သူ့မိန်းမဖြစ်ဟန်တူသူကို ပြုံး၍ ကြည့်လိုက်လေပြီး 'ဒါ. .. နင်စီစဉ် တာနော်' ဟု ပြောပြီး ကျွန်တော့်ဘက်လှည့်ကာ 'ရပါတယ်ဗျာ' ဟု ပြောလေတော့၏၊ သည်သို့ဖြင့် ကျွန်တော်သည် တဲစုလေး၏ အစွန်ဆုံးတဲ (သူတို့တဲ) တွင် ညအိပ်ခွင့်ရသွားချေတော့၏။

'ကဲ. . . လာဗျာ. . . တဲပေါ်တက်ချေဦး' သို့ပြောလျက် လှည်းဆရာသည် ရှေ့မှဦးဆောင် တဲပေါ်တက်သွားတော့၏။ သူ့နောက်မှ မိန်းမနှင့် ကလေးတို့ လိုက်တက်သွားကြ၏။ ကျွန်တော်သည် တဲပေါ်တက်သေးဘဲ ခပ်လှမ်းလှမ်းတွင်ရှိကြသည့် တဲများကို လှမ်းကဲကြည့်လိုက်၏။

မှောင်စပျိုးဖြစ်နေလေသည်ကြောင့် တဲဝိုင်းတွင် မီးရောင်လဲ့လဲ့များ မြင်ရသည်။ လေအသင့်တွင် လူသားတို့၏ ဆူညံသံများထွက်ပေါ်လာ၏၊ အိမ်ခွေးတို့၏ အီသံ၊ အော်သံများကြားရ၏။ လှည်းဝင်ရိုးသံ အီအီများ ကြားရ၏။ ကျွန်တော်နေ့လယ်ခင်းအခါရောက်တေနိုးက မရှိကြပါကလား။ အဘိုးအို တစ်ယောက်သာ ရှိ၏။ ခုတော့ ဆူညံလို့

www.burmeseclassic.com

www.burmeseclassic.com



ပါကလား။ သို့ပြား. . .

သို့အသံတို့သာ ကြားရ၏။

မည်သည့် အရိပ်အယောင်သဏ္ဌာန်ကိုတော့ဖြင့် မတွေ့ရပါ ချေ။

'ညှော်သည် လာလေဗျာ'

သို့နှယ် ခေါ်လာလေသဖြင့် ကျွန်ုတော်သည် တဲပေါ် တက်လိုက်သည်။

'ကဲ. . . ဟောဒီမယ် အိပ်ရာပြင်ထားတယ်။ အိပ်ချေဗျာ. . . ကျုပ်တို့တော့ ခရီးပန်းလာကြပြီး ဆာလည်းဆာဆိုတော့ စားလိုက်ဦးမဗျ' ဆိုလျက် တဲအိမ်အတွင်းသို့ ဝင်သွားလေတော့၏။

'ဘယ်လိုလူစားပါလိမ့်'

ထမင်းစားတောင် မခေါ်ပါလား။ လူမှုရေးခေါင်းပါးတဲ့သူပဲ။ အင်းလေ. . . အိပ်ဖို့နေရာပေးလာသည်ကိုပဲ ကျေးဇူးတင်ရပေတော့မည်။

သို့ဖြင့် ကျွန်ုတော်သည် သူခင်းပေးထားသော ညစ်ထေးထေး သင်ဖြူးဖျာပေါ်တွင် ထိုင်ချလိုက်၏။ ပြီးနောက် ခေါင်းအုံးအလို့ငှာ ချထားပေးသော ဝါးပိုး ဝါးအဆစ်အပိုင်းအခြမ်းပေါ် သို့ ခေါင်းတင်လှဲချ လိုက်တော့၏။

ညောင်းညာနေလေသည်ဖြစ်၍ ကျောဆန့်လိုက်ခြင်းဖြစ်သည်။

မှေးခနဲ တစ်ချက် ဖြစ်သွားသည်တွင်-

'ဒီမှာ ဆရာလေး၊ ကျုပ်ကိုတော့ ဘယ်လိုမှ မထင်လေနဲ့၊ ညှော်သည်ကျွေးဖို့ ထမင်းဟင်း အပိုမရှိဘူး၊ ကျုပ်တောင်မှ မိန်းမနဲ့ကလေး ကို ဦးစားပေးပြီး လျှော့စားလိုက်ရတယ်။ ကဲ. . . သောက်တက်လျှင်ဖြင့် တော့ အရက်ရှိတယ်။ အရက်ကို မူးနေအောင် သောက်ဗျာ။ ဘာဆိုဘာမှ မသိတော့ ဆာလောင်ခြင်း ဒုက္ခဝေဒနာ ခံစားရတော့မှာ မဟုတ်ဘူး'လို့ ပြောလာသံကြောင့် မျက်လုံးဖွင့်၍ ထထိုင် လိုက်ရတော့၏။

သူ ကျွန်ုတော့်ကို ပြုံးကြည့်လေပြီး အရက်တစ်ခွက်ငှဲ့၍ လှမ်းပေး

www.burmeseclassic.com

www.burmeseclassic.com



သာတော့၏။

သူပြောသည့်နည်းမဆိုးပေရာဟု တွက်လိုက်ကာ လှမ်းပေးလာသော အရက်ခွက် (ဝါးခွက်)ကို လှမ်းယူမော့သောက်လိုက်တော့၏။

'ဖွီးစ်'

လွန်စွာမျှခါး၍ အောက်သိုးသိုးအနံ့ ပြင်းထန်သော ဆန်အရက်ဖြစ်နေသည်ကတစ်ကြောင်း၊ ရေရောစပ်ထားခြင်းမရှိသည်ကတစ်ကြောင်းကြောင့် အရက်သီးသွားရချေတော့၏။

ဝီစကီနှင့် တခြားစီပါကလား။

'တောင်းပန်ပါတယ်'

သို့နှုတ်ပြောလျက် ကျွန်တော်သည် ကြွေကွာ၍သံချေးပင်တက်နေပြီဖြစ်သော ပန်းကန်ပြားတွင် ထည့်ထားသည့် အသားမွကြော်အနည်းငယ်ကို နှိုက်ယူကာ စားလိုက်၏။

'ဝေါ'

'အွတ်'

ဘာတွေမှန်းမသိ။ အင်းဆက်ပိုးပေါင်းစုံကို ကြော်၍ ထည့်ထားခြင်းလေလားမသိ။

ပိုးနံ့ကောင်နံ့ ဆိုးဆိုးဝါးဝါးကြောင့် ပျို့တက်လာတော့ အန်လိုက်ပါတော့၏။

ကျွန်တော့်ကို ကြည့်၍ အတော်ကလေး စိတ်ပျက်သွားဟန်ရှိသော ထိုသူက-

'ရှိတာတိုက်၊ ရှိတာကျွေးရတာပဲဗျာ' ဟု ပြောလေ၏။

လာပြန်ပြီတစ်ယောက်၊ ဒီတဲစုမယ်ရှိတဲ့ လူတွေက အပြောအဆိုတစ်မျိုးကြီးပါကလား။ အဘိုးအိုကတစ်မျိုး၊ သူကတစ်မျိုး၊ ကျွန်တော်သူ့တဲတွင် တစ်ညတာ တည်းခိုခွင့်ရလိုက်ခြင်းသည် ကံဆိုးလေခြင်းများလား။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့မှ စဉ်ဆက်မပြတ် ပုလင်းကိုငုံ့လိုက်၊ သောက်လိုက် အမြည်းကို ပလုပ်ပလောင်းစားလိုက်ဖြင့် ဟန်ကျလို့နေသေးတော့၏။

သည်တော့လည်း ကျွန်တော်သည် ကျင့်သားမရသေး၍ ဖြစ်သည်ဟု တွက်ကာ တစ်ငုံစ နှစ်ငုံစ သောက်ရင်းမှ တစ်ကျိုက်နှစ်ကျိုက် သောက်ဖြစ်သွားတော့၏။ 'အင်းဆက်' ပိုးကောင်လေးများကို လှော်ထားသည့်အမြည်းကိုမူ လုံးဝမတို့မိပါတော့ချေ။

သို့ကြောင့်လည်း ကျွန်တော်သည် 'အသောက်ကလည်းများ၊ အစာကလည်း မရှိလေသည်ကြောင့် အမူးလွန်ကာ လဲပြိုကျသွားတော့သည်။

ချာလပတ်လည် မူးနေချေတော့၏။ ဝါးကြမ်းခင်းပေါ်တွင် 'တအင်းအင်း' အော်ညည်းလျက် လူးလိမ့်နေတော့၏။

သည့်နောက် ကျွန်တော်သည် ဘာမှမသိ၊ ဘာမှမမြင်ရတော့ချေ။ အိပ်ပျော်သွားခြင်းလား၊ သတိမေ့မြောသွားလေသည်လား မပြောတတ်တော့ပြီ။

'မောင်ရင်လေး. . . မောင်ရင်လေး. . . မောင်ရင်လေး'

သို့အသံနှင့်အတူ ကျွန်တော့်ကို လှုပ်ခါနေသည်ကြောင့် သတိရလာချေတော့၏။

'ဟင်'

မနေ့က ဆုံခဲ့ရသည့် အဘိုးအိုပါကလား။

ကျွန်တော်သည် ကပျာကသီ လူးလဲထလိုက်၏။ ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်၏။

မိုးစင်စင် လင်းနေချေပြီပဲ။

ညက အရက်အတူသောက်ခဲ့သော လှည်းသမားကို မတွေ့ပါတကား။

'မောင်ရင်လေးနှယ်ကွာ၊ မနေ့က ငါအသေအချာမှာလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ဝဲ၊ ဒီကနေ မြန်မြန်ထွက်သွားဖို့ဆိုတာ မသွားဘဲ ဒီတဲမှာ လာအိပ်နေရတယ်လို့'

သို့ အဘိုးအိုက ပြောလာသည်ကြောင့် ကျွန်တော် မကျေမနပ်ပြန်ကြည့်လိုက်လေပြီး-

'ထွက်သွားတော့လည်းဗျာ. . . လမ်းမှာ အချိန်မရှိတော့လို့ ဒီတဲစုက မိသားစုနဲ့တွေ့ပြီး တည်းခိုအိပ်ခွင့်တောင်းပြီး အိပ်တာပါဗျာ' ဟု ပြောလိုက်တော့သည်။

'ဘာကွ၊ ဒီတဲက မိသားစု ဟုတ်လား'

'ဟုတ်တယ်လေဗျာ' ဆိုလျက် မနေ့ညနေစောင်းလောက်ကလှည်းသမားမိသားစုနှင့် စတွေ့ခဲ့ရာမှအစ နှစ်ယောက်အတူ အရက်သောက်ရင်းအမူးလွန် အိပ်ပျော်သွားရခြင်းကို ပြန်ပြောပြလိုက်သည်တွင် အဘိုးအိုသည်အံ့သြတကြီး ဖြစ်သွားလေတော့၏။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ဒီတဲစုမှာ ငါတစ်ယောက်ကလွဲလျှင် လူသားဆိုလို့ တစ်ယောက်မှ မရှိဘူးကွ'

'မဖြစ်နိုင်တာဗျာ၊ ကျွန်တော် တိတိကျကျ ပြောလို့ရတယ်။ လင်မယားနှစ်ယောက်၊ ကလေးနှစ်ယောက်ဗျာ၊ ကလေးတစ်ယောက်ကရင်ခွင်ပိုက်အရွယ်၊ တစ်ယောက်က လေး' ငါး ခြောက်နှစ်အရွယ်ကလေး။ ပြီးတော့ ဟိုဘက် ဟိုဘက် ဟိုဘက်တဲတွေမလဲ လူတွေနေကြတာပဲ။ တစ်ညလုံး ဆူညံနေတာပဲဗျ'

သို့နှယ် ကျွန်တော်က ပြောလိုက်သည်တွင် အဘိုးအိုသည်တဟက်ပက်ပက် ရယ်မောလိုက်လေပြီး-

'အဲဒါ လူတွေ မဟုတ်ဘူးကွ' ဟု ပြောလေသဖြင့် ကျွန်တော်သည် အဘိုးအိုကို သူရူးတစ်ယောက်နှယ် ကြည့်နေလိုက်တော့၏။

'ဘာလဲ. . . မင်းက ငါ့ကို အရူးလို့ထင်နေပြီဟုတ်လား၊ မင်းကြည့်စမ်း၊ မင်းပြောတဲ့ ဟိုဘက်. . . ဟိုဘက်. . . ဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွေကိုလည်း ကြည့်စမ်း၊ သေချာကြည့်စမ်း၊ လူနေတဲ့ဟန်ရှိရဲ့ လားလို့ သွားလေ. . . သွားကြည့်လေ'

'ကျွန်တော့်ကို အဘိုးအို အရူးလုပ်နေချေပြီကော။ သို့ကြောင့် ကျွန်တော်သည် နံဘေးရှိသေနတ်ကို ကောက်ယူ၍ တဲအိမ်အနောက်ဘက်ကို လှမ်းကြည့်လိုက်၏။

'ဟာ'

သစ်ရွက်ခြောက်ကြွေနှင့် အမှိုက်သရိုက်များ၊ ပင့်ကူမျှင်အိမ်နှင့် ဖုံအလိမ်းလိမ်း မြင်ရလေခြင်းကြောင့် အဘိုးအိုစကားမမှားဟု သိလိုက်တော့၏။

'ဘယ်လိုပါလိမ့်'

ညက လှည်းသမားမိန်းမနှင့် ကလေးနှစ်ယောက် ဝင်အိပ်ကြသေးသည်ပဲ။

'နေဦးဗျာ' ဆိုလျက် ကျွန်တော်သည် အခြားတဲများပေါ်သို့ ပြေးလွှားတက်ကြည့်လိုက်ပြန်၏။

အဘိုးအိုရူး မရူးတော့မသိ။ ကျွန်တော်ဖြင့် ရူးချင်မိတော့၏။

'အဲဒါ ဘယ်လိုဖြစ်တာလဲဟင်'

လေသံပျော့ပျော့ဖြင့် အဘိုးအိုကို မေးလိုက်သည်။

'ညက မင်းကြားရတယ်ဆိုတဲ့ ဆူဆူညံညံ လှည်းတွေ၊ နွားသံတွေ နွားလှည်းသံတွေက ကျတ်ကောင်တွေပဲပေါ့'

'ဗျာ'

'အေး. . . မင်း ညက တွေ့ခဲ့ ဆုံခဲ့တယ်ဆိုတဲ့ မိသားစုကလည်း ကျတ်ကောင်တွေပဲ ဖြစ်မှာပေါ့'

'ဘုရားရေ. . . တကယ်ပဲလား'

'နို့ဖြင့် အဘိုးက တစ်ယောက်တည်း၊ ဒီမှာ နေရတာနော် မကြောက်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မကြောက်လို့ လာနေတာပေါ့ကွာ။ ကျုတ်တွေက ဘာကြောက် စရာလိုမှာတုံး။ တကယ်ဆို လူတွေကသာ မျက်စိနှစ်လုံး ဖွင့်တာနဲ့ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ဒွေးရောယှက်တင်နေ နေကြတာလေ။ နို့ကြောင့်လည်း လူသားတွေက တစ်ယောက်နဲ့တစ်ယောက် ယုတ်မာကြ၊ ကောက်ကျစ်ကြ၊ သတ်ကြ၊ ဖြတ်ကြ ဖြစ်နေတာပေါ့။ နို့ကြောင့် ငါလူတွေ နဲ့ မနေချင်လို့ ဒီမယ်လာနေတာပဲ။ ဒီကောင်တွေဟာ သူ့ဟာသူနေကြ တာပဲ။ လင်းအရုဏ်လာတာနဲ့ သွားကြပြီ။ နေဝင်မိုးချုပ်တာနဲ့ ပြန်ရောက် လာကြတယ်။ ဘယ်ဆီများသွားကြပြီး ဘာတွေလုပ်ကြ တယ် ငါမသိဘူး။ အဲ. . . ဒီပြန်လာတဲ့အခါ ပြောကြဆိုကြ၊ ချက်ပြုတ်စားကြ၊ ငါ့တဲနား တောင် မလာကြပါဘူးကွာ။ ဒီတော့ ငါဘာကြောက်စရာလိုမလဲ။ မင်း သတိမထားမိလို့ပါ။ ငါ့တဲက အစွန်ဆုံး မှာလေ။ ပြီးတော့ ဒီဘက်တဲတွေ နဲ့ငါ့တဲကြားမယ် ဇီးပင်ကြီးတစ်ပင် ပေါက်နေတာ တွေ့ရလိမ့်မယ် အဲဒါ သူ့စည်း၊ ဘီလူးစည်း ဆိုတာပဲပေါ့'

'ဗျာ'

'ကဲ. . . ကဲ. . . မောင်ရင်လေး၊ သွားစရာရှိ မြန်မြန်သွားပေ ရော့၊ ငါလည်း အစာသွားရှာချေဦးမယ်' ဆိုလျက် ချုံနွယ်ပင်တို့ကြား ဖြတ်သွား လေတော့သည်။

အဘိုးအိုကော လူစင်စစ် ဟုတ်ပါလေစ။ ကျွန်တော်သည်လည်း ထိုတဲစုလေးမှ ထွက်ခဲ့ပေတော့သည်။

လာလမ်းတစ်လျှောက် စဉ်းစားလို့ နေမိတော့၏။

ကျွန်တော်နှင့် ဆုံခဲ့သော မိသားစုသည် 'ကျုတ်'ကောင်ဆိုတာ ဖြစ်နိုင်ပါ့မလား။

'ဟာ. . . ဟုတ်ပြီ'

ကျွန်တော်သည် တဲစုလေးရှိရာသို့ အပြေးပြန်လာခဲ့တော့သည်။ ကျွန်တော် အဘိုးအိုစကားကို လုံးဝ လက်မခံနိုင်ပါ။

www.burmeseclassic.com



'အင်း. . . ဟုတ်ပြီ' ကျွန်တော်နွားလှည်းဘီးအရာကို ပြန်ရှာ ကြည့်လေခြင်း ဖြစ်၏။

နွားလှည်းဘီးရာ ထင်းထင်းကြီးရှိနေသည်ပဲ။ ပြီးတော့ နွားခြေ ပင် တွေ့လိုက်လေသည်ကြောင့် အဘိုးအိုစကားကို ပို၍ လက်မခံချင်ဖြစ် တော့၏။ သို့ဆိုပါလျှင် ညကဆုံခဲ့သော မိသားစုသည် ကျတ်ကောင်မျာ မဖြစ်နိုင်။ လူသားစင်စစ်များသာ ဖြစ်ခြိမ့်မည်။

သို့ပေမင့် ဘယ်တွက် ရုတ်ခြည်း ပျောက်သွားရပါသနည်း။

အဘိုးအိုနှင့်ကော ဘယ်လိုပတ်သက်နေပါသနည်း။

ထိုသည်တို့ကို ကျွန်တော်သိစရာလည်းမလို။ သိလည်း မသိချင် ကျွန်တော်သိချင်သည့် ကျတ်ကောင် ဟုတ် မဟုတ်သိရလျှင် တော်ပြီပေ

သို့ကြောင့် ကျွန်တော်သည် ထိုတဲစုလေးမှ ထွက်ခဲ့ပြန်တော့၏ လင်းမြင့်လှိုင်နောက် လိုက်ရပေဦးမည်။ လင်းမြင့်လှိုင်ကို ရှာရပေဦးမည်

အောင်ဦးတစ်ယောက်လည်း ဘယ်ရောက်နေပါလိမ့် လင်းမြင့်လှိုင်နှင့် အတူတူပင် ရှိနေလေသည်လား။

သူတို့သည်လည်း ကျွန်တော့်ကို ရှာနေကြလိမ့်မည်။ တွေ့ချင် လိမ့်မည်။ တစ်ကြောတက်၊ တစ်ကြောဆင်း၊ တစ်မြောင်ဝင်၊ တစ်မြော ထွက်ဖြင့် လျှောက်ခဲ့သည်မှာ နေလုံးသည်ပင် သစ်ပင်ဖျားရောက်လုနေ ဖြစ်၏။

ဆာလောင်မှု ဖြစ်လာလေမှ သားကောင် ရှာပစ်ရမှန်း သ မိတော့၏။ လင်းမြင့်လှိုင်တို့နှင့် တွေ့ဆုံချင်သည့် ဆန္ဒက ပြင်း သည်ကိုး။ သို့ဖြင့် ကျွန်တော်သည် တောမှောက်၊ လမ်းပျောက်၊ အ နေသူ တစ်ယောက်စိတ်ကို ဖျောက်ကာ အေးအေးလူလူ အပ လာသူတစ်ယောက်ပမာ သဘောထား လျှောက်ခဲ့ရာတွင်တော့ ' လေးတစ်ကောင်ကို ပစ်ခတ်ရလိုက်တော့၏။

သို့ဖြစ်၍ ကျွန်တော်သည် ပစ်ခတ်ရလိုက်သော ဒရယ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကစ်ချောင်းကိုသာ လှိုးဖြတ်ခပ်ယူလိုက်တော့၏။

နေရာထိုင်ခင်းကောင်းသည့် ပိန္နဲပင်ကြီးတစ်ပင်အောက်တွင် ထိုင်နေလိုက်ရင်း ဒရယ်ပေါင်ကို အရေခွာ၊ တံစို့ထိုး၊ မီးကင်စားလိုက်တော့၏။ တစ်ယောက်တည်း ဟိုတွေး၊ သည်တွေးရင်း ဒရယ်ပေါင် မီးကင်ကို မြုံ့မြုံ့စားနေစဉ်-

'ရှပ် . . . ရှပ် . . . ရှပ် . . . ရှပ်' ရယ်လို့ သစ်ရွက်ခြောက်များ ပေါ်တွင် နင်းလျှောက်လာသံကြောင့် ကပျာကသီ လှည့်ကြည့်၊ လက်တွင်းရှိ ဓားနတ်ဖြင့် လှမ်းထိုးချိန်လိုက်၏။

'ဟင်'

လူတစ်ယောက်ပါကလား။ လူလုံးတော့ဖြင့် မကွဲ။

လူတစ်ယောက်ဆိုသည်ကတော့ဖြင့် သေချာ၏။ ကျွန်တော် လှည့်ကြည့်လိုက်သည်နှင့် ထိုလူသည် လျင်မြန်စွာဖြင့် သစ်ပင်ကြီး တစ်ပင်နောက် ပုန်းကွယ်သွားတော့၏။

'ဟိတ် . . . ဘယ်သူလဲ၊ ထွက်ခဲ့'

သို့နှင့် လှမ်းအော်လိုက်၏။ ထိုသူသည် ထွက်မလာ၊ ဘယ်လို ဆိုင်း၊ ဘယ်လိုသဘောဖြင့် ကျွန်တော့်နောက်ကွယ်မှ ကျွန်တော့်ထံ ချဉ်းကပ်လာပါလိမ့်။ ကျွန်တော် အလှည့်မြန်ပေလို့။

'ဟိတ်လူ ပြောနေတာ မကြားဘူးလား၊ ပစ်လိုက်မယ်နော်'

သို့ပြောလည်း ထွက်မလာ။

သို့ကြောင့်-

'ဒိန်း'

သူ ပုန်းကွယ်နေသော သစ်ပင်ကြီးအထက်ကို လှမ်းပစ် လိုက်၏။ ခြောက်လှန့်ပစ်ခြင်းသာ ဖြစ်သည်။

'ကြောက်ပါပြီဗျာ၊ ကျုပ် ထွက်လာပါ့မယ် ကျုပ်ဆီက ဘာပစ္စည်း လိုချင်သလဲ ကျုပ်မယ် ဒါပဲပါတယ်။ ယူလိုက်ပါဗျာ၊ အသက်တော့

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပေးပါ'

သို့ဆိုလျက် သစ်ပင်နောက်ကွယ်မှ တစ်စုံတစ်ခုကို သစ်ပင်ရှေ့သို့ ပစ်ချပေးလာတော့၏။

'ဟာင်'

ထိုပစ္စည်းလေးကို မြင်လိုက်သည်နှင့် ကျွန်တော် အံ့ဩသွားတော့၏။

ဝီစကီပုလင်းပြားလေးပါကလား။ သို့ဆိုလျှင်ဖြင့်-

'ကိုလင်းရာ၊ ခင်ဗျား အတော်နောက်တဲ့သူပဲ'

သို့ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် သစ်ပင်ကွယ်မှ ထွက်လာချေတော့။

စောစောက အသံဖျက်၍ ပြောလာခြင်း ဖြစ်၏။

လင်းမြင့်လှိုင်သည် မြေပေါ်မှ ဝီစကီပုလင်းပြားလေးကိုကောက်ယူ၍ ကျွန်တော့်ထံသို့ ရယ်မောရင်း လျှောက်လာလေတော့၏။

'အတော်ပေပဲဗျ' ဆိုလျက် ဒရယ်သားမီးကင်ကို အားပါးတရစားလျက် ကျွန်တော့်ကို ဝီစကီပုလင်းပြားလေး ကမ်းပေးလာချေတော့သည်။

'နို့ဖြင့် အောင်ဦးကောဗျ' ရယ်လို့ ကျွန်တော်က မေးလိုက်၏။

'ပြောပြရမှာပေါ့ဗျာ၊ ကျွန်တော်အစာမစားရတာ တစ်ရက်နဲ့တစ်ညရှိပြီဗျ။ သားကောင်ကလည်း မတွေ့ရတော့ မပစ်ရဘူးပေါ့ဗျာ။ မပစ်ရတော့ကာ မစားရဘူးပေါ့။ ကိုပိုက်အကြောင်းသာ အလျင်ပြောပါဦး။ ပြီးတော့ အောင်ဦးနဲ့ ကျွန်တော့်အကြောင်း ပြောပြမယ်'

ဆိုလျက် ဒရယ်သားမီးကင်ကိုသာ အာရုံစိုက်ကာ စားနေလေတော့သည်ကြောင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်တို့၏ ဝံကောင်ကြီးကို ပစ်ခတ်ရရှိပြီး စခန်းသို့ပြန်လာစဉ် သူတို့ဝံကောင်အသားဖြတ်နေချိန်တွင် မီးဖိုစဉ် ထင်းခြောက်တုံးများကို ထွက်ရှာသည်တွင် မျက်စိလည်

www.burmeseclassic.com



လမ်းမှားသွားပုံ၊ တဲစုလေးမှ အဘိုးအိုနှင့် တွေ့ရပုံ၊ ကျွတ်ကောင်ရယ်လို့ အဘိုးအိုပြောသည့် မိသားစုနှင့် ဆုံစည်းခဲ့ပုံတို့ကို စားရင်းသောက်ရင်း ပြောပြလိုက်တော့သည်။

'နို့ဖြင့် ကျွန်တော်တို့ အဲဒီတဲစုဘက် ပြန်သွားကြစို့ဗျာ၊ ကိုပိုက် အဲဒီနေရာ ကောင်းကောင်းမှတ်မိတယ် မဟုတ်လား'

သို့နှယ် လင်းမြင့်လှိုင်က ပြောလာ၏။

'မှတ်မိတယ်၊ သွားတတ်တယ်။ နို့ဖြင့် ပြောပါဦး၊ အောင်ဦးတစ်ယောက် ကိုလင်းနဲ့အတူတူပါသွားတာ မဟုတ်လား၊ အဲဒီည ကိုလင်းတို့ စခန်းတဲလည်း ပျက်စီးနေတယ်လေ'

'အင်း. . . ပြေးရတာပေါ့ဗျ၊ ကဲ. . . လာ အဘိုးအိုနေတယ် ပြောတဲ့ ကျွတ်ကုန်းနေရာသွားရင်း လမ်းမှာပြောပြတာပေါ့'

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် 'ကျွတ်'တို့ နေထိုင်ရာ (အဘိုးကြီးအပြော) တဲစုလေးရှိရာသို့ ထွက်ခဲ့ကြတော့၏။ ကျွန်တော်က ဦးဆောင်ခေါ်လာခြင်းဖြစ်တော့၏။

လမ်းတွင် လင်းမြင့်လှိုင်က သူ၏ဖြစ်စဉ်ကို ပြောလာချေတော့သည်။

*******

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်နှင့် အောင်ဦးသည် ရရှိလာသော ဝံကောင်သေကို အသားဖျက်နေစဉ် ကိုပိုက်သည် ထင်းမီးပုံရန်အလို့ငှာ သစ်ခြောက်တုံးနှင့် သစ်ခြောက်တို့ကို လိုက်လံစုဆောင်းနေသည်ကို တွေ့ရ၏။

သည့်နောက် လင်းမြင့်လှိုင်နှင့် အောင်ဦးသည်လိုအပ်သလောက် အသားများကိုဖျက်ပြီး ကျန်စွန့်ပစ်အစိတ်အပိုင်းများကို ချောင်းစပ်ခပ် လှမ်းလှမ်းနေရာတွင် မြှုပ်နှံလိုက်သည်။

ဝံကောင်သားများ မီးကင်ရန် တံစို့ထိုးအပြီးတွင် စခန်းတဲသို့ ပြန်လာကြသည်တွင် ကိုပိုက်ကိုလည်းမတွေ့၊ ထင်းမီးပုံရန် ထင်းတုံးခြောက်များကိုလည်း မတွေ့ရသဖြင့် အောင်ဦးသည် အနားတစ်ဝိုက် လှည့်ပတ်ရှာကြည့်ပြန်၏။

'ကိုပိုက် ထင်းခြောက်တုံးတွေ ဘယ်ထိများ သွားရှာနေလဲမသိဘူး'

အတော်နှင့် ပြန်မရောက်လာသည်ကြောင့် မအောင်ဦးရှာခဲ့၍ရသော ထင်းခြောက်တုံးငယ်ဟိုဖြင့် မီးပုံရှို့လိုက်ကာ ဝံကောင်သားတို့ကို မီးကင်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် မှောင်စပျိုးလာသည့်တိုင် ကိုပိုက်ပြန်ရောက်မလာ ဘယ်လိုဖြစ်တာပါလိမ့်။

လင်းမြင့်လှိုင်နှင့် အောင်ဦးသည် ဝံသားကျက်သည်တွင် ညစာ အလို့ငှာ စားသောက်ရင်း စောင့်နေကြပြန်၏။ သို့ဖြင့် တစ်စတစ်စ ညဉ့်နက်လာသည့်တိုင် ကိုပိုက် ပြန်ရောက်မလာချေ။ စိုးရိမ်ပူပန်ရချေပြီ။

'ကိုပိုက် သားကောင်တွေ့လို့များ လိုက်ရင်းခရီးလွန်သွားလားမသိ'

သို့နှယ် တွက်မိလိုက်ပြန်သည်။

'ဘယ်လိုလုပ်မလဲ၊ လိုက်ရှာကြမယ်'

အောင်ဦးက အကြံပြုလာ၏။

'ဒါဖြစ်လေ့ဖြစ်ထရှိပါတယ်။ အချိန်တန်တော့ ပြန်ရောက်လာပါ လိမ့်မယ်။ နို့မဟုတ်လျှင်ဖြင့် မနက်ချိန်အထိ စောင့်ကြပေတာပေါ့၊ နို့မှ ပြန်မရောက်လာလျှင် လိုက်ရှာကြမယ်'

'ဟုတ်ပြီလေ' ဆိုလျက် အောင်ဦးသည် မီးပုံနံဘေးတွင် သွားထိုင် လိုက်တော့၏။

လင်းမြင့်လှိုင်သည် ခရီးပန်းလာသည်ဖြစ်ခြင်းကြောင့် ဝါးတဲပေါ် တွင် လဲလျောင်းလျက် နားနေလိုက်၏။

အတန်ကြာတွင် မျက်ခွံများ လေးလံလာတော့သဖြင့် အိပ်ပျော် သွားမည်စိုးသောကြောင့် ကပျာကသီ အိပ်ရာထက်မှ လူးလဲထလိုက်၏။ ပြီးနောက် မီးပုံနားရှိ အောင်ဦးထံ သွားလိုက်သည်။

'ဘယ်လိုလဲ၊ အိပ်မပျော်ဘူးလား'

အောင်ဦးက မေးသည်။

'အိပ်ပျော်သွားမှာစိုးလို့ မင်းဆီ ထလာတာ'

သို့ပြောလျက် လင်းမြင့်လှိုင်သည် ဝံကောင်သားကင်တုံးတစ်စုံမှ ဆွဲယူလိုက်တော့၏။

နှစ်ယောက်သား စကားမပြောဖြစ်။ အတွေးကိုယ်စီဖြင့် ရှိကြ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

'ဝေါ. . . ဝေါ. . . ဝေါ. . . ဝရော. . . ဝေါ'

ထိုစဉ် စခန်းတဲနောက်ဘက် တောင်ကြောပေါ်မှ တော်လဲသံကို ကြားလိုက်သည်ကြောင့် နှစ်ယောက်သား ထိုင်ရာမှ ထလိုက်ကြကာ လှမ်းကြည့်လိုက်ကြ၏။

ထူးဆန်းသည်ကား ထိုတောင်ကြောတွင် လေပြင်းတိုက်သံ၊ တော်လဲသံ၊ ဆူညံသံများ ကြားရသော်လည်း သစ်ပင်၊ သစ်ရွက်၊ သစ်ကိုင်းတို့သည် ပကတိ ငြိမ်သက်၍ရှိကြတော့၏။

'ဒီလောက်တော်လဲသံ ပြင်းပြင်းကြားရတာတောင်သစ်ရွက် ကလေးတစ်ရွက် လှုပ်ခတ်မသွားတာ အံ့သြဖို့ကောင်း တယ်နော်'

'ဒါ ဘာဆန်းလဲဗျာ။ မင်းတို့လည်း မုဆိုးပေပဲ။ တောတောင်ထဲ မကြာခဏ ရောက်ဖူးကြမှာပဲ။ တောခြောက်တာတို့ တောမှောက်တာတို့ ကြုံဖူးကြမှာပေါ့'

'သိပ်မကြုံဖူးဘူးဗျ'

'ဟော'

'တောခြောက်တယ်ဆိုတာ ဘာကို ခေါ်တာလဲဟင်'

ဘုရားရေ. . . မုဆိုးတစ်ယောက်လုပ်ပြီး တောခြောက်တာ ဘာရယ်မသိဆိုပါကလား။

'နို့. . . မင်းဟာ မုဆိုးမဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ နို့ပေမင့် သေနတ်ပစ် ကျွမ်းကျင်တာလေးတစ်ခု ရယ်ပါ၊ တောအတွေ့အကြုံနည်းပါတယ်'

'ဟော'

သို့ဖြင့် လင်းမြင့်လှိုင်သည် အောင်ဦးကို တောနက်နက်နေရာ များတွင် ဖြစ်လေ့ဖြစ်ထရှိသည့် တောခြောက်ခြင်း၊ တောမှောက်ခြင်း စသဖြင့် တော၏မာယာ ပရိယာယ်များပုံတို့ကို စိတ်ရှည်လက်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်တော့၏။ သို့ရှိစဉ်-

'ကွစ်. . . ကွစ်. . . ကွစ်. . . ကွစ်. . .

ကွိစ်. . . ကွိစ်. . . ကွစ်. . . ကွိ'

ဘယ်အချိန်က ရောက်လာမှန်းမသိသော မျောက်တစ်အုပ် သည် ခန်းတံပေါ်တွင် ယောက်ယက်ခတ်နေကြတော့၏။

သို့ကြောင့် လင်းမြင့်လှိုင်က လက်တွင်းရှိသေနတ်ဖြင့် လှမ်းပစ် သိုက်မည့် အလုပ်တွင်-

'မပစ်ပါနဲ့ဗျာ၊ ညဥ့်နက်သန်းခေါင် ဘာဖြစ်လို့ မျောက်တွေ ယောက်ယက်ခတ်နေပါလိမ့်၊ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်'

သို့ပြောလာသည့် အောင်ဦး၏စကားကို အလေးအနက်ထား ဥ်းစားမိလိုက်သည်နှင့် လင်းမြင့်လှိုင်သည် သူထိုးချိန်ထားရသော သေနတ်ပြောင်းကို ပြန်ရုတ်သိမ်းလိုက်တော့၏။

'ဩော်. . . မင်းပြောတာ ဖြစ်နိုင်တယ်။ ဟော. . . ဟိုမယ် ကြည့်စမ်း၊ နည်းတဲ့မျောက်တွေလားကွာ'

တကယ်ပင် မျောက်တို့များပြားလွန်းလှ၏။

လင်းမြင့်လှိုင် တစ်သက်နှင့်တစ်ကိုယ် သည်တစ်ကြိမ်သာလျှင် ဤမျှများပြားသော မျောက်တို့ကို တွေ့ဖူးခြင်းဖြစ်၏။

ပို၍ အံ့ဩဖွယ်ကောင်းသည်မှာ ညဥ့်နက်သန်းခေါင်ယံတွင် တွေ့ရလေခြင်းကြောင့်ပင်။

'ကွိစ်. . . ကွိစ်. . . ကွိစ်. . . ကွီး'

လင်းမြင့်လှိုင်သည် လက်တွင်းမှ သေနတ်ဖြင့် လှမ်းချိန်၍ ခြောက်ပစ် ပစ်လိုက်လေတော့၏။

'ဒိုန်း'

သို့ ခြောက်လှန့်ပစ်လိုက်ခြင်းကြောင့် ကြောက်လန့်ကြားပြေး သွားကြလိမ့်မည် ထင်ခဲ့ငြား ထိုမျောက်အုပ်သည် ကြောက်လန့်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိသည့်ပြင် အတင်းတဇွတ်ထိုးပင် သူတို့ကို ဝင်ရောက်တိုက်ခိုက်လာကြပြန်တော့၏။

'အာ'

'အား. . .' 'အား'

'အား. . .' 'အား. . .'

လင်းမြင့်လှိုင်သည် လက်တွင်းရှိ သေနတ်ဖြင့် ပစ်ခတ်ချိန်ပင် မရတော့လေသဖြင့် သေနတ်ကို လက်ရိုက်တုတ်အဖြစ် အသုံးပြု လွှဲယမ်းနေရတော့၏။ အောင်ဦးသည်လည်း သူ့တွင်ရှိ လက်တစ်ဖက်ဖြင့် (ထင်းခြောက်ကိုင်း ကိုင်ထားသည်) ဝှေ့ယမ်းလို့နေရတော့၏။

ပထမတော့ သုံးလေးကောင်မျှ တိုက်ခိုက်လာကြခြင်းဖြစ် ပြီးနောက်တွင် မြောက်မြားစွာသော အကောင်တို့သည် ဆူဆူညံညံ အသံများပြုလျက် တိုက်ခိုက်လာကြချေပြီ ဖြစ်သည်။

'အောင်ဦးရေ. . . မဖြစ်ချေဘူးကွ၊ ပြေးပေရော့' ဆိုလျက် လင်းမြင့်လှိုင်သည်လည်း မျောက်သောင်းကျန်းတို့လက်မှ လွတ်မြောက် ရန် အလို့ငှာ နောက်လှည့် ခြေဦးတည့်ရာ ပြေးခဲ့ရတော့သည်။

အောင်ဦးသည်လည်း သူ့နှယ်ပင် လှည့်ပြေးရချေတော့၏။

သို့ဖြစ်၍. . . လင်းမြင့်လှိုင် နောက်ကိုတော့ဖြင့် ပါမလာခဲ့ပါချေ။ အောင်ဦးတစ်ယောက် ဘယ်ရောက်လို့ ရောက်မှန်းမသိပါချေ။ လင်းမြင့်လှိုင်သည်ပင် ညဉ့်မှောင်မှောင် ခြေဦးတည့်ရာသို့အလွတ်ပြေး ခဲ့ရာမှ စခန်းတဲသို့ အပြန်လမ်း မသိပါတော့ချေ။ သို့တင်ပဲလား မဟုတ် ဘယ်ရောက်လို့ရောက်မှန်းပင် မသိပါချေ။

ပြေးရင်းလွှားရင်း ဆာလောင်နေသည်လည်း ဖြစ်သည့်အပြင် ခွဆုံကောင်းကောင်း သစ်တစ်ပင်ပေါ် တက်၍ အိပ်လိုက်ရတော့သည်။ သားရဲကောင်တို့ရန်မှ ကင်းလွတ်ခဲ့ရပေမင့် သစ်ပင်ခွဆုံတွင် ဖြစ်သလို ခွေခေါက်မှိန်းခဲ့ရသည်ကြောင့် ကိုယ်လက်များ ကိုက်ခဲရလေခြင်း၊ အိပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ပျက်ခဲ့ရလေခြင်း၊ ဆာလောင်ခြင်းဒဏ်တို့ကြောင့် နောက်နေ့ နံနက်တွင် ယင်းသစ်ပင်အောက်ခြေသို့ဆင်း၍ သက်သောင့်သက်သာ လဲလျောင်း အိပ်စက်လိုက်တော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ။

'အစ်ကို'

'အစ်ကို' 'အစ်ကို' 'အစ်ကို'

သို့နှယ် လူတစ်ယောက် အသံကြားရလေခြင်း၊ သူ့ကိုလှုပ်နှိုးလာလေခြင်းကြောင့် အိပ်ရာမှ နိုးခဲ့ရတော့၏။

နှစ်နှစ်ခြိုက်ခြိုက် သက်သောင့်သက်သာ လဲလျောင်း အိပ်စက်လိုက်ရလေခြင်းကြောင့်ရယ် မသိ။ အနည်းငယ်တော့ဖြင့် လန်းဆန်းလာတော့၏။ သွက်သွက်လက်လက် ရှိလာချေတော့၏။

'ဟင်'

သူ့ကို လှုပ်နှိုးလေသည်မှာ လူတစ်ယောက် ဖြစ်ချေ၏။

'အစ်ကို. . . မြေကြီးပေါ်မှာ ဘာလို့အိပ်နေရပါလိမ့်၊ ဒုက္ခတော့ ရောက်တော့မှာပဲ။ အစ်ကို့ကို ကြည့်ရတာ အဖော်နဲ့ကွဲလမ်းပျောက်လာတာဖြစ်မယ်'

'ဟော'

ထိုသူငယ်လေးကြည့်ရသည်မှာ လူကောင်းတစ်ယောက် ဖြစ်နိုင်၏။ သို့ကြောင့်လည်း လင်းမြင့်လှိုင်သည် ညကဖြစ်စဉ်ကို ဂဃနဏပြောပြလိုက်လေသည်တွင် ထိုသူငယ်က-

'ဟင်. . . နို့ဖြင့် အစ်ကို ဆာနေရောပေါ့၊ လာ. . . လာ. . . အျှန်တော့်စခန်းတဲ ဟိုးရှေ့နားလောက်မယ် ရှိတယ်၊ စားစရာလည်းရှိတယ်'

သို့ဆိုလျက် ထိုသူငယ်သည် လင်းမြင့်လှိုင်ကို ရှေ့မှဦးဆောင်ခေါ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူငယ်ပြောသလို ဟိုရှေ့နားသို့ ဆိုလေသည့်အတိုင်း ထိုနေရာလေးမှ ဆယ်မိနစ်ခန့်သာ လျှောက်လိုက်ရ၏။

'ကဲ. . . အစ်ကို၊ ဟောဒီမယ် တောင့်ကြည့်... ဦး။ ပြီးတော့ မနေ့က ရထားတဲ့ ဂျို(ချေ) သားကောင် ရှိသေးတယ် အဆာပြေ စားလိုက်ဦး အစ်ကို၊ ပြီးမှ စကားပြောကြတာပေါ့' သို့ပြောလျက် ငှက်ပျောတစ်ဖီးနှင့် ဂျိသားကင်တစ်စို့ထိုးတစ်ချောင်းကို ပေးလာတော့၏။

ပြီးလေလျှင်-

'အစ်ကို. . . ဒီကနေ ဘယ်မှ မသွားလေနဲ့ဦးနော်။ ကျွန်တော် ဟိုနားလေးမယ် ကိုင်းထောင်ထားတာ သွားကြည့်ချေဦးမယ်။ နေ့တိုင်း ဂျိသားစားရတာ ငြီးငွေ့လာလို့ ကြက်ကလေး၊ ငှက်ကလေးများ ရလေမလားလို့ အစ်ကိုရေ'

သို့ဆိုလျက် ခပ်သွက်သွက် ထွက်သွားလေသဖြင့် လင်းမြင့်လှိုင်သည် ဘာမျှမပြောလေတော့ဘဲ ဆာလောင်နေသည်လည်း ဖြစ်သည်ကြောင့် ဂျိသားမီးကင်တစ်တုံးကို ဖြုတ်စားလိုက်တော့၏။

ဆာလောင်ခြင်း အနည်းငယ် ပြေပျောက်သွားသည်တွင် လင်းမြင့်လှိုင်သည် သူ့တွင် အမြဲဆောင်ထားလေ့ရှိသော ဝီစကီပြားလေးကိုထုတ်၍ ပုလင်းလိုက်ပင်မော့၍ တစ်ငုံလောက်သောက်လိုက် လေတော့သည်။

သောက်ရင်း စားရင်း ကိုပိုက် ဘယ်ရောက်သွားပါလိမ့်၊ အောင်ဦး တစ်ယောက်ကော မျောက်သောင်းကျန်းတွေ လက်မှ ပြေးလွတ်ပါရဲ့လား။ တွေးတောပူပန်နေပါတော့၏။

အာဟာရနှင့် လိုအပ်သောဆီ ဖြည့်တင်းလိုက်ရခြင်း ကြောင့် ကျေနပ်ပီတိ ဖြစ်သွားတော့၏။

လိုအပ်သည်ထက် ပိုသွားလေသည်ကြောင့် ဝါးကြမ်းခင်းပေါ် လှဲအိပ်လိုက်တော့သည်။ မည်မျှကြာကြာမေ့လျော့ အိပ်ပျော်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်မသိ။ တစ်ရေးနိုးလာရသည့်တွင် နေမွန်းတည့်ပေရော့မည်။

အလို. . . ဒီနားခဏဆိုပြီး ထွက်သွားလေသည့် ကျေးဇူးရှင်လေး ပြန်မရောက်သေးပါကလား။

ဘယ်လိုဖြစ်ရတာပါလိမ့်။

သို့ကြောင့် လင်းမြင့်လှိုင်သည် အားပါးတရ စားလိုက်ရခြင်း၊ အိပ်ပျော်သွားရခြင်းကြောင့် အားအင်များ ပြန်လည်ပြည့်ဖြိုး လန်းလန်း ဆန်းဆန်း ရှိလာပြီ ဖြစ်၏။ ကိုပိုက်နှင့် အောင်ဦးတို့ကို ရှာဖွေရန်ကို ကျေးဇူးရှင်လေးထံတို စွန့်သွားခဲ့လေတော့၏။

ကျေးဇူးရှင်လေးကိုတော့ဖြင့် ကျေးဇူးတင်စကားပင် မပြောလိုက်ရခြင်းအတွက် စိတ်မကောင်းဖြစ်မိတော့၏။ ဘယ်တတ်နိုင်ပါ့လေ လေ၊ ကိုပိုက်နှင့် အောင်ဦးကို ရှာရပေဦးမည်။ သို့ပေမင့်-

ကျေးဇူးရှင်လေး၏ တဲရှေ့မြေကွက်လပ်ပေါ်တွင်မတော့ မြေသားကို တုတ်နှင့်ခြစ်ကာ ကျေးဇူးတင်ကြောင်း ရေးခြစ်ထားခဲ့လေသည်။

လင်းမြင့်လှိုင်သည် စခန်းတဲသို့ပြန်လမ်း သေသေချာချာမသိသော်လည်း မှန်းဆပြန်ခဲ့လေခြင်း ဖြစ်တော့၏။

လမ်းတွင် ချုံကြိုချုံ့ကြားနွယ်ကြား တိုးခဲ့ရင်းမှ သုတ်ကိုင်းထောင်ထားသည်များကို တွေ့ရသည်တွင် ကျေးဇူးရှင်လေးကို သတိရ လိုက်သေးတော့၏။ ထိုသစ်ကိုင်းတွင် 'ရစ်'ကောင်နှင့် တောကြက်မတစ်ကောင်ကြီးတန်းလန်းဖြင့် သေနေသည်ကြောင့် စပ်စပ်စုစု ကြည့်လိုက်မိ၏။

'ဟင်'

နှစ်ကောင်စလုံး တောင့်လို့ပင် နေချေပြီ။ သို့ဆိုပါလျှင်ကျေးဇူးရှင်လေး ဒီရောက်လာပုံမပေါ်။ သူ့ကိုပြောသွားတုန်းက သုတ်ကိုင်းတွေသွားကြည့်ဦးမယ်ဆိုပြီး ဘယ်ချော်တောင်ချော် ထွက်သွားပါလိမ့်။ မနက်စောစော ထွက်သွားတာ ခုထိ ဒီနေရာမရောက်ပေဘူးဆိုတော့ တစ်ခုခုတော့

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မှားယွင်းနေချေပြီ။

အင်းလေ. . . ဒါက သူ့ကိစ္စပေပဲ။

ကျေးဇူးရှင်လေး သူ့သဘော၊ သူသွားချင်ရာသွားမပေါ့။

လင်းမြင့်လှိုင်သည် သို့တွက်လိုက်ပြီး ကိုရစ်ကောင်နှင့်တော ကြက်မကောင်တို့ကို မူလအတိုင်း ကြိုးတန်းလန်းနှင့်ပင်ထားခဲ့လေ ပြီး ထိုနေရာလေးမှ ထွက်ခဲ့ပြန်တော့သည်။

စိတ်ကြည်လင်လေခြင်းကြောင့်လားမသိ။

စခန်းတဲသို့ တန်းတန်းမတ်မတ် ပြန်ရောက်ခဲ့လေတော့သည်။

ညက မျောက်သရမ်းများ ဖျက်ဆီးသွားသည်ကြောင့် စခန်းဝါးတဲ သည် ပျက်စီးယိုယွင်းလို့ ရှိချေ၏။

ကိုပိုက်ကိုလည်း မတွေ့။

ကိုပိုက်ကျတော့ထားတော့၊ မနေ့ညနေကတည်းက ထွက်သွား တာညကလည်းပြန်မလာ။ အောင်ဦးက ဘယ်ရောက်နေပြီလဲ။ သူစိုးရိမ် သည်မှာ အောင်ဦးအတွက်သာ ဖြစ်၏။ အောင်ဦးတွင် လက်တစ်ဖက်သာ ရှိသည်။ လက်နက်ကလည်းမရှိ။

လင်းမြင့်လှိုင်သည် စခန်းပျက်တစ်ပိုက်တွင် အကဲခတ်လေ့လာ ကြည့်လေသည်တွင် တောစီးဖိနပ်ခြေရာ တွေ့သည်ကြောင့် ဝမ်းသာသွား တော့သည်။ ကိုပိုက် ဒီစခန်းရောက်လာခဲ့သည်ပဲ။

တောစီးဖိနပ် ခြေဦးတည့်ရာကို ကြည့်၍ ထိုစခန်းမှထွက်ခွာမည် အပြုတွင်-

'ကွစ်. . . ကွစ်. . . . ကွစ်'

'ကွိစ်လ. . . ကွိး'

လင်းမြင့်လှိုင် ရင်ထိတ်သွားသည်။ မျောက်ကောင်အသံပါလား။

သစ်ပင်ထက်မှနေ၍ မျောက်ကောင်သည် သူ့အားသွားဖြီး

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်နေလေ၏။

တစ်ကောင်တည်းပါကလား။

လင်းမြင့်လှိုင်သည် သေချာအောင် အနီးတဝိုက်သစ်ပင်ထက်များသို့ ဝေ့ဝိုက်ကြည့်လိုက်၏။

လင်းမြင့်လှိုင် မကျေနပ်နိုင်သေး။

ခပ်လှမ်းလှမ်းသစ်ပင်ဆီများထက် လှမ်းကဲကြည့်လိုက်ပြန်၏။ သေချာပေပြီ။ တစ်ကောင်တည်းဖြစ်သည်။ သို့ကြောင့် လင်းမြင့်လှိုင်သည် လက်၌တွင်းရှိသေနတ်ဖြင့် မျောက်ကောင်ထံသို့ လှမ်းထိုးချိန်လိုက်သည်။

'ခွီးစ်. . . ခွီးလ်. . . ခွီးလ်'

မျောက်ကောင်သည် သစ်ကိုင်းထက်တွင် ဆောင့်ကြောင့်ထိုင်ရာတ်လက်တစ်ဖက်က အထက်ကိုင်းငယ်တစ်ခုကိုဆုပ်ကိုင်၊ ကျန်လက်ကို ကွဲလောင်းချ၍ သို့နှယ်အော်ဟစ် သွားဖြီးနေလေတော့၏။

လင်းမြင့်လှိုင်သည် သွားတက်လေးပေါ်အောင် ပြုံးလိုက်ပြီး ခလုတ်သြိုးလေးကို ကွေးညွတ်လိုက်တော့သည်။

'ဒိန်း'

'ဟင်'

မျောက်ကောင်သည် နေမြဲပါကလား။ အောက်သို့လဲပြုတ်ကျခြင်းမရှိ။ ပစ်မှတ်လွဲချော်သွားလို့များလား။ နို့လည်း မဖြစ်နိုင်ပစ်မှတ်ကောင်းထင်းကြီးရယ်၊ မြေပြင်မှ အထက်ကိုက်ငါးဆယ်လောက်ပင်ရှိတော်မည်မဟုတ်။ သည်လောက်အကွာအဝေးပစ်မှတ်ကိုသူ့မှုဆိုးသက်တွင် လွဲချော်ခဲ့ဖူးခြင်း မရှိခဲ့ချေ။ယခု ဘယ်လိုကြောင့်ပါလိမ့်။ ချင်ဦးတော့ မျောက်ကောင်သည် ယမ်းအားဖောက်ခွဲသံကြောင့်ထွက်ပြေးသွားခြင်းလည်း အလျဉ်းမရှိနားထိုင်းမျောက်များ ဖြစ်နေလေသလား။ 'ဒီလောက်ရှိတဲ့ကောင်' ဆိုလျက် လင်းမြင့်လှိုင်သည် အသေ

www.burmeseclassic.com

www.burmeseclassic.com



အံချောချိန်ပြီး တစ်ချက်ထပ်ပစ် လိုက်ပြန်သည်။

'ဒိန်း'

မဟုတ်တော့ဘူးထင်ပါရဲ့။

မျောက်ကောင်သည် ပုံစံမပြတ်။ သူ့ကို သွားဖြီးပြဆဲပင်ရှိသေး၏။ သို့ကြောင့် မျောက်ကောင်နှင့် ပို၍နီးသွားရန် သစ်ပင် အောက်ခြေသို့ သွားလိုက်တော့၏။

ဟုတ်ပြီ။ သည့်ထက်နီးနိုင်စရာ အကြောင်းမရှိတော့၍ မျောက်ကောင်ထိုင်နေသည့် သစ်ကိုင်းကို မော့ကြည့်လိုက်၏။

မတွေ့။

သူနေရာယူများ၍ ဖြစ်မည်။ သစ်ပင်အောက်မှပင် လှည့်ပတ်ရှာကြည့်ပြန်၏။ မတွေ့။ ထွက်ပြေးသွားပုံလည်းမရ၊ သို့ဖြစ်၍ စောစော ပစ်မှတ်နေရာသို့ ပြန်သွားကြည့်လိုက်ပြန်သည်။

အလိုလေးဗျာ. . . ဘယ်ရောက်သွားပါလိမ့်။

ပျောက်ခြင်းမလှ ပျောက်သွားချေ၏။ သို့ပေမင့် 'ခွီးလ်. . . ခွီးလ် . . ခွီးစ်လ်' ရယ်လို့ အော်သံကိုတော့ဖြင့် ထိုနေရာလေးမှ ပေါ်ထွက်နေခြင်းကြောင့် လင်းမြင့်လှိုင်သည် ကြက်သီးမွေးညင်း ထသွားမိတော့ သည်။

မျောက်တစ္ဆေဖြစ်ခြိမ့်မည်။

သို့မဟုတ် စောခြောက်ခံနေရခြင်း ဖြစ်မည်။ သို့ဆိုပါလျှင် ညသား မျောက်သောင်းကျန်းတို့သည် မျောက်စင်စစ်တွေကောဟုတ်နိုင်ပါရဲ့လား

မည်သို့ပင်ဖြစ်စေ လင်းမြင့်လှိုင်သည် ထိုနေရာလေးတွင်ကြာကြာ နေ၍ မဖြစ်တော့မှန်း သိသည်ကြောင့် ခပ်သွက်သွက်ထွက်လာခဲ့တော့ သို့ထွက်ခဲ့သည်ဆိုရာ၌ ကိုပိုက်၏ခြေရာကို အမိကထားလိုက်ခဲ့ခြင်း ဖြစ်တော့သည်။

သို့လျှောက်ခဲ့ရာမှ သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ လင်းမြင့်လှိုင် တစ်ယောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိတော့

www.burmeseclassic.com

www.burmeseclassic.com



ယင်းသေနတ်သံသည် ကိုပိုက်၏ ပွိုင့် ၃၇၅မဂ္ဂနမ်ရိုင်ဖယ်ယမ်းအား ပေါက်ကွဲသံ ဖြစ်နိုင်လောက်၏။ သို့ကြောင့် လင်းမြင့်လှိုင်သည် သေနတ်သံပေါ် ထွက်လာရာဘက်သို့ ခပ်သွက်သွက် လျှောက်ခဲ့လေတော့ သည်။

သို့လျှောက်ခဲ့သည့်အချိန်တစ်လျှောက် သေနတ်သံ ထပ်မကြားရတော့ခြင်းအားဖြင့် သားကောင်ရသွား၍ ဖြစ်ဖြိမ့်မည်ဟု တွက်လိုက်ပြီးဖြစ်သည်။ သို့ဆိုပါလျှင် ကိုပိုက်နှင့်ဆုံရန် အခွင့်အရေးအများကြီးရှိလှလေပြီဖြစ်၏။

သေနတ်သံရှင် ကိုပိုက်ဖြစ်ရိုးမှန်ပါက မတွေ့နိုင်စရာ အကြောင်းမရှိပါတော့ချေ။ ဘယ့်တွက်မူ ထိုသားကောင်ကို မီးကင်စား တော့မည်ဖြစ်သောကြောင့်ပင်။ သို့ဆိုပါလျှင် အဝေးမှ မီးခိုးငွေ့များ တွေ့နိုင်ပါ၏။ အသားကင်ရနံ့ ရလောက်ပေ၏။

လင်းမြင့်လှိုင် တွက်ထားလေသည်အတိုင်းပင် ရှေ့ဆက်အတော်သွမ်းလှမ်း ရောက်လာသည်တွင် အသားမီးကင်နံ့ ရလိုက်လေတော့၏။

ထိုအသားကင်နံ့ကို အနံ့ခံ ဆက်လျှောက်လေသည်တွင် တောင်ခြေနားပင်ကြီးတစ်ပင်အောက်တွင် ကိုပိုက်ကို တွေ့လိုက်လေတော့ သည်။

'အင်း. . . ကျွန်တော်တို့နှစ်ယောက် ပြန်ဆုံတာတော့ ဟုတ်ပါရဲ့။ အောင်ဦး တစ်ယောက်ကိုတော့ဖြင့် လိုက်ရှာရဦးမှာပေါ့'

လင်းမြင့်လှိုင် စကားဆုံးသည်နှင့် သို့နှယ် ကျွန်တော်ကပြောလိုက်သည်တွင်-

'အကျိုးအကြောင်း သိရအောင်တော့ ရှာရမှာပေါ့ဗျာ။ နို့ပေမင့်ခင်ဗျားတို့ပြောတဲ့ အဘိုးအိုတဲစုလေး ကျုတ်ကုန်းကို အလျင်သွားကြတာပေါ့' ဟု ပြောလာတော့၏။

သို့ဖြစ်၍ ကျွန်တော်သည် အဘိုးအိုနေသောကျုတ်တို့ တဲအိမ်စုရှိရာသို့ ဦးဆောင်လျှောက်ခဲ့လေသည်။

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကျုတ်တို့၏ တဲစု

www.burmeseclassic.com

www.burmeseclassic.com



လေးရှိရာ ရောက်ခဲ့ကြတော့၏။

'ဟင်'

တဲစုလေးတော့ ရှိသေး၏။

လူတော့ဖြင့် တစ်ယောက်မျှ မရှိကြ။ အင်းလေ. . . နေ့လယ်ခင်းကြီးဆိုတော့ ဘယ်ရှိနိုင်ပါ့မလဲ။ သို့ဖြစ်၍ ကျွန်တော်သည် လူသားစစ်စစ်ဖြစ်သည်ဆိုသော အဘိုးအိုတဲရှိရာသို့ သွားလိုက်သည်။

အဘိုးအိုပြောသော လူ့စည်း၊ ဘီလူးစည်းခြားထားသည် ဆိုသည့် ကျွတ်တို့နေထိုင်ရာတဲနှင့် အဘိုးအို၏ တဲအကြား ဇီးပင်ကြီးအောက်ရောက်သည်တွင် အဘိုးအိုနေထိုင်ရာတဲကို လှမ်းကြည့် လိုက်သည်။

အဘိုးအို ရှိပုံမပေါ်။ ဘယ်များသွားပါလိမ့်၊ တဲအတွင်း၌ရှိကောင်းရှိနိုင်၏ဟု တွက်လျက် အဘိုးအိုတဲသို့ ချဉ်းကပ်သွားလိုက်သည်။

'အဘိုး' 'အဘိုး'

'အဘိုး'

သို့နှယ် အော်ခေါ်ရင်း တဲနားကပ်သွားလိုက်သည်။ အတွင်းဘက်သို့လည်း ကဲကြည့်လိုက်သည်။

'ဟာ'

အဘိုးအိုပင် မဟုတ်။ မည်သူမျှ ရှိမနေပါချေ။ သို့ပေမင့် အဘိုးအိုဝတ်ဆင်ထားသည့် (ကျွန်တော်နှင့်ဆုံခဲ့စဉ်က) ပုဆိုး၊ အင်္ကျီ တစ်စုံနှင့် ဆံပင်တု၊ မုဆိတ် နှုတ်ခမ်းမွေးအတုတို့ကို တွေ့ရလေသည်ကြောင့် အံ့ဩတော့၏။

အဘိုးအို၏ ရုပ်ရည်ကိုလည်း ပြန်မြင်မိတော့၏။

ကျွန်တော်နှင့် တွေ့ခဲ့ရသော အဘိုးအိုသည် သေးငယ်ထုံးနှင့်ဖြစ်၏။ နှုတ်ခမ်းမွေး ဗလပျစ်နှင့် ဖြစ်၏။ ပုဆိုးအနီအကွက်တုံးကြီးနှင့် အင်္ကျီမှာမူ အဖြူရောင် ညစ်ထေးထေး၊ လက်ရှည်အင်္ကျီဖြစ်၏။

ယခုကျန်ရစ်သော ဆံပင်တုသည် ဆံရှည်ကြီး ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်ထုံးလို့ရ၏။) အကျီ၊ ပုဆိုးဖြူညစ်ထေးနွမ်းထေး၊ ပုဆိုးအနီကွက် ကြီးဖြစ်နေ၏။ သို့ဆိုပါလျှင် အဘိုးကြီးစင်စစ်ကော ဟုတ်နိုင်ပါ့မလား။ ယောင်ဆောင်ထားလေခြင်းများလား၊ ဘယ့်တွက်အယောင်ဆောင် ထားရပါသနည်း။

ကျွန်တော်သည် လင်းမြင့်လှိုင်ကို အကျိုးအကြောင်းရှင်းပြလိုက်

လင်းမြင့်လှိုင်သည် တစ်ချက်စဉ်းစားလိုက်ပြီး 'ဖျောက်' ရယ်လို့ လက်ဖျောက်တစ်ချက် တီးလိုက်ပြီးနောက်-

'ဟုတ်ပြီ၊ ဒီလူဟာ မုဆိုးကြီးမြေသား ဖြစ်နိုင်တယ်၊ ဘာလို့လဲ ဆိုတော့ သူလူသတ်သမား ဖြစ်နေတော့ကာ ရုပ်ဖျက်ပြီး တောတောင်ထဲ ပုန်းခို နေတာဖြစ်မယ်ရယ်' လို့ ပြောလာတော့၏။

ဖြစ်နိုင်ချေရှိသည်။ နို့ပေမင့်-

'နို့ဖြင့် ကျွန်တော်နဲ့ဆုံခဲ့တဲ့ မိသားစုကော ဘာဖြစ်နိုင်မလဲ'

သို့ကျွန်တော်က မေးလိုက်သည်တွင် လင်းမြင့်လှိုင်က-

'လာချေဗျာ. . . အဲဒီတဲဘက် သွားကြည့်စို့' ဆိုလျက် ထိုနေရာရှိ တဲလေး၏ အစွန်ဆုံးတဲရှိရာသို့ သွားလိုက်သည်။

ထိုတဲနားသို့ ရောက်သည်တွင် လင်းမြင့်လှိုင်သည် တဲအနှံ့ကို လည်းကောင်း၊ တဲပတ်ဝန်းကျင်တွင်း မြေပြင်သို့လည်းကောင်း စေ့စေ့ စပ်စပ် စူးစမ်းကြည့်နေလေတော့၏။

'ကိုပိုက်ပြောတဲ့ မိသားစုဆိုတာ ကျတ်ကောင်တွေ မဖြစ်နိုင်ဘူး။ တစ္ဆေကောင်တွေပဲဗျ'

သို့နှယ် ရုတ်ခြည်းပြောလာသည့် လင်းမြင့်လှိုင့် စကားကြောင့် ကျွန်တော်အံ့အားသင့်သွားမိတော့၏။

'ဘယ်လိုပြောနိုင်မှာတုန်း' ဟု မေးလိုက်သည်။

'ဟောဒီမယ်ကြည့်' ဆိုလျက် လင်းမြင့်လှိုင်သည် တဲအောက်

www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင်းရှိ ပလပ်စတစ်အိတ်တစ်ခုကို ကောက်ယူပေးလာတော့၏။

ကျွန်တော်လှမ်းယူ စေ့စပ်ကြည့်လိုက်သည်။

ဟုတ်ပါရဲ့ . . . ကြည့်စမ်း၊ ကျွန်တော်က အမှုမဲ့အမှတ်မဲ့ နေ့ သည်ပဲ။ ယမ်ယမ်ခေါက်ဆွဲခြောက်ထုပ် အိပ်ကလေးပါကလား။ 'ကျတ် ကောင်တွေက ဘယ်လိုလုပ် ခေါက်ဆွဲခြောက်ထုပ် ဝယ်စားပါလိမ့်မည် နည်း။ ရယ်စရာပင် ကောင်းသေးတော့၏။

ကျွန်တော် သဘောပေါက်သွားချေပြီ ဖြစ်သည်။

သို့ကြောင့် လင်းမြင့်လှိုင်ကို ရယ်ပြလိုက်တော့၏။

'ကဲ . . . ကိုပိုက်ရေ . . . ကျွန်တော်တို့ ဒီကနေ့ည ဒီမယ်အိပ်ကြ မယ်'

'အဘိုးကြီး ပြန်အလာကို စောင့်မလို့လား'

သို့ကျွန်တော်က မေးလိုက်သည်တွင် လင်းမြင့်လှိုင်က သွားတစ် လေးပေါ် ရုံပြုံးလျက် ခေါင်းညိတ်ပြလာတော့၏။

'ညစာစားဖို့ လုပ်ရဦးမယ်ဗျ'

လင်းမြင့်လှိုင်က ပြောလာသည်ကြောင့် ကျွန်တော်သည် ဖက်ဖြင့် ထုပ်ပိုးယူလာသော ဒရယ်သားမီးကင်ကို ထုတ်ပြလိုက်၏။

'ကိုပိုက်ယူလာတာ သိတယ်။ အလာတုန်းက လမ်းမယ်တော ကြက်အိပ်တန်း တွေ့ခဲ့တယ်။ ကြက်သားကင်လေးနဲ့ ဝီစကီဆိုပိုကောင်း လေမလားလို့'

'နို့ဖြင့် . . . ညကျ သွားပစ်မယ်လား'

'ဘယ်လိုဖြစ်နိုင်မှာတုန်း၊ တောကြက်မ တစ်ကောင်အ ကျည်တစ်တောင့်မဖြုန်းချင်တာရယ်၊ ဂိုဒေါင်ရာမယ် မလိုအပ်ဘဲ သ မပြစ်ချင်တာရယ်ကြောင့် သုတ်ကိုင်းသွားထောင်မလို့'

သို့လင်းမြင့်လှိုင် ပြောလာသည်ကြောင့် ကျွန်တော် သူ့မျက် ကို စေ့စေ့ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အကြည့် အဓိပ္ပာယ်ကို သိလိုက်သည်ဖြစ်၍ လင်းမြင့်လှိုင်သည် အင်္ကျီအိတ်ကပ်တွင်းမှ အနက်ရောင်နိုင်လွန်ကြိုးလေး တစ်ခုကို ထုတ်ပြကာ 'အောင်ဦးဆီ ကယူထားတာ'ပြောလာလေတော့သည်။

ပြီးနောက် 'ကိုပိုက် နေခဲ့ချေဦး၊ ဒီနား တင်ရယ်'ဆိုလျက် ထွက်သွားလေတော့သဖြင့် ကျွန်တော်သည်လည်း တဲပေါ် ထိုင်လှဲချလိုက်တော့သည်။

မောပန်း ညောင်းညာနေသည်ဖြစ်၍ မျက်လုံးအစုံကို မှိတ်ကာ နားနေလိုက်ရင်းမှ အိပ်ပျော်သွားတော့သည်။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ။ သေနတ်သံ တစ်ချက် ကြားလိုက်ရသည်တွင် အိပ်ရာမှ နိုးလာရတော့၏။

လင်းမြင့်လှိုင် ပစ်လိုက်သော သေနတ်သံမဟုတ်။ လင်းမြင့်လှိုင်သည် ကျွန်တော့်နားစွင် ရှိနေ၏။

'ကိုလင်း ဘယ်တုန်းက ပြန်ရောက်နေတာလဲ။ ကျွန်တော် မောမောနဲ့ အိပ်ပျော်သွားတယ်ဗျာ'

သို့ကျွန်တော်က ပြောလိုက်ပေမင့် လင်းမြင့်လှိုင်သည် ကျွန်တော့်အားကို စိတ်ဝင်စားပုံမပေါ်။ သူ စိတ်ဝင်စားနေသည်မှာ ကြားလိုက်ရသော သေနတ်သံဖြစ်ခြိမ့်မည်။ သို့ကြောင့်-

'မုဆိုးတစ်ယောက် သားကောင်တွေ့လို့ ပစ်လိုက်တာပဲဗျာ။ အာဆန်းတာမှတ်လို့'

သို့ ကျွန်တော်က ပြောလိုက်၏။

'မုဆိုးတစ်ယောက်ပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကိုပိုက် ပြောတဲ့ အဘိုးအိုဖြစ်နေလျှင်ဖြင့် ဒီကို ပြန်လာနိုင်စရာအကြောင်းရှိတယ်ဗျ။ နို့ကြောင့် ကျွန်တော် ကြက်ထောင်သွားရင်း တောကြက်ကောင် နဲ့ ဘဲတာတောင် မပစ်ခဲ့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သို့ လင်းမြင့်လှိုင် ပြောလာသည်ကြောင့် ကျွန်တော်သဘော ပေါက်သွားမိပြန်သည်။

'နို့ဖြင့် ကျွန်တော်တို့ရှိမှန်းသိလျှင်ဖြင့် သူလာပါဦးမလား'

'အဲဒါကို ကျွန်တော် တွက်နေတာပေါ့'

'နို့ဖြင့်ဗျာ. . . စောစောက ဘာလို့များ ကြက်ကင်စားမယ်ဆို ပြီး သုတ်ကိုင်းသွားထောင်ရတာလဲ၊ ကျွန်တော်တို့ ကြက်ကင်နေပါပြီတဲ့၊ အကင်နံ့ရတဲ့ သူကကော ပြန်လာနိုင်ပါတော့မလား'

'ကြက်ကင်ကို ဒီမယ်စားမယ် ကျွန်တော်မပြောခဲ့ပါဘူးဗျာ၊ ကြက်ကင်နဲ့ ဝီစကီဆိုလျှင်ဖြင့် သိပ်ကောင်းမှာပဲလို့သာ ပြောခဲ့တာပါ၊ မမှောင်ခင် တစ်ခေါက်ပြန်သွားလို့ ကြက်ရလျှင်ဖြင့် အဲဒီနားမှာပဲကင်ပြီး ယူလာမလို့ပါဗျာ'

လင်းမြင့်လှိုင်တစ်ယောက် သူ့အတွေးနဲ့ သူ့အစီအစဉ်ဟုတ်လို့ ပါကလား။

'နို့ဖြင့်လည်း ကျွန်တော်တို့ အဘိုးကြီးပြန်အလာကို ဒီကနေပဲ စောင့်နေမှာလား'

ကျွန်တော်က ခုမေးလိုက်သည်တွင် လင်းမြင့်လှိုင်ကခေါင်းခါပြီး တော်ကြာနေ တဲပေါ်တက်ပြီး ပုန်းကွယ်စောင့်ရမှာပေါ့။

'ဟုတ်ပြီလေ၊ ဒီနားလေးမယ် ချောင်းမြောင်းမတွေ့ခဲ့ဘူးလား'

ရေသောက်လိုသည်ဖြစ်၍ ကျွန်တော်က မေးလိုက်သည်တွင် လင်းမြင့်လှိုင်သည် တဲအတွင်းခန်းသို့ မေးထိုးပြလေသဖြင့် လှမ်းကြည့် လိုက်သည်။

ဝါးကျည်တောက်တစ်ခုကို ထောင်ယျက် တွေ့ရ၏။

'ကိုလင်း ရေထည့်ယူလာတာလား'

သို့ ကျွန်တော်က မေးလိုက်သည်တွင် ပြုံးပြလာတော့၏။ အင်မတန်စေ့စပ်သေချာသူ ဖြစ်ချေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . လာဗျာ၊ တဲပေါ်တက်ကြစို့'

သို့ဖြင့် ကျွန်တော်တို့ နှစ်ယောက်သည် တဲပေါ်တက်၍အတွင်းခန်းသို့ ဝင်နေလိုက်ကြတော့သည်။

'ဟင်'

အတွင်းခန်းကို ကာရံထားသည့် ဝါးထရံတွင် ချောင်းကြည့်ပေါက်များလည်း ဖောက်ထားပြီး ဖြစ်တော့၏။

တန်းဘေး အပေါက်မှကြည့်လျှင် အဘိုးအိုနေထိုင်ရာတဲကို ရှင်းရှင်းကြီးမြင်ရ၏။ ရှေ့အကာအကွယ်ကို ဖောက်ထားသည့် ချောင်းကြည့်ပေါက်မှ ကြည့်လျှင် တဲရှင်တို့ ပြန်လာသည်ကို မြင်ရနိုင်မည်။

နောက်ဘက် ချောင်းကြည့်ပေါက်မှ ကြည့်လျှင် ချုံပင်တို့ဖြင့် ရှုပ်နေသည့် တောင်ကြောဆင်းလမ်းကြောင်းလေးကို မြင်ရပေမည်။

အကွက်စေ့ပါပေ့ လင်းမြင့်လှိုင်ရယ်။

'အေးအေးလူလူ သောက်လို့ရတာပေါ့ဗျာ။ ခြေသံကြားလျှင် ထွက်ချောင်းကြည့်စရာ မလိုတော့ဘူးပေါ့၊ ဒီအပေါက်ကလေးတွေကပဲ ချောင်းကြည့်ရုံရယ်'

ကျွန်တော်သည် သူ့ကို ပြုံးပြလိုက်လေပြီး ဒရယ်သားမီးကင် အထုပ်ကို ကြမ်းခင်းပေါ် ဖြည်ချလိုက်သည်။

လင်းမြင့်လှိုင်သည်လည်း အလိုက်တသိပင် ဝီစကီပုလင်းပြား လေးကို ထုတ်ပေးလေတော့၏။

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဒရယ်သား မီးကင်ကို အမြည်းလုပ်ကာ ဝီစကီသောက်လိုက်ကြတော့၏။

မတိုင်ပင်ကြဘဲလျက် စကားမပြောဖြစ်ကြချေ။ လူအလာကို စောင့်နေကြသည်ကိုး။

အချိန်အတော်ကြာကြာတွင် ပုလင်းပြားတစ်ဝက် ဝီစကီ ကုန်သွားချေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကြက်ကောင်ရလောက်ပြီ ထင်တယ်'

လင်းမြင့်လှိုင် သို့ပြောလာခြင်းအားဖြင့် ရီဝေလာချေပြီကိုသိလိုက်၏။

'အဲလိုဖြင့်လည်း ကောင်းတာပေါ့ဗျာ'ဟု ကျွန်တော်က ပြောလိုက်၏။

'ကဲ. . .ခဏနေဦး ကိုပိုက်၊ ကျွန်တော် သုတ်ကိုင်းသွားကြည့်ချေဦးမယ်'ဆိုလျက် လင်းမြင့်လှိုင်သည် တဲမြင်သို့ ထွက်သွားလေတော့၏။ သို့ဆိုပေမင့် ချက်ချင်းဆိုသလို တဲတွင်း ရှုတ်ခြည်း ပြန်ဝင်လာတော့သဖြင့်-

'ဘာဖြစ်တာလဲ ကိုလင်း'လို့ ကျွန်တော်က မေးလိုက်သည်။

'လူလာနေတယ်ဗျို့၊ ဘယ်သူလဲတော့ မသိဘူး'

သို့ပြောလျက် လင်းမြင့်လှိုင်သည် အရှေ့ဘက်ခြမ်း ဝါးထရံရှိ ချောင်းကြည့်ပေါက်မှ ကြည့်လိုက်လေတော့၏။

အတန်ကြာသည့်တိုင် လူလုံးကွဲ မမြင်ရလေခြင်းကြောင့်လား မသိ။ မည်သည့်အသံမျှ သူ့ထံက ပေါ်လာခြင်းမရှိ။

'ဘယ်သူရယ် မသိရသေးဘူးလား'

အသံအုပ်၍ မေးလိုက်သည်။

'ကိုပိုက် သိလေမလား ကြည့်စမ်းပါဦး'ဆိုလျက် လင်းမြင့်လှိုင်က နေရာရွှေ့ပေး၏။ သို့ဖြစ်၍ ကျွန်တော်သည် လင်းမြင့်လှိုင်နေရာတွင် ထိုင်လိုက်လေပြီး ချောင်းကြည့်ပေါက်မှ ကြည့်လိုက်လေသည်။

'ဟာ'

ကျွန်နော်ပြောတဲ့ နွားလှည်းဆရာပေပဲဗျ'

'သူ ဒီလာနေတာလား'

လင်းမြင့်လှိုင်က 'ဒရယ်သားကင်တစ်တုံးကို ကောက်စားရင်း မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလာမလိုနဲ့ ဒီဘက်ကို လှမ်းကြည့်ရုံကြည့်ပြီး အဘိုးကြီးတဲ ဘက် ထွက်သွားလေရဲ့'

'သူ့အခြေအနေကို ဆက်ကြည့်ပြောစမ်းပါ'

သို့ လင်းမြင့်လှိုင်က ပြောဆေသည်ကြောင့် ကျွန်တော်၏ မျက်စိကို ချောင်းကြည့်ပေါက်မှ မခွာဘဲ ထားလိုက်တော့၏။

'ဟာ. . . ဟုတ်ပြီဗျ၊ အဘိုးကြီးတဲဘက်သွားနေပြီ'

'နို့ဖြင့် ဒီဘက်အပေါက်က လာကြည့်ချေဗျာ'

ကျွန်တော်သည် ချောင်းကြည့်ပေါက် ပြောင်းကြည့်လိုက်ပြန် သည်။ ထိုလူညီးဆရာသည် အဘိုးကြီးတဲပေါ် ခိုးကြောင်ခိုးဝှက် တက်သွားသည်ကို တွေ့လိုက်လေသည်။

သူသည် ချက်ချင်းဆိုသလိုပင် ပြန်ဆင်းလာတော့၏။ သူ့လက် တွင်မတော့ ဆံပင်တုနှင့် အဘိုးကြီး၏ ပုဆိုးအကျီပါလာချေ၏။ သို့ဆို လျှင် နှုတ်ခမ်းမွေးတုလည်း ချန်ထားလိမ့်မည်မဟုတ်။

ကျွန်တော် မြင်တွေ့သမျှကို လင်းမြင့်လှိုင်အား ပြန်ပြော နေခြင်း ဖြစ်သည်ကြောင့် -

'ဒီလူ့ကို အလွတ်ပေးလို့ မဖြစ်ချေဘူး'ဆိုလျက် လင်းမြင့်လှိုင် သည် သူ့သေနတ်ကို ကောက်ယူ၍ တဲပြင်သို့ ရုတ်ခြည်းထွက်သွားလေ သဖြင့် ကျွန်တော်သည်လည်း ချောင်းကြည့်ပေါက်မှခွာ၍ လင်းမြင့်လှိုင် နောက်လိုက်သွားတော့သည်။

လင်းမြင့်လှိုင် တစ်ယောက် မြန်လိုက်သည်ဖြစ်ခြင်း၊ လူညီး ဆရာရှိရာသို့ ရောက်သွားသည်နှင့်-

'ဟိတ်လူ. . . ရပ်လိုက်'ဆိုလျက် သူ့လက်တွင်းရှိ သေနတ်ဖြင့် ချိန်ထားလိုက်၏။

လူညီးဆရာသည် မထင်မှတ်သော ဖြစ်ပျက်မှုကြောင့် အံ့သြ နေ၍ သွားပုံရချေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကို ဘာလို့ ဒီလိုဆက်ဆံရတာလဲ'

ထိုလှည်းဆရာသည် လင်းမြင့်လှိုင်ကို ကြည့်၍ မေးလိုက်ေ မှ ကျွန်တော့်ကို မြင်သွားသည်တွင် -

'ဩော်. . . မင်ဗျားပါပဲလား' ရယ်လို့ ပြောလာတော့၏။

'ခင်ဗျားမိန်းမနဲ့ ကလေးတွေကော'

သူ့ကို ကျွန်တော် သို့သာ မေးလိုက်သည်။

'ရွာပြန်ရောက်သွားကြပြီ'

'ကောင်းပြီးလေ၊ ခု ခင်ဗျား အဘိုးအိုဆီသွားမလို့လား'

ကျွန်တော်၏အမေးကြောင့် လှည်းဆရာသည် အံ့သြတ ဖြစ်လျက် ကျွန်တော့်ကို နားမလည်စွာ ကြည့်နေလေသည်ကြောင့် -

'ဩော်. . . အဘိုးအိုဆိုတာ ဒီတဲကလူကို မေးတာ၊ ခုခင်ဗျာ လာတဲ့ ပစ္စည်းတွေ အဲဒီလူဆီကို သွားပို့မလို့လား မေးတာလေ'

သည်တော့မှ သူသဘောပေါက်သွားကာ ခေါင်းဆတ်ညိတ် လာတော့၏။

'ကဲ. . . လာဗျာ. . . တဲပေါ် တက်စကားပြောကြတာပေါ့'

သူ မငြင်းသာ၊ မပြေးသာတော့ပြီ၊ ကျွန်တော်တို့နှင့်အတူ တဲ တက်ခဲ့ချေတော့သည်။

'ကဲ. . . မလိမ်နဲ့၊ မညာနဲ့၊ မထိန်ဝှက်နဲ့၊ ခင်ဗျား ဘာ ဒီပစ္စည်းတွေ လာယူတာလဲ၊ ဒီတဲကလူနဲ့ ဘယ်လိုပတ်သက်လဲ'

တဲပေါ်တွင် နေသားတကျ ထိုင်မိလိုက်ကြသည်နှင့် လင်း လှိုင်က မေးလေတော့သည်။

'ကျွန်တော့်အစ်ကိုက လူကောင်းပါဗျာ၊ သူ့မယ်အပြစ်မရှိပါ မဖမ်းကြပါနဲ့၊ ဖမ်းမယ်ဆို အပြစ်ရှိတဲ့ ကျွန်တော့်သာ ဖမ်းပါ'

သို့ သူ့ပြောလာသည်ကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော် သ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရလျှင် ကျွန်တော်တို့ သူ့စကားကို နားမလည် နိုင်ပါ။ သို့ပေမယ့် သူ့တွင် ပြစ်မှုတစ်ခုခု ကျူးလွန်ထားသည်ဖြစ်၍ မိမိစိတ် မိမိ မလုံလောက်ရလသည်ဖြစ်၍ သို့ပြောနေခြင်းဖြစ်မည် သိလိုက်သည် ကြောင့် သူ့စကားကိုနင်း၍ သူ့အပြစ်ကို ဝန်ခံခိုင်းရပေ တော့မည်။

'အေးလေ. . . နို့ဖြင့်လည်း မင်း ငါတို့ကို မှန်မှန်ပြော၊ ဝန်ခံ၊ သက်သက်ညှာညှာ စဉ်းစားပေးမယ်'

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် လှည်းဆရာ၏ မျက်လုံးများ တောက်ပလာတော့၏။ ပြီးနောက် -

'ပြောပါ့မယ် ဆရာရယ်၊ လောလောဆယ် အစ်ကို့ဆီ သွားကြရအောင်ရယ်'

'မင်းအစ်ကိုက ဘယ်မှာလဲ'

လင်းမြင့်လှိုင်က မေးလေ၏။

'တောင်သရက်စခန်းမှာ'

'တောင်သရက်စခန်းဆိုတာ . . .'

'ဟောဟိုက လှမ်းမြင်ရတဲ့ သရက်ပင်ကြီးနားမယ်'

သူ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြသည်။

ခပ်လှမ်းလှမ်းရှိ တောင်ကြောမြင့်မြင့်တစ်ခုကို တွေ့ရ၏။ သေနတ်သံကြားလိုက်ရသည်မှာလည်း ထိုနေရာလောက်ဆီမှဖြစ်တော့ ၏။

'နို့ဖြင့် သွားကြတာပေါ့၊ မင်း,တို့ကို ပြောမယ်ဆိုတာ ပြောဦးလေကွာ'

'ပြောပါ့မယ်၊ အေးအေးဆေးဆေး ပြောပြချင်လို့ပါ ကျွန်တော့် အစ်ကိုတစ်ယောက်တည်းရယ်၊ ဒဏ်ရာလည်း ရထားတယ်'

စိုးရိမ်ပူပန်မှု လေသံဖြစ်လေသည်ကြောင့် ကျွန်တော်တို့သည် လည်း သူ့ကို ဘာမျှဆက်မမေးလေဘဲ ထိုသူနှင့်အတူ ထိုနေရာလေးသို့

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ကြတော့သည်။

'ဘာကြောင့် ဒဏ်ရာရတာလဲ'ရယ်လို့ဖြင့်တော့ စပ်စပ်စုစုမေးလိုက်မိပြန်တော့သည်။

'အောင်ဦးက သူ့ကို အထင်လွဲပြီး ဓား...ထိုးလိုက်တာ'

'ဟင်'

'ဟာ'

'ခု အောင်ဦးကော'

လင်းမြင့်လှိုင်က မေးလိုက်သည်တွင် ထိုသူသည် တုန်လှုပ်စွာဖြင့် -

'ကျွန်တော် သတ်လိုက်ပြီ'

အသိုလေးဗျာ . . . ဘယ်လိုတွေ ဖြစ်ကြတာပါလိမ့်။ စိတ်ဝင်စားဖို့ ကောင်းနေပြီကော။

သို့ဆိုလေတော့ သူ့ကို ဂရုတစိုက် အလစ်မပေးကြည့်နေရပေတော့မည်။

'ကိုလင်း. . . သူ့ကို ယုံရပါ့မလား'

သို့နှယ် တိုးတိုးကာစ် ပြောလိုက်သည်။

'ကျွန်တော်တို့က သေနတ်ကိုယ်စီနဲ့ နှစ်ယောက်လေဗျာ၊ နို့ပေမယ့် အလစ်ပေးလို့တော့ မရဘူးနော်'

သည်သို့ဖြင့် ကျွန်တော်တို့သည် တောင်သရက်စခန်းဆိုသည့် နေရာသို့ ရောက်လာကြတော့သည်။

မြင်လိုက်ရသည့် မြင်ကွင်းက မကောင်း။

ဓားဒဏ်ရာ ဗရပွဖြင့် လူတစ်ယောက် တောင်သရက်ပင်အောက်ခြေတွင် ခွေလဲကျနေ၏။

ဒဏ်ရာ ဗရပွဖြစ်သော်လည်း သေလောက်သည့် ဒဏ်ရာမျှမဟုတ်၍ တော်ပေသေးတော့၏။

www.burmeseclassic.com

www.burmeseclassic.com



‘သူ ဘယ်သူလဲ’

လင်းမြင့်လှိုင်က မေးလိုက်သည်။

‘ကျွန်တော့်အစ်ကို’

‘နာမည်မေးတာ’

‘မြေသား’

‘ဟင်’

‘ဟာ’

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုသူ့ကို အသေအချာကြည့်လိုက်၏။

ဟုတ်ပါပြီ။ တဲအိမ်စုလေးတွင် ဆုံခဲ့သည့် အဘိုးအို ပုံသဏ္ဍာန် ချေ၏။ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ် တစ်ပုံစံတည်း ဖြစ်သည်။

‘ကဲ . . . မင်း ဘာလုပ်ချင်တာလဲ’

သို့နှင့် လင်းမြင့်လှိုင်က လှည်းသမားကို မေးလိုက်သည်။

‘သူ့အသက်ကယ်ချင်တယ်။ ရွာပြန်ခေါ်သွားပြီး ဆေးဝါး သပေးချင်တယ်’

‘အေးလေ. . . အဲဒါ စောစောကတည်းက ခေါ်မသွားဘဲ ဘာလို့ တွေ ပြန်ယူရတာလဲ’

လင်းမြင့်လှိုင်သည် လှည်းဆရာ၏ လက်တွင်းရှိ ဆံပင်၊ နှုတ်ခမ်း တူနှင့်အကျီအဝတ်အစားများကို ကြည့်၍ ပြောလေသည်။

‘ကျွန်တော့်အစ်ကိုက လူသတ်သမားရယ်လို့ စွပ်စွဲခံနေရတယ် သည်တော့ သူ့ရွာကို ဒီပုံစံနဲ့သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ အဘိုးအို လုပ်ပြီး ခေါ်သွားမှ ရတော့မပေါ့’

ကျွန်တော်နှင့်လင်းမြင့်လှိုင် သဘောပေါက်သွားချေပြီ ဖြစ်သည်။ မယ့် မီးလောင်ကုန်းရွာသား ဝါးခုတ်သမားနှစ်ယောက်ကို သတ်တာ သား သေချာပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် -

'ခင်ဗျား မီးလောင်ကုန်းရွာသား ဝါးခုတ်သမား နှစ်ယောက်ကို သတ်လိုက်တယ်လား'

သို့နှယ် ကျွန်တော်က မြေသားကို စေ့စေ့ကြည့်ပေးလိုက်သည်။

'ကျွန်တော် မသတ်ပါဘူးဗျာ။ သူတို့နှစ်ယောက် ရွာပြန်မယ် ဆိုပြီး ထွက်သွားကြတာပဲ'

သို့ပြောလာသဖြင့် ကျွန်တော် ဒေါသထွက်မိတော့၏။

သို့ကြောင့် -

'ဘာကွ၊ ငါတို့မသိတာ ကျနေတာပဲ။ အဲဒီရွာသားနှစ်ယောက် အလောင်းကို ငါတို့ တွေ့ခဲ့ပြီး။ ဘာညာချင်သေးတာလဲ'

သည်တွင် မြေသားတစ်ယောက် အကြီးအကျယ် မျက်နှာပျက် သွားလေတော့၏။

ဘာမှတော့ဖြင့် ပြန်မပြော၊ ခေါင်းငယ်မ်း၍သာ နေတော့၏။

ပြီးလေမှ မပွင့်တပွင့် လေသံဖြင့် -

'အဲဒီနှစ်ယောက်ကို ကျွန်တော်မသတ်ရတာ အမှန်ပါဗျာ ဒီကိစ္စကို ကျွန်တော် ရွာသူကြီးလည်း ပြောပြီးပါပြီ။ အဲ. . . အောင်ဦး ဒုက္ခပေးတာပဲ။ သူ အသိဆုံးပါဗျာ။ အဲဒီရွာသားနှစ်ယောက်ကို ကျွန်တော် သတ်တယ်ချည့်ပဲ ပြောနေတော့ကာ ကျွန်တော်လည်း ခုလို တောတောင်ထဲလာပြီး ဖာတ်မြုပ်နေရတာပဲပေါ့။ နို့တောင်မှ ကောင်း ကောင်း မနေရပါဘူးဗျာ။ အောင်ဦးက လိုက်ဒုက္ခပေးသေးရဲ့'

'နို့ဖြင့် အောင်ဦးကော'

လင်းမြင့်လှိုင်က မြေသားကို သို့နှယ်မေးလိုက်ပြီး အောင် လှည်းဆရာကို လှည့်ကြည့်လိုက်တော့၏။

'ဟိုရှေ့မယ်'ဆိုလျက် လှည်းဆရာသည် ရှေ့ခပ်လှမ်းလှမ်း နွယ်ပင်နောက်သို့ ကျွန်တော်တို့ကို ခေါ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'ဟာ'

တကယ်ပဲ အောင်ဦးဖြစ်နေပါကလား။

သေဆုံးနေပြီပဲ။

'မင်း သတ်တာပေါ့'

ကျွန်တော်က အလောင်းကို ကြည့်လိုက်ပြီး လှည်းဆရာကို စေ့ကြည့်မေးလိုက်သည်။

'ဟုတ်တယ်'

'ဘာကြောင့် ဘယ်လိုလုပ် သတ်လိုက်ရတာတုန်း' သို့ ...င်းမြင့်လှိုင်က မေးလိုက်သည်တွင် လှည်းဆရာသည် သူ၏ အစ်ကို ...သူ မုဆိုးမြေသားရှိရာသို့ သွားကာ ထိုင်ချလိုက်ပြီး ယုယ ကြင်နာ ... ပုဆိုးအင်္ကျီလဲဝတ်ပေးခြင်း၊ ဆံပင်တုံ၊ နှုတ်ခမ်းမွေးတု တပ်ဆင် ...ခြင်းဖြင့် အဘိုးကြီးသဏ္ဌာန်ဖြစ်ရန် ဖန်တီးပေးလိုက်ရင်း' သည်လို ...' အစချီလျက် ပြောလာချေတော့၏။

*******

www.burmeseclassic.com

www.burmeseclassic.com



'မင်းပြောတာ လုံးဝ မဖြစ်နိုင်ဘူး မယ်ခင်ရယ်'

'မြေဖွား'သည် ဇနီးဖြစ်သူကို စေ့စေ့ကြည့်၍ ပြောလိုက်ခြင်း ကြောင့်-

'ရှင် မယုံလျှင်ဖြင့်လည်း သူကြီးသွားမေးနိုင်ပါတယ်တော်၊ မနေ့ ကတောင် အိမ်လာသွားသေးတယ်။ သူ ကျွဲကောင်ရလျှင် အငေ ကောင်အတွက် ခမဲဆွဲဖို့ ကျွဲခြေသည်းပေးမယ်ဆိုပဲ'

'အစ်ကိုကြီးမြေသားတော့ ဘာတွေလုပ်နေတာလဲ မသိ ဖိုးတေ ကျွဲကောင်ပစ်ရလာတယ်ဆိုတာနဲ့ မနာလိုဖြစ်ပြီး ကျွဲပစ် သွားကြတယ်ဆိုတော့ မဟုတ်သေးပါဘူးကွာ။ မုဆိုးစည်းဆိုတာ ထား ဖိုးတေ ကျွဲကောင်ပစ်ရလာတယ်ဆိုတာ ထိပ်တိုက်ရှင်ဆိုင်တွေ့ မရှောင်သာ မတိမ်းသာမို့ ပစ်လိုက်ရတာ။ ခု အစ်ကိုကြီးမြေသားတို့ အကြောင်းမဲ့သက်သက် လိုက်ရှာပစ်မယ်ဆိုတော့ ဒါ မုဆိုးစည်း

www.burmeseclassic.com

www.burmeseclassic.com



ဖောက်တာပဲပေါ့'

'ဒါတော့ သူ့ကိစ္စပဲရှင်၊ သူကြီးကလည်း အဲဒီကိစ္စကို မကျေနပ်တာပဲ။ တဖျစ်တောက်တောက် ပြောနေလေရဲ့'

'ကဲ. . . ကဲ. . . ငါလည်း တောထဲသွားချေဦးမယ်။ ဒီနေ့ အရီးလေးရဲ့ ဝါးသွားတိုက်ပေးရမှာ'

သို့ဆိုလျက် မြေဖွားသည် အိမ်မှ ထွက်ခဲ့လေတော့၏။ မြေဖွား ဝါးတိုက်ထွက်သွားလေပြီး တစ်ပတ်ခန့်အကြာတွင် ရွာသို့ပြန်ရောက်ခဲ့သည်။ သတင်းဆိုးတစ်ခုက သူ့ကို စောင့်ကြိုနေလေတော့၏။ ကျွားပစ်သွားကြသူများအနက် သူ့အစ်ကိုကြီး မြေသားသာလျှင် တုန်လှုပ်ချောက်ချားစွာဖြင့် ပြန်ရောက်လာခဲ့၏။

မုဆိုး ဆိုးပေတစ်ယောက် ကျားကိုက်ခံရ၍ သေကျန်ရစ်ခဲ့လေပြီး မုဆိုးအောင်ဦး တစ်ယောက်ပျောက်ဖြင့် တောထဲတွင် ကျန်ရစ်ခဲ့လေသည် ဟုပြော၏။ သေသလား၊ ရှင်သလား ဘယ်ရောက်နေလဲ မသိ။

သည်ကြား မီးလောင်ကုန်းရွာသား 'ဝါးခုတ်သမားနှစ်ယောက် ပျောက်နေသဖြင့် သူတို့သူကြီးထံသို့ မီးလောင်ကုန်းရွာသူကြီး ဦးဇာမဏိနှင့် မုဆိုးနှစ်ယောက် သတင်းလာစုံစမ်းသည်ဟု သိရ၏။

ထိုမုဆိုးနှစ်ယောက်က သူ့အစ်ကို မုဆိုးကြီးမြေသားနှင့် တွေ့ချင်သည်ဆိုခြင်းကြောင့် မြေဖွားတစ်ယောက် စဉ်းစားမရဖြစ်ရ၏။

ဘယ်လိုကြောင့် တွေ့ချင်ပါလိမ့်။

တကယ်တော့ သူ့အစ်ကိုသည်လည်း သူတောမှ ပြန်လာသည့်နောက်ပိုင်း တွေ့ရခြင်းရှိသည်မဟုတ်။

'အဲဒီ ပြန်ရောက်ပြီးညပဲ အိမ်မှာ အိပ်သွားတယ်၊ နောက်တစ်နေ့ စောစောတောပြန်တက်သွားလေရဲ့' ဟု သူ့ဇနီး အပြောအရ သိရခြင်းကြောင့် မြေသားအပေါ် ပို၍သက်မကင်းဖြစ်မိတော့သည်။

မုဆိုး ဆိုးပေနှင့် မုဆိုးအောင်ဦးတို့၏ ဆွေမျိုးအသိုင်းအဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မြေသားကို သက်ာမကင်းဖြစ်နေကြ၏။ သူကြီးကလည်း သဘောမကျ။ သည့်ပြင် မီးလောင်ကုန်းရွာသူကြီးနှင့် မြို့ပြမှ မုဆိုးနှစ်ယောက်ကလည်း သူ့အစ်ကိုနှင့် တွေ့လိုသည်ဆိုလာခြင်းကြောင့်လည်း သူ့အစ်ကိုအတွက် သူစိုးရိမ်မိသွားတော့သည်။ သူ့အစ်ကို ဘာတွေလုပ်လို့ ဘာတွေဖြစ်နေရပါလိမ့်။

သို့ဖြစ်၍ သူသည်တစ်ယောက်တည်းတောသို့ ပြန်ဝင်ခဲ့ချေတော့သည်။ သူ့အစ်ကိုအား လိုက်ရှာအကျိုးအကြောင်းမေးပြီးလျှင် ကူညီသင့်သည်များကို ကူညီပေးရန်ဖြစ်တော့၏။

လောကကြီးထဲတွင် ပြေးကြည့်တော့မှ ဆွေမျိုးရင်းချာဆိုလို့ ဒီအစ်ကိုတစ်ယောက်သာ သူ့တွင်ရှိသည်။ မိဘများသည် သူငယ်စဉ်ကလေးဘဝကတည်းက ဆုံးပါးသွားကြ၏။ သည်တွင် အစ်ကိုကြီးမြေသားက သူ့အားလူလားမြောက်အောင် ပြုစုပျိုးထောင်ကျွေးမွေးခဲ့၏။ အိမ်ထောင်မပြုဘဲ သူနှင့်ကလေးတွေအပေါ်လည်း အင်မတန်ချစ် အင်မတန်အလိုလိုက်ခဲ့၏။

ကလေးများကလည်း မြေသားကို ခင်တွယ်နေကြ၏။ ချစ်ခင်ကြ၏။ ကလေးများသည် မြေသားနှင့်ပို၍ နီးနီးကပ်ကပ် အနေများခဲ့၏။

ကိုကြီးမြေသားကလည်း သူ ရွာမယ်ရှိလို့က တစ်နေ့တစ်ခေါက်တော့ဖြင့် မှန်မှန်လာတက်လေ၏။

ကလေးတွေကလည်း မျှော်နေကြပေပြီ။ မေးနေကြပေပြီ။ သို့ဆိုသလို မြေဖွားတစ်ယောက် မြေသားကို တောအနှံ့လိုက်လံရှာဖွေခဲ့သော်လည်း အရိပ်အယောင်ပင် မတွေ့ပါပေ။ သည်တော့ မြေဖွားသည် ရွာသို့ ပြန်ခဲ့လေတော့၏။

'မင်းအစ်ကို ကို တွေ့လား'

သူပြန်ရောက်သည့်နေ့တွင် သူကြီးက ခေါ်မေးလေ၏။

'မင်း အစ်ကိုက ဆိုးပေနဲ့ အောင်ဦးကို တောထဲမှာ သတ်ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်။ ဆိုးပေမိန်းမ ပြောတယ်။ အဲဒီညက သူ အိပ်မက် မက်တယ်တဲ့။ ဆိုးပေ သူ့ဆီလာပြီး ငိုယိုပြောတယ်တဲ့'

'ဘာပြောတယ်တဲ့လဲဟင်'

သူကြီးစကားမဆုံးမီ မြေဖွားက အငမ်းမရ ဝင်မေးလေတော့၏။

'သူ အသတ်ခံရတာပါ' လို့ ပြောတယ်တဲ့'

'မဖြစ်နိုင်တာ သူကြီးရယ်၊ အိပ်မက်ဆိုတာ မက်ချင်တာ မက်တာပဲဗျ၊ အိပ်မက်ကို အတည်ယူလို့ ရပါ့မလား'

'ဒါတော့ ဒါပေါ့ကွာ၊ နို့ . . . မင်းအစ်ကိုကရော ဘာလို့ ရွာကနေ ထွက်သွားရတာလဲ၊ အေး. . . မီးလောင်ကုန်းရွာသူကြီးကလည်း သူ့ရွာသားနှစ်ယောက် ပျောက်နေတဲ့ကိစ္စနဲ့ မြို့ပြမှုဆိုးနှစ်ယောက်ကို တောထဲလွှတ်ထားတယ်'

'ဟင်း'

သူ သက်ပြင်းတစ်ချက်ချလိုက်ပြီး-

'ကျွန်တော်လည်း အစ်ကိုကြီးကို သွားရှာတာပဲ၊ မတွေ့ခဲ့ဘူး'

သို့ကြောင့် တစ်ရွာလုံးက မြေသားကို လူသတ်သမားလို့ ထင်နေကြတော့၏။

'တကယ်ကော ဟုတ်နေသလားရယ်' လို့ သူ စဉ်းစားနေဆဲ မှာပင် နေဝင်လင့်ဘဲ ညဦးနက်သန်းခေါင်ယံအချိန်တွင် အစ်ကိုကြီးမြေသား တိတ်တဆိတ် အိမ်သို့ ရောက်လာတော့၏။

မြေသား အိမ်ရောက်လာသည့် ကိစ္စကို မည်သူမျှ မသိကြ၍ သေးတော့သည်။

'ငါ ကလေးတွေကို သတိရတယ်ကွာ'

'နို့ဖြင့် အစ်ကိုက ဘာလို့ တောထဲသွားရှောင်နေရတာလဲ၊ ဟယ်ပဲ ဆိုးပေနဲ့ အောင်ဦးကို သတ်ခဲ့လို့လား'

သို့ မြေဖွား၏ အမေးစကားကြောင့် မြေသားသည် တွေဝေ

www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။

'အစ်ကို အမှန်အတိုင်း ပြောပါဗျာ။ အစ်ကို့ကို လူသတ်သမား လို့ သတ်မှတ်ထားကြတယ်။ မီးလောင်ကုန်းရွာသူကြီးကလည်း သူ့ရွာသား ဝါးခုတ်သမားနှစ်ယောက် ပျောက်နေတဲ့ကိစ္စနဲ့ လာကြသေးတယ်။ ပြီးတော့ မြို့ပြက မုဆိုးနှစ်ယောက်ကိုလည်း တောထဲလွှတ်လိုက်တယ်။ အဲဒါ အစ်ကို ရှင်းပါဦး'

သို့မြေဖွားက ပြောလိုက်သည်တွင် မြေသားသည် မျက်စိမျက်နှာ ပျက်သွားလျက်-

'မီးလောင်ကုန်း ရွာသားနှစ်ယောက်ကိစ္စ ငါနဲ့ ဘာမှမပတ်သက် မဆိုင်ပါဘူးကွာ။ ပြီးတော့ အောင်ဦးကလည်း တဈယ်ကို ဘယ်ရောက် နေမှန်းမသိဘူး။ ရွာလည်း ပြန်ရောက်မလာဘူးဆိုတာ အံ့ဩစရာပေ ပဲပေါ့'

'နို့ဖြင့် ဆိုးပေကော'

ဆိုးပေကို မေးလိုက်သည့်အခါတွင်မတော့ မြေသား၏ မျက်နှာ သည် ညှိုးကျသွားလေပြီး-

'မင်းကို အမှန်အတိုင်း ပြောပါ့မယ်ကွာ။ အဲဒီနေ့က ကို့ ကျားတစ် ကောင်တွေ့တယ်။ ပစ်လိုက်တယ် ရှပ်ထိသွားရုံပဲ။ ဒီတော့ ကျားကောင် အ ကျားနာခဲ့တော့တယ်။ ဆိုးပေကိုပေါ့၊ ဆိုးပေနဲ့ ကျားကောင် လုံးထွေး နေတယ်၊ ငါက ပိုင်ပြီဆိုပြီးပစ်လိုက်တာ ကျားကောင်ကိုမထိဘဲ ဆိုးပေကို ထိသွားတယ်ကွာ'

'ဟင်'

'ငါကျူးလွန်မိတဲ့အပြစ်က အဲဒါပါပဲ။ ငါပြောတာ ယုံကြစမ်းပါ'

'နို့ဖြင့် အဲဒီကတည်းက သူကြီးကို အဖြစ်မှန်ပြောပြလိုက်ပေါ့ဗျာ၊ နောက် အောင်ဦး ပျောက်နေတာရော မီးလောင်ကုန်းရွာသား နှစ်ယောက် ပျောက်နေတာရယ်ကို အစ်ကို ဘယ်လိုရှင်းမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဖေား. . . နို့ကြောင့် ငါ တောထဲမှာနေ, နေတာပေါ့ကွာ'

'ဘာလို့ ပြန်လာတာတုန်း၊ အန္တရာယ်များပါဘိနှယ်'

'အန္တရာယ်များတာတော့ သိတာပေါ့။ ငါ့တူမလေးနဲ့ တူလေးကို သတိရတယ်ကွာ။ နို့ကြောင့် ငါ ခိုးကြောင်ခိုးဝှက်ပြန်လာတွေ့တာပေါ့'

သူအစ်ကို မြေသားကို သူနားလည်လိုက်တော့၏။

သည်တူအရီးတွေ အင်မတန် သံယောဇဉ်ကြီးကြတာကလား၊ ထိုနေ့ညတွင် မြေသားတစ်ယောက် မြေဖွားအိမ်တွင် အိပ်လေပြီး နောက်တစ်နေ့ လင်းကြက်ဖတွန်ပြီး အရုဏ်တက်မလာမီ တိတ်တဆိတ် သူမှ ပြန်သွားလေတော့သည်။

နောက်နှစ်ရက်ခန့်အကြာတွင် သူ့အစ်ကို တိုးတိုးတိတ်တိတ် ခွာသွားသော တောတွင်းစခန်းသို့ မိသားစုအလိုက် ထွက်ခဲ့လေတော့ သည်။

'ဟဲ့. . . ဒီမိသားစု ဘယ်သွားကြမလို့လဲ'

'သူ့အမေတို့ရွာ သွားကြမလို့' ရယ်လို့ စကားအဖြစ် ပြောခဲ့လေပြီး အကယ်တမ်း ထွက်ခဲ့သည်မှာ သူ့အစ်ကိုကြီးမြေသားရှိရာ တောတွင်း စခန်းသို့သာ ဖြစ်တော့သည်။

သူ့အစ်ကို စခန်းနေရာသို့ ရောက်သည်တွင် တောထဲတွင် ဖျက်စီးလည်လမ်းမှားနေသော မြို့ပြမုဆိုးတစ်ယောက်နှင့် တွေ့သည်တွင် စိတ်ရင်းကောင်းသည့် ဇနီးသည်က တစ်ညအိပ် လက်ခံခဲ့သေးတော့၏။

(ကျွန်တော့်ကို ဆိုလိုခြင်းဖြစ်သည်)

သည်တွင်-

'မင်း ဘယ့်နှယ်လုပ်တာလဲကွာ၊ ငါ့ကို အခက်တွေ့အောင်လုပ် နေပြန်ပြီ။ ခုတောင်မှ ငါ အဘိုးကြီးပုံရုပ်ဖျက်ထားရတာ။ ပြီးတော့ခု ရောက်လာတဲ့သူက သူစိမ်းဖြစ်နေလို့ပေါ့။ ငါတို့ရွာ အနီးပတ်ဝန်းကျင် ရွာကဆိုလျှင်ဖြင့် ငါ့သေတွင်းကို မင်းတူးသလို ဖြစ်မနေပေဘူးလား။ ဒီလူ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆီရောက်လာသေးတာပဲ။ ငါတောင်လက်မခံဘူး။ မင်းကပြန်ခေါ်လာရတယ်လို့'

သို့မြေသားက ပြောလေသည်တွင် မြေဖွားသည် မီးလောင်ကုန်းရွာမှ သူကြီးနှင့်အတူ ပါလာသည်ဆိုသည့် မြို့ပြမုဆိုးနှစ်ယောက်ကို သတိရလိုက်သည်နှင့် အကြီးအကျယ် မျက်စိမျက်နှာပျက်သွားလေပြီး-

'ဟုတ်ပါရဲ့ အစ်ကိုကြီးရယ်၊ ကျွန်တော် သတိတစ်ချက်မေ့သွားတယ်၊ ကျွန်တော်သိတာ နှစ်ယောက်၊ ခုတစ်ယောက်တည်း ဆိုတော့ အစ်ကိုကြီးကို တောနင်းရှာနေကြတဲ့ မုဆိုးမဟုတ်လောက်ဘူးလို့ တွက်မိတော့ကာ လက်ခံလိုက်တာပေါ့ အစ်ကိုကြီးရယ်'

'တော်'

မြေသားသည် ညီဖြစ်သူမြေဖွား အား စိမ်းစိမ်းကြည့်နေလိုက်ကာ အံကြိတ်၍နေလေသည်ကြောင့်-

'အစ်ကိုကြီးရယ်၊ ခယ်မကလည်း အချိန်အခါမရှိတောထဲမျက်စိလည်နေသူဆိုတော့ သနားပြီး လက်ခံမိတာပါ။ ကိုမြေဖွားစိတ်တစ်ခုတည်းနဲ့ လူစိမ်းကိုလက်ခံလိုက်တာမဟုတ်ပါဘူး။ ခယ်မ တောင်းပန်ပါတယ် အစ်ကိုကြီးရယ်။ ခဲအိုကို သားတွေက တွေ့ချင်လွန်းလို့ ခယ်မက အတင်းပူဆာ လိုက်လာခဲ့တာပါ'

သို့ ခယ်မဖြစ်သူက မျက်နှာငယ်လေးဖြင့် တောင်းတောင်း ပန်ပန် ပြောလာသည်တွင် မြေသားသည် 'အင်းလေ. . .' သူတို့သားအမိတွေ ငါ့ကိုသံယောဇဉ်ကြီးလွန်းလို့ ဒုက္ခခံပြီး တောတောင်ထဲ လိုက်လာခဲ့ကြတာပဲ။ သူတို့မသိလို့ လူစိမ်းကို ညအိပ်လက်ခံမိလိုက်တာပေပဲ'ဟုလည်း တွေးမိလိုက်သည်တွင် ညီဖြစ်သူ မြေဖွားအပေါ် ရုတ်တရက်ဖြစ်သွားရသည့်ဒေါသကို ပြန်ချုပ်တည်း လိုက်နိုင်ချေတော့သည်။

'နို့ဖြင့် အဲဒီလူကော'

'သူ အမူးလွန်ပြီး အိပ်နေလေရဲ့'

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် မုဆိုးကြီးမြေသားသည် အသောက်လွန်လျက် အိပ်ပျော်နေသော လူစိမ်းကို ကြည့်လိုက်လေပြီး (ကျွန်တော့်ကို ဆိုလိုခြင်းဖြစ်၏)။

'နို့ဖြင့် ဒီလိုလုပ်ချေ။ မင်းတို့ မိသားစု ဟိုးအစွန်က တဲမယ် သွားအိပ်ကြချေ။ မနက်ကျမှ ငါ သူ့ကို ကြည့်ပြောလိုက်မယ်'

(သို့ဆိုသလို အဘိုးအိုသည် ကျွန်တော့်ကို ထိုမိသားစုသည် (သူ့ညီမိသားစု) ကျတ်ကောင်များ ဖြစ်ကြလေဟန် ဖြီးဖြန်းပြောလေခြင်း ဖြစ်တော့၏။)

နောက်တစ်နေ့နံနက်တွင် မြေသားသည် ညီဖြစ်သူ မြေဖွားတို့ မိသားစုကို ရွာပြန်စေလေတော့၏။

သို့ပေမင့် မြေဖွားသည် အစ်ကို မြေသားကို စိတ်မချလေသည် ကြောင့် ဇနီးနှင့် ကလေးနှစ်ယောက်ကို ရွာတွင်ထားခဲ့ကာ တောတွင်းသို့ ပြန်ဝင်ခဲ့လေတော့၏။

သို့ပြန်လာသည့်နေ့မှာပင် ကံဆိုးစွာ လမ်းမှားသွားတော့၏။ ညအမှောင်နှင့်ဆိုတော့ ပို၍ မှားခဲ့ရသည်ပေ့။ သို့လမ်းမှန်ကို ရှာရင်း စမ်းတဝါးဝါး လျှောက်ခဲ့ရာမှ အတော်ကလေးလည်း ညဉ့်နက်လာပြီ ဖြစ်၍ ခွဆုံကောင်းကောင်း သစ်ပင်ပေါ်တွင် ဘေးကင်းရန်ကင်းအလို့ငှာ တက်အိပ်ခဲ့လေတော့၏။

ကောင်းကောင်း အိပ်ရသည်တော့မဟုတ်။ အစ်ကို သံယောဇဉ် ကြောင့်သာ ကြိတ်မှိတ်သည်းခံနေလိုက်ရခြင်း ဖြစ်၏။

မိုးစင်စင်လင်းလုတွင် သစ်ပင်ပေါ်မှ ဆင်းလိုက်သည်နှင့် ပုပ်အက်အက် အူတူတူအနံ့ ရလိုက်သည်ကြောင့် သားကောင်အသေ ထင်၍ အနံ့လာရာသို့ လိုက်လံ ရှာဖွေလေတော့၏။

သားကောင်သေ၏ အူတူတူအနံ့ဖြစ်ပါလျှင် သူ့တွင်စားစရာ ရပေလောက်သည်။ ပုပ်ဟောင်နေခြင်းမှ မဟုတ်တာချည်း၊ မိတေင်စား

www.burmeseclassic.com

www.burmeseclassic.com



လျှင် ရလောက်ချေသေး၏။ အသားမာသော တောကြွက် အသားသည်ပင် အမုပ်ခံပြီးလေမှ စားလေလျှင် ပိုကောင်းလေသည် မဟုတ်ပါကလား။

သည်တော့ မြေဖွားသည် အူတူတူနံ့ကိုခံ၍ သားကောင်သော လိုက်ရှာနေတော့၏။ အစ်ကိုမြေသားရှိသည့် စခန်းသို့ လမ်းမှန်ပြန်ရှာ တွေ့ရေးထက် လတ်တလော ဆာလောင်မှုဒဏ်ကို ဖြေဖျောက်ဖို့က အရေးကြီးပင် မဟုတ်ပါကလား။

သို့ အားတက်သရော ရှာခဲ့လေသည်တွင် တွေ့လိုက်ရပေပြီး ပုပ်ဟောင်နေခြင်းမရှိငြား စားလို့မရလေသည့် အသားဖြစ်မှန်း သိလိုက်ပေတော့၏။ စိတ်ပျက်ခြင်းထက် တုန်လှုပ်ချောက်ချားလို့ပင် သွားတော့၏။

လူသေအလောင်းသည် နှစ်လောင်းဖြစ်နေသေးတော့၏။ ဘယ်သူ ဘယ်ဝါတွေမှန်း မသိရလေအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေ ချေတော့သည်။ နှစ်ယောက်လုံးတွင် အသားစတို့ ဖွာလံကြဲ၊ စုတ်ပြတ်လို့ နေလေတော့၏။ သားရဲတစ်ကောင်၏ လက်ချက်ကြောင့် သေဆုံးနေကြခြင်း ဖြစ်၏။

ဘယ်လိုသားရဲကောင်နှင့် ကံဆိုးစွာ ရင်ဆိုင်ကြရပါလိမ့်။ သိလိုသဖြင့် ထိုအနီးတစ်ဝိုက်တွင် တွေ့နိုင်လောက်သည့် ခြေရာလက်ရာကို ရှာကြည့်လိုက်သည်။ သို့ရှာလေသည်၌လည်း ရင်တထိတ်ထိတ်ဖြင့် ရှာရလေခြင်း ဖြစ်၏။ ကျားရဲကောင်လက်ချက်ကြောင့်ဆိုပါလျှင် သူသည်ပင် လွယ်လိမ့်မည် မဟုတ်။

သို့သော သူ စိုးရိမ်လို့သာ စိုးရိမ်နေလေခြင်း ဖြစ်၏။ ပတ်ဝန်းကျင်တွင် ကျားကောင်ခြေရာ အလျဉ်းမရှိသဖြင့် အလောင်းနှစ်လောင်းတွင် အသားစတို့ ဖွာလံကြဲနေပေမင့် ခန္ဓာကိုယ်အသားစိုင်နှင့် ခြေလက်တို့ ရှိနေသည်ပဲ။ သို့ဆိုတော့ ကျားကောင်နှင့် ရင်ဆိုင်တွေ့ကြလေခြင်း မဟုတ်၊ ဝံကောင်နှင့်တိုး၍ တိုက်ခိုက်သတ်ပုတ်ကြရင်း သေကြရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချိမ့်မည်။

ဟုတ်တာပေါ့. . . အတော်လှမ်းလှမ်းတွင် ဝံကောင်၏ ခြေရာနှင့် သွေးစသွေးနတို့ကို တွေ့ရလေမှ မြေဖွား အဖြေမှန်သိလိုက်တော့၏။

ထိုနေရာလေးတွင် သတ်ပုတ်ကြရင်း မနိုင်၍ ပြေးလာကြရာမှ ဤနေရာအရောက်တွင် လဲပြိုကျ အသက်ထွက်သွားကြခြင်း ဖြစ်ပေမည်။ သို့ဆိုလေတော့ သူ့အစ်ကိုကြီးအတွက် ဝမ်းသာသွားမိတော့၏။ ထိုအလောင်းနှစ်လောင်းသည် မီးလောင်ကုန်းရွာသား ဖြစ်နိုင်၏။ သူတို့ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ မြေသားကို လူသတ်တရားခံဟု ထင်နေကြသည်။ (အလောင်းကို မတွေ့သေး၍ ထင်ကြေးပေး စွပ်စွဲကြခြင်း ဖြစ်၏။) ယခု သူ ပျောက်ဆုံးနေသော မီးလောင်ကုန်းရွာသား နှစ်ယောက်ကို တွေ့ချေပြီ။ သူတို့ ပယောဂနှင့် သူတို့ သေဆုံးခြင်းဖြစ်၏။ ထိုသည်ကို သူကြီးကို ပြောရမည်။ သို့ဆိုလျှင် သူ့အစ်ကိုကြီးမြေသား တစ်ယောက် အပေါ် နားလည်ခွင့်လွှတ်နိုင်ကြလိမ့်မည်။ ဆိုးပေ သေဆုံးရခြင်း ကိစ္စကိုမူ မတော်တဆ ဖြစ်ရခြင်းပင်။ တမင် လုပ်ကြံသတ်ဖြတ်ခြင်းမှ မဟုတ်တာချည်း။ သို့ကြောင့် သူသည် အူတူတူအနံ့ထွက်နေသော လူသေအလောင်းနှစ်လောင်းကို မြေမြှုပ်ပေးခဲ့လေတော့၏။ ထိုနေရာလေးကိုလည်း မှတ်သားထားလေတော့၏။

ချောင်းမကြီးနှင့် မလှမ်းမကမ်းရှိ ကျွန်းပင်ကြီးအောက် ဖြစ်ပေသည်။

ထိုနေရာမှ ထွက်လာပြီး ချောင်းမကြီးအတွင်း ဆင်းလိုက်သည်တွင် ချောင်းကမ်းနံဘေးရှိ ထင်ရှားသော သစ်ခြောက်ပင် ကိုလည်း မှတ်သားလိုက်ပြီးသည့်အပြင် ပိုသေချာရန် အလို့ငှာ ထိုအပင်နှင့် ကပ်လျက်ရှိသည့် ကျွန်းပင်တွင်လည်း ဓားဖြင့်ခုတ်ကာ အမှတ်အသား ဗလပ်ခွာခဲ့ လေတော့သည်။

သည့်နောက် သူသည် ချောင်းမကြီးသို့ ရောက်လာသည်တွင် အထက်အောက်စုန်ဆန်၍ လှေလာလိုက်သည်တွင် သူ့အစ်ကိုကြီးစခန်း

www.burmeseclassic.com

www.burmeseclassic.com



ရှိရာလမ်းကို မှတ်မိသွားလေပြီဖြစ်တော့၏။

သူ့အစ်ကိုကြီး မြေသားနှင့် ဆုံသည်တွင် မီးလောင်ကုန်းရွာသား ဝါးခုတ်သမားနှစ်ယောက် အလောင်းကို တွေ့ခဲ့ပုံ၊ ဝံကောင်လက်ချက်ဖြင့် သေဆုံးကြပုံ အလောင်းများ မပျောက်ပျက်၊ မပျောက်ဆုံးရန် မြေမြှုပ်ပေးခဲ့ပုံတို့ကို ပြောပြလေပြီး-

'အစ်ကိုကြီးရယ်၊ ရွာပြန်လိုက်ခဲ့ပါတော့။ ဆိုးပေကိစ္စ သူကြီးကို အသေအချာ ပြောပြလျှင်ဖြင့် အစ်ကို ဘာမှမဖြစ်နိုင်ပါဘူး'

'ဟကောင်ရ. . . ငါပစ်လိုက်တဲ့ကျည်မှန်ပြီး ဆိုးပေသေရတာ လေကွာ'

'ဟုတ်ပါတယ်၊ မတော်တဆဖြစ်တဲ့ ကိစ္စပဲ၊ ဒါလူသတ်မှု မဖြစ်လောက်ပါဘူး။ မဆင်မခြင်ပစ်လိုက်ခြင်းကြောင့် လူသေမှုပဲ ဖြစ်နိုင်တာပေါ့။ လူသတ်မှုလောက်တော့ အမှုဘယ်ကြီးပါ့မလဲ'

'အေး. . . အဲဒီအတွက် အောင်ဦးကလည်း ဖျောက်နေတယ်ဆိုတော့ အဖြစ်မှန် သက်သေခံမယ့်သူ မရှိဘူးလေ။ အောင်ဦးကလည်း ဘယ်ရောက်နေမှန်း မသိဘူး။ ကျားကောင်ပဲ ဆွဲသွားလား မသိဘူး။ အေး. . . အောင်ဦးကို တွေ့ဦးတော့ သူက ငါ့ကို အမြင်စောင်းနေတာကွ'

'ဘယ်လိုကြောင့်လဲ'

'ငါ့လုပ်ရပ်ကြောင့်, ငါသွေးပူပြီး ကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေးခဲ့တာကို သူ လုံးဝ လက်မခံခဲ့ဘူး။ ငါလည်း ဘယ်သွားဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ ကြောက်နေတာပဲရှိတယ်'

'ဩော်. . . အစ်ကိုကြီးရယ်၊ နို့ဖြင့်လည်း သည်လိုလုပ်ချေဗျာ၊ ကျွန်တော်တို့ အောင်ဦးကို ရှာကြမယ်။ ဒီတောထဲမယ် အသက်ရှင်ရှိနေသေးတယ်ဆိုလျှင်ဖြင့် တွေ့အောင်ရှာပြီး အစ်ကိုကြီးအပေါ်နားလည်မှုလွဲတာကို ရှင်းပြကြမယ်။ အစ်ကိုကြီး သက်သာရာ သက်သာကြောင်းနဲ့ ကိုယ့်တူတော်မောင်တွေနဲ့ ရှေ့လျှောက် ပျော်ပျော်ရွှင်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



နေသွားနိုင်ဖို့က အောင်ဦး သက်သေခံမယ့်အပေါ် မူတည်နေတယ် မဟုတ်လား။ ဒီတော့ အောင်ဦးကို မတွေ့မနေ ရှာကြမယ် အစ်ကိုရာ၊ ပျောက်သောသူ ရှာလျှင်တွေ့ ဆိုရိုးစကား ရှိသေးတာပဲ မဟုတ်လား'

'အေးလေ. . . ကြိုးစားကြတာပေါ့'

သို့ဖြင့် သူတို့ ညီအစ်ကိုသည် တောတောင်ထဲတွင် အောင်ဦးကို မနားမနေ လိုက်လံ ရှာဖွေကြလေတော့၏။

သို့ဖြင့် ဝါးခုတ်စခန်းဟောင်း တစ်ခုသို့ ရောက်ခဲ့ကြ၏။

'ငါတို့ ဒီမယ် ညအိပ်စခန်း ချမယ်ကွာ'

မြေသားသည် သို့နှယ် ပြောလာလေ၏။ ပြီးနောက် ညီဖြစ်သူ မြေဖွားကို စေ့စေ့ကြည့်လိုက်ပြန်ပြီး-

နို့ဖြင့်လည်း မင်း ဒီမယ်ခဏနေချေဦး၊ ငါ စားစရာသားကောင် သွားရှာချေဦးမယ်ဆိုလျက် မြေသားထွက်သွားသည်တွင်-

မြေဖွားသည် ညောင်းညာနေပြီလည်းဖြစ်၍ တဲပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်တော့၏။

မှေးခနဲတစ်ချက်ဖြစ်သွားကာ အိပ်ပျော်သွားတော့၏။

ချိုးချိုးချွတ်ချွတ်အသံ ကြားလေသည်ကြောင့် အိပ်ရာမှနိုးလာရ၏။

ပတ်ဝန်းကျင်တွင် အမှောင်ထု လွှမ်းလာချေပြီကော။ သို့ကြောင့် မြေဖွားသည် သူ့တွင်ပါလာသည့် ဖယောင်းတိုင် ကြီးတစ်တိုင်ကို မီးညှိ ထွန်းလိုက်ကာ ယခင်ဤတဲတွင် နေသွားကြသည့် ဝါးခုတ်သမားများ ထားခဲ့သည့် ဝါးမီးအိမ်တွင် ထောင်လိုက်၏။

သို့အစ်ကိုကြီးလည်း ပြန်မလာသေးပါကလား။

သို့ရှိစဉ် ချောင်းအောက်ဘက်မှ ဆန်တက်လာသော [illegible] ယောက်သဏ္ဌာန်ကို လရောင်အောက်တွင် ထင်းထင်းမြင်လိုက်ရ[illegible] ထိတ်လန့်သွားတော့၏။ သေနတ်ကိုင်မှုဆိုး နှစ်ယောက်ပါလာသော [illegible]

www.burmeseclassic.com



မြို့ပြမှုဆိုးနှစ်ယောက်သည် သူ့အစ်ကိုကြီးကို လိုက်ရှာနေကြသည့်သူများ ဖြစ်လေသည်ကြောင့် မီးတိုင်ကို မှတ်လိုက်ကာ သူ့အစ်ကိုကြီး ထွက်သွားရာဘက်သို့ မှန်း၍ အပြေးကလေး သွားလိုက်တော့၏။ လတ်တစ်လော သူ့အစ်ကိုကြီးမြေသားကို တွေ့သွား၍မဖြစ်။

သို့ သူကြောက်လန့်တကြား မဆင်ခြင် ပြေးထွက်လာခြင်းသည် သူ့အတွက် အမှားကြီးပင် ဖြစ်ချေတော့၏။

ဘယ့်တွက်မှ သူ့အစ်ကို ပြန်အလာကို စောင့်ရပေမည်၊ သို့မဟုတ်ခဲ့လေသည်ကြောင့် ဖြေရှင်းမရနိုင်သော ပြဿနာဖြစ်ခဲ့ရလေခြင်းပင်ဖြစ်သည်။

ထိုသည်ကား မှုဆိုးကြီးမြေသားသည် အမဲရှာထွက်ပြီးသားကောင်မရသည့်ပြင် လမ်းမှားခဲ့လေတော့၏။ အမှောင်ထဲတွင်စမ်းတဝါးဝါးနှင့် အချိန်အတော်နှောင်းလေမှ စခန်းတဲနားသို့ပြန်ရောက်ခဲ့ကြတော့၏။

သူ့ညီမြေဖွား ဆာဆာနှင့် အိပ်ပျော်နေလောက်ပြီ။ သို့ကြောင့် ခပ်လှမ်းလှမ်းမှနေ၍ လှမ်းကြည့်လိုက်သည်။ ညီမြေဖွားတစ်ယောက် ထင်းမီးဖိုထားပါကလား။ သူ မီးဖိုထားပေမင့် သားကောင်ရမလာပေ။

'ဟင်'

မီးပုံနားတွင် လူတစ်ယောက် ထိုင်နေသည်။ သူ့ညီမြေဖွားတော့ မဟုတ်။ ဘယ်သူပါလိမ့်၊ အသေအချာကြည့်လိုက်၏။

ဘုရားရေ့ . . သူတို့ညီအစ်ကို လိုက်ရှာနေတဲ့ မုဆိုးအောင်ဦး ဖြစ်နေပါကလား။ အခန့်သင့်လိုက်လေ။ မြေဖွားနဲ့ ဘယ်လိုဆုံကြပါလိမ့်၊ မြေဖွားက စည်းရုံးလေသည်ကြောင့် သူ့အပေါ် နားလည်ပြီး သူ့ကို စောင့်နေခြင်းဖြစ်မည်။ ထင်းမီးပုံနံဘေးတွင် အောင်ဦးတစ်ယောက် အေးအေးလူလူ ထိုင်နေ၏။ သူ အဆင်ပြေပေရှေ့မည်။ သူ့ဇူ ဇူမလေးတွေနှင့် ပျော်ရွှင်စွာ စုစုစည်းစည်း ပြန်နေခွင့်ရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဦးတစ်ယောက်သူ့အပေါ် နားလည်သွားချေပြီဖြစ်သည်။ သူ ဆိုးပေကို တမင်တကာ ရည်ရွယ်သတ်လိုက်တာမဟုတ်။ သူ့အသက် ကယ်ရင်း ဖြစ်သွားရသည့် မတော်တဆကိစ္စဆိုတာ အောင်ဦး အသိဆုံး မဟုတ်ပါကလား။ အောင်ဦး၏ ထွက်ချက်သည် သူ့ဘဝ၏ ရှေ့ဆက်ရ မည့် ခရီးအဆိုးအကောင်းပင် မဟုတ်ပါကလား။

မည်သို့ပင်ဖြစ်စေ အောင်ဦး သူ့အပေါ် နားလည်အောင် စည်းရုံးထားနိုင်သည့် ညီဖြစ်သူ့ မြေဖွားရှိနိုင်မည့် ဝါးတဲပေါ် လှမ်းကြည့် လိုက်သည်။

'ဟင်'

သူ တုန်လှုပ်ချောက်ချားခြင်းနှင့်အတူ ဒေါသလည်းဖြစ်သွား တော့၏။ တဲပေါ်တွင် သူ့ညီမြေဖွားရှိမနေပါချေ။ လူစိမ်းမုဆိုး နှစ်ယောက်သာလျှင် ရှိချေ၏။ သူ့ညီပြောပုံအရ ထိုမုဆိုးနှစ်ယောက်သည် သူ့ကို ခြေရာခံလိုက်ရှာနေသော မုဆိုးနှစ်ယောက် ဖြစ်ဖို့များပေမည်။

သို့ဆိုတော့ အောင်ဦးသည် သူ့ကိုဒုက္ခပေးရန် မုဆိုးနှစ်ယောက် နှင့် တွေ့ဆုံပူးပေါင်းနေခြင်း ဖြစ်ပေမည်။

'တောက်'

သူ ဒေါသထွက်သွားမိတော့သည်။ သူစောစောက မျှော်လင့်ထား သလို ဖြစ်လာနိုင်တော့မည် မဟုတ်။

သည်တော့ ဖြစ်လိုရာဖြစ်ရယ်လို့ တွက်လိုက်ကာ လက်တွင်းရှိ သေနတ်ဖြင့် လှမ်းထိုးချိန်ပစ်လိုက်လေတော့သည်။

'ဒိန်း'

သူ စိတ်လှုပ်ရှားခြင်းမရှိဆိုပေမင့် အောင်ဦးက်ကောင်းသည်မှာ တဲပေါ်မှ မုဆိုးတစ်ယောက်က လှမ်းအခေါ် အောင်ဦးက ထအသွား သူပစ်လိုက်သော ကျည်ဆန်က ပစ်မှတ်မလွဲဆိုပြီး ပွတ်ကာသီကာ ကပ်လွဲသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

သူ အံ့ဩမှင်တက်နေမိစဉ်-

'ဒိန်း' ရယ်လို့ သေနတ်သံတစ်ချက် ကြားလိုက်လေသည် ကြောင့် ထိုနေရာလေးမှ တချိုးတည်း ပြေးထွက်ခဲ့လေတော့သည်။ ကံကြမ္မာများ ဆန်းကြယ်ပုံကြည့်။

ခြေဦးတည့်ရာ ပြေးခဲ့သည်ဆိုငြား၊ အတော်လှမ်းလှမ်းတွင် သူ့ညီဖြစ်သူ မြေဖွားနှင့် ဆုံကြရလေတော့သည်။

'ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါ့မလဲ အစ်ကိုရယ်'

သည့်နောက် သူတို့ညီအစ်ကိုသည် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။ သူ့ကို လိုက်ရှာနေသော မုဆိုးနှစ်ယောက်ရှိသည့်နေရာ သိလေခြင်းကြောင့် သူတို့နှင့် ထိပ်တိုက် မတိုးရန် ရှောင်ပုန်းရခြင်းသည် ခက်ခဲခြင်း မရှိပါတော့ချေ။ သို့ဖြင့် အတည်တကျမဟုတ်ငြား တစ်နေ့တစ်ခါ စခန်းပြောင်းအိပ်ခြင်းအတွက် လေးငါးရက်တိုင် စိတ်လက်ချမ်းသာရှိကြတော့၏။

BURMESE CLASSIC

(၆)ရက်မြောက်နေ့တွင်မတော့ အောင်ဦးက သူ့ကို ရှာတွေ့သွားလေသည်လား။ ပက်ပင်းတိုးခဲ့လေသည်လား မသိ။ တောင်သရက်ပင် စခန်းနားတွင် သူတို့ စခန်းချနေစဉ် ဖြစ်၏။ မြေသားတစ်ယောက် မြေဖွားကိုထား၍ အမဲရှာထွက်ခဲ့၏။

စခန်းနှင့် မဝေးလောက်သောနေရာတွင် သားကောင်ကို သေနတ်ဖြင့် သေချာချိန်ရွယ်လိုက်၏။ ဂျီ(ချေ)ကောင်လေး ဖြစ်၏။ မြေသားသည် သူ၏ အာရုံကို သားကောင်ထံတွင်သာ စုစည်းထားလိုက် ၏။

သူ့ကံကောင်းလေခြင်း၊ ပစ်မှတ်သားကောင်သည် လှုပ်ရှားပြီး လွှားခြင်း အလျဉ်းမရှိ။ ကိုယ်ခန္ဓာကို တဆတ်ဆတ်တုန်ခါနေပြီးသာ ရှိ၏။ သို့ကြောင့် မြေသားသည် မောင်းထိန်းခလုတ်ပေါ် တင်ထားသည့် သူ၏လက်ညှိုးလေးကို ကွေးချရန် စဉ်းစားလိုက်စဉ်မှာပင်-

www.burmeseclassic.com

www.burmeseclassic.com



'အား'

သူ့လက်ပြင်တွင် ပူခနဲ တစ်ချက်ဖြစ်သွား၏။ စုတ်ကွန့်ပိုင်း အကြားမှာပင် နာကျင်လာ၏။ သွေးတို့ ယိုစိမ့်ထွက်လာ၏။

ဘာဖြစ်ပါလိမ့်။ ကပျာကသီ လှည့်ကြည့်လိုက်သည်။

'ဟာ'

'အား'

'အား'

သူ့ကို လူတစ်ယောက် ချောင်းမြောင်း၍ ဝါးခုတ်ဓားဖြင့် တရစပ် ဝင်ခုတ်နေခြင်းပါကလား။ အလစ်တွင် ချုံခိုတိုက်ခိုက်ခံရခြင်း ကြောင့် မြေပြင်တွင် သူ လူးလိမ့်နေမိတော့၏။ ပြန်တိုက်ခိုက်ဖို့ နေနေသာသာ လက်နှစ်ဖက်ဖြင့် ကာဆီးခုခံလို့နေရ၏။

'ဟင်'

သူ့တွင် ကံကောင်းလေခြင်းမှာ ထိုလူသတ်သမားသည် လက်တစ် ဖက်သာရှိနေသည့် မုဆိုးအောင်ဦး ဖြစ်နေပါကလား။

အောင်ဦးသည် ညာသံဖြစ်၏။

သို့ပေမင့် ညာလက်ပြတ်နေခြင်းကြောင့် ဘယ်လက်ဖြင့် လွှဲခုတ် နေခြင်းသည် သူ့ကို သက်သာမှုရစေခြင်းပင် ဖြစ်တော့၏။

သို့ကြောင့် 'မြေဖွားရေ' 'မြေဖွားရေ' ရယ်လို့ အသံကုန်အော်ဟစ် အကူအညီတောင်းနိုင်လေခြင်းကြောင့် သူ အသက်မသေခဲ့ခြင်း ဖြစ်၏။

သို့ပေမင့် အောင်ဦးသည် သူ့ညီမြေဖွားလက်ချက်ဖြင့် သေသွား ရှာတော့၏။

'အစ်ကို. . . ကျွန်တော်တို့ သည်တောမယ် ဆက်နေလို့ဖြစ် တော့ဘူး၊ အစ်ကို့ဒဏ်ရာတွေကလည်း ဆေးကုမှ ဖြစ်မယ်။ ကျွန်တော်တို့ အနီးဆုံးရွာတစ်ရွာကို သွားကြမယ်။ ဆေးဆရာရှာပြီး အစ်ကို့ဒဏ်ရာ တွေကို ကုပြီးတော့ ရွာတစ်ရွာမှာသွားပြီး ရုပ်ဖျက်နေကြမယ် အစ်ကိုနော်'

www.burmeseclassic.com



သူ့အတွက် လူသတ်မှုဖြစ်သွားသော ညီဖြစ်သူ မြေဖွားကိုကြည့်၍ စိတ်မကောင်းဖြစ်သွားမိတော့၏။

'ညီလေးရာ. . . မင်းမိန်းမငါ့ခယ်မနဲ့ သားသမီး နှစ်ယောက်အတွက် မင်းကော ငါပါမရှိလို့ မဖြစ်ဘူး။ သူတို့နားမယ် တစ်ယောက်ယောက်တော့ဖြင့် ရှိသင့်တယ်။ ခုပုံဆိုလျှင်ဖြင့်ညီအစ်ကိုနှစ်ယောက်လုံး လူသတ်သမားတွေ ဖြစ်နေပြီ။ အဲလိုတော့ အဖြစ်မခံနိုင်ဘူး။ ဒီလိုလုပ် အဲဒီဓားငါ့ကိုပေး၊ သူ့ကို မင်းသတ်တာ မဟုတ်ဘူး၊ ငါသတ်တာပါလို့ပဲ မင်းစိတ်ထဲမှာ မှတ်ထားလိုက်ချေကွာ၊ ငါ မင်းနဲ့အတူ ရွာပြန်လိုက်ပြီး အဖမ်းခံမယ်။ နို့မဟုတ် မင်း ရွာပြန်တော့ ငါ ဟိုမုဆိုးနှစ်ယောက်နဲ့ သွားတွေ့ပြီး အဖမ်းခံမယ်'

BURMESE CLASSIC

'အို. . . ဘယ်ဖြစ်မလဲဗျ၊ ကျွန်တော်သတ်တာ ကျွန်တော်ပဲ အပြစ်ခံမှာပေါ့။ အစ်ကိုက ဘာလို့ တန်ဆာခံလုပ်မှာတုန်း'

'ဟကောင်ရ. . . ငါကလည်း မုဆိုး ဆိုးပေသေမှုသေခင်းနဲ့ ပတ်သက်ပြီး ပတ်သက်မှုရှိနေတယ်လေကွာ၊ ဘာထူးတော့မှာလဲ'

'အို. . . မဖြစ်နိုင်ပါဘူး အစ်ကို၊ နို့ဖြင့် ဒီလိုလုပ်မယ်၊ ကျွန်တော် စောစောကပြောတဲ့ အစီအစဉ်အတိုင်း လုပ်ကြမယ်။ အစ်ကို့ဒဏ်ရာတွေ ဆေးစည်းကုသပြီးတာနဲ့ တခြားရွာတစ်ရွာမှာ ပုန်းခိုနေကြမယ်၊ နေသားကျသွားလျှင်ဖြင့် ကျွန်တော် ရွာပြန်ပြီး မိန်းမနဲ့ ကလေးတွေ ပြန်ခေါ်မယ်လေ'

'အေး. . . အဲဒါလည်းကောင်းတယ်။ နေဦး ဒီလိုဆိုတော့ မင်းက အကြောင်းမဟုတ်ပေမင့် ငါကရုပ်ဖျက်ရမှာပေါ့'

'ဒါတော့ ဟုတ်တာပေါ့။ လောလောဆယ် အစ်ကိုကြီးက လူသတ်သမား ဝရမ်းပြေး ဖြစ်နေတာကိုး။ ကျွန်တော်က ဒီပုံစံနဲ့ ဘယ်သွားသွားလာလာ ရတယ်။ အောင်ဦးကို သတ်လိုက်တယ်ဆိုတာ အစ်ကိုကြီးမှ မပြောလျှင် ဘယ်သူမှသိမှာမှ မဟုတ်တာ'

www.burmeseclassic.com

www.burmeseclassic.com



'အေး. . . ဟုတ်တယ်၊ နေဦး. . . ဒါတောင်သရက်ပင်စခန်း ဆိုတော့ ဟိုးရှေ့မြင့်ရတဲ့ တောင်ကြောလေးက ငါနေခဲ့တဲ့ တဲစုစခန်းလေး ပဲကွ၊ ငါ မလိုအပ်တော့ဘူးဆိုပြီးရှာတော့ ထားခဲ့တဲ့ ဆံပင်တုံ၊ နှုတ်ခမ်း မွေးတုတွေရှိတယ်။ မင်းသွားယူချေကွာ၊ အချိန်ရပါသေးတယ်'

'နို့ဖြင့် အစ်ကိုကြီး ဒီအပင်အောက်မှာ နေခဲ့ချေဦး။ ကျွန်တော် သွားယူချေဦးမယ်' ဆိုလျက် မြေဖွားသည်တဲစုလေးသို့ ပြန်လာခဲ့သည်တွင် ကျွန်တော်တို့နှင့် ပက်ပင်းတိုးရလေခြင်းဟု ဝန်ခံလာချေတော့သည်။

'ဩော်. . . တကယ်တော့ သံတွင်းကြီးရွာသား မုဆိုးများ ဖြစ်ကြသည့် မြေသား၊ ဆိုးပေနှင့် အောင်ဦးတို့သည် သူတို့၏ ညံ့ဖျင်းသော အရည်အချင်းကို မေ့လျော့ထားကာ မုဆိုးကောင်း 'တစ်ချက်တစ်ကောင် သေ ဖိုးတေ' တစ်ယောက် ကျားဆိုးတစ်ကောင် ပစ်သတ်ရလိုက်လေခြင်းကို နောလို မရှုစိမ့်ဖြစ်၍ မုဆိုးစည်းဖောက်ကာ ကျားပစ်ထွက်ခဲ့ကြရာမှ ဒုက္ခအဖုံဖုံ ကြုံခဲ့ကြ၊ သေကျေပျက်စီးကြသည် နှင့်မပြီး၊ တစ်နွယ်ငင် တစင်ပါဆိုသကဲ့သို့ မုဆိုးမြေသား၏ညီ မြေဖွားသည်ပင် လူသတ်သမား တစ်ယောက် ဖြစ်ခဲ့ရချေတော့သည်။

တကယ်တော့ တစ်ချက်တစ်ကောင်သေ ဖိုးတေဆိုသည့် မုဆိုး လေးသည် မုဆိုးစည်းဖောက် ကျားကောင်ကို အသားလွတ်လက်ယား ပစ်ခဲ့လေခြင်းမဟုတ်။ သူ့ကို အန္တရာယ်ပြုလာသောကျားကောင်ကို ခကြောက်မရွံ့ ရဲရင့်စွာအနိုင်ယူ သတ်ဖြတ်ခဲ့ခြင်းသာ ဖြစ်ပေသည်။

*******

www.burmeseclassic.com

www.burmeseclassic.com

## (၁၄၄) ကိုပိုက်

(စာရေးသူ၏မှတ်ချက်)

မူလစခန်းတဲတွင် မျောက်များရန်ကြောင့် အောင်ဦးနှင့် လင်းမြင့်လှိုင် ထွက်ပြေးခဲ့စဉ် သူတို့နှစ်ယောက် လူကွဲသွားကြ၏။

လူကွဲထွက်လာသော လင်းမြင့်လှိုင်သည် ထိုညဘက်တွင် တောစခန်း သစ်ပင်ခွဆုံပေါ် တက်အိပ်ခဲ့ရသည်ကြောင့် ကောင်းကောင်း မအိပ်ရခြင်း၊ အိပ်ချင်စိတ်လည်း ရှိသေးသည်ကြောင့် သစ်ပင်ခြေရင်းတွင် ဒူးပ်နေစဉ် လူတစ်ယောက်နှင့် ဆုံခဲ့လေ၏။

လင်းမြင့်လှိုင်ကို သူ့စခန်းတဲသို့ ခေါ်သွားပြီး ငှက်ပျောသီးနှင့် ဂျို(ချေ)သားကင်များ ချကျွေးခဲ့သူသည် မုဆိုးဖိုးတောပင် ဖြစ်ချိမ့်မည်။

စာဖတ်ပရိသတ်အား လေးစား
ကြိုးစားလျက်
ကိုပိုက်
၁. ၁. ၂၀၀၅
**7:10 PM**

www.burmeseclassic.com